

www.burmeseclassic.com

# ရာဇဝင်ထို

# ကျွန်တော့်မှာ
# မသိမသာရယ်
# ချစ်ရတဲ့
# ကောင်မလေး
# တစ်ယောက်ရှိတယ်



www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
ဖေသစ်တည်

ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂။
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး
၅၀၀

အုပ်ရေ
၅၀၀

ထုတ်ဝေသည့်လ
မေလ၊ ၂၀၁၄

**ဒို့တာဝန် အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

ရာဇဝင်ကို

ကျွန်တော်မှာ သည်းသည်းလှုပ်ချစ်ရတဲ့
ကောင်မလေး တစ်ယောက်ရှိတယ်
ရာဇဝင်ကို ။ ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၄။
၂၂၂စာ၊ ၁၂.၀၀ X ၁၈.၈ စင်တီ
(၁)ကျွန်တော်မှာ သည်းသည်းလှုပ်ချစ်ရတဲ့
ကောင်မလေး တစ်ယောက်ရှိတယ်

ပြည့်လင်း
ဗီဇင်ထုတ်ဝေသည်....

တံခွန်တိုင် စာပေတိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀၊ ၀၉ ၇၃၀၆၉၈၂၂၊ ၀၉ ၄၂၁၀၁၉၆၇၈

www.burmeseclassic.com

# ကျွန်တော့်မှာ သည်းသည်းလှုပ်ချစ်ရတဲ့
# ကောင်မလေးတစ်ယောက်ရှိတယ်



www.burmeseclassic.com




www.burmeseclassic.com

ဝတ္ထုတစ်အုပ်ပြီးသွားပြန်ပြီဆိုတဲ့ အသိက လူတစ်ကိုယ်လုံးကို ပေါ့ပါးသွားစေတယ်။ စိတ်ထဲမှာ ရက်ပေါင်းများစွာနေရာယူထားတဲ့ အကြောင်းအရာတွေ၊ ခံစားချက်တွေကို ရှင်းထုတ်လွှင့်ပစ်လိုက်နိုင်ပြီမို့ နေလို့ထိုင်လို့ပိုကောင်းသွားသလိုလို။ လောကကြီးကလည်း ဒီနေ့မှ ပိုသာယာနေသလိုလိုပါပဲ။

သူက အညောင်းအညာပြေသွားအောင် ဇက်ကိုဘယ်ညာချိုး၊ လက်တွေကိုလည်း ဆန့်တန်းကာ အပျင်းထုတ်လိုက်ပြီးနောက် လက်က နာရီကိုတစ်ချက်ကြည့်မိတယ်။

မနက်ရှစ်နာရီတောင်ထိုးနေပြီပဲ။ မနေ့ညက တစ်ညလုံး မအိပ်ရသေးတော့ မျက်လုံးတွေက တော်တော့်ကို ကျိန်းစပ်နေပါပြီ။



www.burmeseclassic.com

ဒါပေမယ့် အိပ်လို့မရသေးပါဘူး။ laptop မှာ kespersky 2014 တင်ဖို့ ဒီနေ့ပြောထားတာမို့ laptop ကို ကွန်ပျူတာဆိုင်မှာ သွားပို့ရမယ်။ ပြီးတော့ အဲဒီထက်အရေးကြီးတာက People မဂ္ဂဇင်းက တောင်းထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ဒီနေ့ပေးမယ်ပြောထားတာ ရေးပြီးသွားပြီမို့ သွားပေးရပါမယ်။ နောက် တစ်ခါတည်းလမ်းကြောင်းသင့်နေတုန်းမှာ အခုပြီးသွားတဲ့လုံးချင်းကို စီဒီခွတ်ပြီး ထုတ်ဝေသူဆီမှာ ဝင်ပေးခဲ့လိုက်ဖို့ စိတ်ကူးမိတယ်။

အဲတွေးနဲ့အတူ သူက စီဒီအလွတ်တွေထည့်ထားတဲ့ဘူးကို ထုတ်ယူလိုက်ပေမယ့် ဖြစ်ချင်တော့ ဘူးထဲမှာ စီဒီအလွတ်က မရှိတော့ဘူး။

"ကျွတ်"

သူက စိတ်ပျက်လက်ပျက် ကျွတ်တစ်ချက်သပ်လိုက်မိရင်း စီဒီမရှိတာမို့ memory stick ထဲမှာပဲ ဝတ္ထုကိုကူးထည့်လိုက်ကာ ထုတ်ဝေသူကို memory stick နဲ့ပဲ ပေးဖို့ဆုံးဖြတ်လိုက်တယ်။

နောက်တော့ လန်းသွားအောင်ရေချိုးကာ အဝတ်အစားလဲ၊ အနည်းငယ်ရှိုင်းနင်း၊ ဂိုင်းနင်းလုပ်ပြီးတဲ့အခါကျတော့မှ laptopနဲ့ memory stick ကိုယူကာ ထွက်လာခဲ့လိုက်တယ်။ သူက လေးလွှာမှာ သူငယ်ချင်းတစ်ယောက်နဲ့အတူ တိုက်ခန်းတစ်ခုကို စပ်တူငှားနေ





တာမို့ တစ်နေ့တစ်နေ့ အပြင်ထွက်လေတိုင်း လှေကားထစ်တွေကို အတက်အဆင်းလုပ်ရတာနဲ့တင် မစားသာ။

သူက တက္ကစီတစ်စင်းကိုဖမ်းတားကာ People မဂ္ဂဇင်းတိုက်ကို အရင်သွားပြီး ဝတ္ထုတိုပေးဖို့ ဆုံးဖြတ်လိုက်ကာ တက္ကစီသမားကို လိပ်စာပြောလိုက်တယ်။

မထွက်မဖြစ်မို့ ထွက်လာခဲ့ရပေမယ့် လူကတော်တော်လေးကို အိပ်ချင်နေတာပါ။ ပြီးတော့ မဂ္ဂဇင်းတိုက်ကိုရောက်ဖို့က လည်း အနည်းဆုံးနာရီဝက်လောက်မောင်းရမှာမို့ သူက နောက်ခန်းမှာ အေးအေးဆေးဆေးပဲ အိပ်ငိုက်ကာ လိုက်လာခဲ့လိုက်တယ်။

ရသမျှအချိန်လေးအတွင်းမှာ ထိထိမိမိကို အိပ်ပျော်သွားတာမို့ မဂ္ဂဇင်းတိုက်ရောက်တာတောင် မသိလိုက်။ တက္ကစီသမားက အသံကျယ်ကျယ်နဲ့ အော်နှိုးတော့မှ နိုးလာကာ တက္ကစီဖိုးရှင်းပေးပြီး မဂ္ဂဇင်းတိုက်ထဲဝင်လာခဲ့လိုက်တယ်။ စိတ်ထဲမှာ တစ်ခုခုလိုနေသလို ခံစားရပေမယ့် ဘာမှန်းမသိ။

အိပ်ရေးမဝလို့ စိတ်မကြည်တာပဲဖြစ်မှာပါ။

"ဟော. . . ဆရာ၊ မင်္ဂလာပါ၊ မျှော်နေတာဆရာရေ၊ မဂ္ဂဇင်းက ဖောင်ပိတ်တော့မှာဆိုတော့၊ ဆရာ့ဆီကိုအခုပဲ ဖုန်းဆက်တော့မလို့၊ ဆရာမလာနိုင်ရင် လူလွှတ်ပြီးယူခိုင်းမလို့လေ"



www.burmeseclassic.com

အယ်ဒီတာနဲ့ စကားအနည်းငယ်ပြော၊ ဝတ္ထုတိုပေးပြီး ပြန်ထွက်လာခဲ့လိုက်တယ်။

ဝတ္ထုတိုပေးပြီးပြီဆိုတော့ ဒီတစ်ခါသွားရမှာက ကွန်ပျူတာ ဆိုင်ကို။ ကွန်ပျူတာ. . . ဆိုမှ။

ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားတယ်။ လက်ထဲမှာ ကွန်ပျူတာအိတ်မှ ရှိမနေတော့တာ။ မဂ္ဂဇင်းတိုက်ထဲမှာများ ကျန်ခဲ့တာလားလို့ တွေးလိုက်မိပေမယ့် မဟုတ်တာကို သိလိုက်တယ်။ မဂ္ဂဇင်းတိုက်ထဲကို ဝင်သွားကတည်းက လက်ထဲမှာ ကွန်ပျူတာအိတ်က ပါမသွားတော့တာ။ ဟုတ်တယ်။ အဲဒါကြောင့် စိတ်ထဲမှာ တစ်ခုခုလိုပါတယ်လို့ ထင့်နေမိတာ။ ဒါဆိုရင် ကွန်ပျူတာအိတ်က တက္ကစီပေါ်ပါသွားတာပေါ့။ အိပ်မှုန်စုံမွှားနဲ့ ကွန်ပျူတာအိတ်ကို မယူခဲ့ဘဲ တက္ကစီပေါ်က ဆင်းလာခဲ့လိုက်မိတာ။

ဟား. . . သွားပါပြီကွာ။

ဒီအချိန်မှ စောစောက တက္ကစီကို ဘယ်မှာများလိုက်ရှာရပါမည်လဲ။ တက္ကစီနံပါတ်ကိုလည်း မမှတ်မိ။ မမှတ်မိဆို ကြည့်ကို မကြည့်လိုက်မိတာပါ။

"ဟင်း. . . "





အခုမှတော့ ဘာမှ မတတ်နိုင်တော့ချေ။ တက္ကစီဒရိုင်ဘာစိတ်ကောင်းဝင်ပြီး ကိုယ့်ကိုအကြောင်းကြားပါစေလို့ပဲ ဆုတောင်းရတော့မှာပါပဲ။ ဟမ်. . . မဟုတ်သေးပါဘူး။ အဲဒီထဲမှာ ကိုယ့်ကိုအကြောင်းကြားလို့ရမယ့် လိပ်စာတို့၊ ဖုန်းနံပါတ်တို့မှ ပါမသွားတာ။

ဒီတော့ မျှော်လင့်ချက်က တစ်ခုသာရှိတော့တယ်။ အဲဒါက တက္ကစီသမားဟာလည်း စိတ်ကောင်းရှိ၊ ပြီးတော့ ကိုယ့်ကွန်ပျူတာကိုလည်း ဖွင့်ကြည့်၊ ကိုယ့်ကွန်ပျူတာထဲက အချက်အလက်တွေကိုလည်းကြည့်မိပြီး ကိုယ်ဟာ စာရေးဆရာ သမိုင်းကိုကို ဆိုတာကိုလည်း တွေးမိ၊ ပြီးတော့ ကိုယ့်စာအုပ်တစ်အုပ်လောက်ကိုငှားပြီး အဲဒီထဲက စာအုပ်တိုက်လိပ်စာကနေတဆင့် ကိုယ့်ဆီကိုဆက်သွယ်လာမယ့်အချိန်ကိုသာ စောင့်ရပါတော့မယ်။

ဒါကိုတွေးလိုက်မိတော့ ကိုယ့်လက်ထဲကို ကိုယ့်ကွန်ပျူတာလေး ပြန်ရောက်လာဖို့က အကြောင်းတရားပေါင်းများစွာ တိုက်ဆိုင်ပါမှသာ၊ ကိုယ်ဟာလည်းပဲ တော်တော်ကြီးကို ကံကောင်းနေပါမှသာ ဖြစ်လာနိုင်မယ့် အခြေအနေ။ ကွန်ပျူတာကို မနှမြောဘူးတော့ မဟုတ်။ အဲဒီထက်ပိုနှမြောတာက ကွန်ပျူတာထဲမှာပါတဲ့ အချက်အလက်တွေပါ။ ကိုယ်ရေးထားတဲ့ လုံးချင်းစာအုပ်တွေ၊ ဝတ္ထု



www.burmeseclassic.com

တိုတွေ၊ ကဗျာတွေ. . . ပြီးတော့ ကိုယ်ကြိုက်လို့ အင်တာနက်ကနေ ဒေါင်းလုတ် ဆွဲယူသိမ်းထားတဲ့ အခြားသော စာအုပ်ပေါင်းများစွာ။

စိတ်က အတော့်ကိုပဲ ညစ်သွားတယ်။ ပြီးတော့ ဒီနေ့အတွက် ဘာမှမဖြည့်တင်းရသေးတဲ့ ဗိုက်က တဂွီဂွီအော်ကာ ဆန္ဒပြလာတာနဲ့ အနီးနားမှာရှိတဲ့ ဆိုင်တစ်ခုကို ဝင်လိုက်တယ်။

ဂင်ချီထမင်းပေါင်းတစ်ပွဲနဲ့ ကော်ဖီတစ်ခွက်မှာကာ ထိုင်နေလိုက်တယ်။ ကွန်ပျူတာပျောက်မှ ချွေးပျံချင်သလိုလိုဖြစ်ကာ အိပ်ချင်စိတ်တွေလည်း ဘယ်ရောက်လို့ရောက်မှန်းမသိတော့ချေ။

ဘောင်းဘီအိတ်ကပ်ထဲမှာ ထည့်ထားတဲ့ memory stick ကို ပါသေးရဲ့လားထုတ်ကြည့်ရသေးကာ ပါသေးတာသေချာသွားတော့မှ စိတ်နည်းနည်းအေးသွားရတယ်။ တော်ပါသေးရဲ့။ အခုရေးလို့ပြီးသွားတဲ့ လုံးချင်းကို memory stick ထဲ ထည့်လာခဲ့မိပေလို့သာပဲ။ နို့မိုသာဆို အကြီးကြီးကွိုင်တက်မှာ။ အစအဆုံးပြန်ရေးရတော့မှာ။ ဇာတ်လမ်းဇာတ်ကွက်တွေ အကုန်လုံးက ကိုယ့်ခေါင်းထဲမှာ ရှိနေသေးတယ်ဆိုပေမယ့် နောက်တစ်ခါပြန်ရေးလို့ ထွက်လာမယ့် လက်ရာဟာ အရင်လက်ရာကိုတော့ ဘယ်လိုနည်းနဲ့မှ မမီနိုင်။ ကံသီပေလို့. . . ကံသီပေလို့။ ဒီအချိန်မှာပဲ စားပွဲထိုးလေးက မှာထားတာတွေ လာချပေးသွားတယ်။





အဲဒီလိုနဲ့ ထမင်းပေါင်းလေးစားလိုက်၊ ကော်ဖီလေးသောက်လိုက်နဲ့လုပ်နေရင်း ထမင်းပေါင်းသုံးချိုးနှစ်ချိုးလောက်ကျသွားအပြီး ကော်ဖီခွက်ကို နောက်တစ်ခါကောက်အမော့မှာတော့ ဘယ်ကဘယ်လိုရောက်လာမှန်းမသိတဲ့ တုတ်တစ်ချောင်းက ပါးစပ်နားက ကော်ဖီခွက်ကို ထိုးချလာတော့တယ်။

"အား. . ."

ကော်ဖီခွက်က ပေါင်ပေါ်ကိုပြုတ်ကျကာ ပေါင်ပေါ်ကနေမှ ကြမ်းပြင်ပေါ်ကိုပြုတ်ကျသွားတယ်။

"ဘယ်လိုလုပ်. . ."

နဂိုမကြည်တဲ့စိတ်နဲ့ ဒေါသက ထောင်းခနဲထွက်သွားကာ တရားခံကို မော့ကြည့်ရန်အတွေ့မှာတော့ စကားလုံးတွေက တစ်ဝက်တစ်ပျက်မှာတင် ရပ်တန့်သွားရတယ်။

တွေ့လိုက်ရတာက မျက်မှန်အမည်းကြီးတပ်ထားပြီး လက်ထဲမှာ တောင်ဝှေးတစ်ချောင်းကိုကိုင်ထားတဲ့ ကောင်မလေးတစ်ယောက်။ အသက်က ကိုယ်နဲ့မတိမ်းမယိမ်းလောက်ပေမယ့် မျက်မမြင်တစ်ယောက်နဲ့တူပါရဲ့။ မမြင်မကန်းနဲ့ ဆိုင်ထဲလျှောက်ဝင်လာပြီး တောင်ဝှေးနဲ့ ဟိုစမ်းဒီစမ်းလျှောက်ရင်း ဒင်းတောင်ဝှေးက ကိုယ့်ပါးစပ်နားက ကော်ဖီခွက်ကို လာထိုးချမိသွားတာလားမသိ။



www.burmeseclassic.com

"ဟို. . . ဟို. . . ဆော. . . ဆောရီးပါရှင်၊ ကျွန်မ. . .
ကျွန်မ မမြင်လို့ပါ"

သူမက ကိုယ့်အသံကိုကြားပြီး တစ်စုံတစ်ယောက်တော့ သူမကြောင့် ထိခိုက်မိသွားပြီဆိုတာကို တွေးမိပုံပါပဲ။ ပျာပျာသလဲနဲ့ တောင်းပန်တယ်။ ဒါပေမယ့် အဲဒီလိုတောင်းပန်မှုပဲ ပိုဆိုးတော့တာပါ။ သူမက ကိုယ့်ကိုလည်းမြင်ရတာမဟုတ်တော့ ပျာပျာသလဲ တောင်းပန်တဲ့အခါ သူမလက်တွေကလည်း ဟိုဟိုဒီဒီဝှေ့ယမ်းသွားတာဆိုတော့ သူမလက်ထဲမှာ ကိုင်ထားတဲ့ တောင်ဝှေးက ကိုယ့်နဖူးကိုဒေါင်ခနဲနေအောင် မိတ်ဆက်သွားပြန်တယ်။

"အား. . ."

သူ့ရဲ့ နောက်တစ်ခါ အားအော်သံအဆုံးမှာတော့ သူမက လက်ထဲက တောင်ဝှေးကို လွှတ်ချလိုက်ကာ နေရာမှာတင် ဆောင့်ကြောင့်ထိုင်ချလိုက်ကာ. . .

"အာ. . . ဘယ်. . . ဘယ်ကိုထိသွားပြန်ပြီလဲမသိဘူး၊ တောင်းပန်ပါတယ်ရှင်၊ တကယ်တောင်းပန်ပါတယ်၊ ကျွန်မ တကယ်မမြင်လို့ပါ၊ တောင်းပန်ပါတယ်ရှင်၊ ကျွန်မရှိခိုးပါရဲ့ရှင်. . . ကျွန်မ"

"ဟာ. . . ဟေ့ဟေ့. . . ဟေ့"





သူမက ပြောလည်းပြော၊ လက်အုပ်တွေကိုလည်း ချီလိုက်ကာ ကိုယ်ရှိရာဘက်ကိုမှန်းပြီး ဒူးတုပ်ရှိခိုးလိုက်တာမို့ သူက ထိုင်ရာကထကာ သူမရှေ့မှာ ဆောင်ကြောင့်ထိုင်ချလိုက်ရင်း လက်တကာကာ ခြေတကာကာနဲ့. . .

"မ. . . မလိုဘူး၊ မလိုဘူး၊ ရတယ်၊ ရတယ်၊ ကိုယ်ဘာမှမဖြစ်ဘူး၊ ရတယ်၊ ဘာမှမဖြစ်ဘူး"

"ကျွန်မ တမင်လုပ်တာမဟုတ်ပါဘူးရှင်၊ ကျွန်မ"

"သိတယ်၊ သိတယ်၊ ကိုယ်သိတယ်၊ မမြင်လို့ဆိုတာ ကိုယ်သိတယ်၊ ထ. . . ထတော့နော်"

"ဟုတ်. . . ဟုတ်ကဲ့၊ တ. . . တကယ် ဘာမှမဖြစ်ပါဘူးနော်"

"တကယ်. . တကယ် ဘာမှမဖြစ်ဘူး"

ကိုယ့်မှာ ကိုယ့်နဖူးနာတာကိုတောင် မနှိပ်အားသေးဘူး။ သူမကို ဆွဲထူပေးရတယ်။ ပြီးနောက် သူမတောင်ဝှေးကိုကောက်ကာ သူမလက်ထဲပြန်ထည့်ပေးရင်. . .

"မင်းက အဖော်မပါဘူးလား၊ မျက်စိမမြင်ဘဲနဲ့ ဘယ်လိုလုပ်ပြီး ဒီဆိုင်ထဲကိုရောက်လာတာလဲ"



www.burmeseclassic.com

"ဟို. . . ကျွန်မ. . . ကျွန်မမှာ အဖော်ပါပါတယ်၊ ကျွန်မ သူငယ်ချင်းတစ်ယောက်နဲ့လာတာ၊ သူက ဒီဆိုင်ထဲမှာ ကျွန်မကို ခဏနေခဲ့ဦးဆိုပြီးတော့ ထားခဲ့တာ၊ အခုထိပြန် မလာသေးဘူး၊ ကျွန်မစောင့်နေတာကြာပြီ၊ အဲဒါမလာနိုင် တာနဲ့ ကိုယ့်ဘာသာပဲ တက္ကစီငှားပြီးတော့ ပြန်တော့မလို့ ထလာလိုက်တာ၊ အဲဒီမှာတင်ပဲ ရှင်နဲ့. . ."

သူမစကားက ဆက်ထွက်မလာတော့။ ဒါပေမယ့် သူက အကြောင်းစုံကို သိသွားပါပြီ။

"အိုခေ. . . အိုခေ၊ ကိုယ်သဘောပေါက်ပြီ၊ မင်းသူငယ် ချင်းက ဘယ်သွားတာလဲ၊ ကိုယ်မင်းကို ဘယ်လိုကူညီပေး ရမလဲ"

"သူက ဒီနားခဏဆိုပြီး ထွက်သွားတာ၊ ဘယ်ကိုသွားမှန်း လည်း ကျွန်မမသိဘူး"

"ဒါဆို မင်းတစ်ယောက်တည်းပြန်လို့ ဘယ်လိုလုပ်ဖြစ်မှာ လဲ၊ မင်းသူငယ်ချင်းပြန်လာအောင် စောင့်မှဖြစ်မှာပေါ့"

"ဟင့်အင်း. . . ကျွန်မ မစောင့်ချင်တော့ဘူး၊ ကျွန်မ အိမ် ပဲပြန်ချင်တယ်"

"ဖြစ်ပါ့မလား၊ မင်းက"





"ဖြစ်. . . ဖြစ်ပါတယ်၊ ဟို. . . အပန်းမကြီးရင်တော့ ကျွန် မကို အပြင်မှာ တက္ကစီတစ်စီးလောက်လိုက်ငှားပေးပါ လားဟင်၊ အဲဒါဆိုရင် ကျွန်မဘာသာပြန်တတ်ပါတယ်"

"ဖြစ်ပါ့မလား၊ မင်းတစ်ယောက်တည်း"

"ရပါတယ်၊ ကျွန်မ ဒီလိုပဲ တစ်နေရာရာကိုသွားချင်ရင် သွားနေကျပါ"

"အိုခေလေ၊ ဒါဆိုလည်း ကိုယ်တက္ကစီလိုက်ငှားပေးပါ့မယ်၊ ဟုတ်ပြီလား၊ ဒါပေမယ့် ခဏလေးစောင့်ပေးနော်၊ ကိုယ် သန့်စင်ခန်းခဏသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

သူမကို ခဏထားခဲ့ကာ သန့်စင်ခန်းဆီကို ထွက်လာခဲ့ လိုက်တယ်။ ဘောင်းဘီမှာက ကော်ဖီတွေ ဖိတ်ကျထားတာ အညို ကွက်ကြီးဖြစ်နေတာလေ။ တော်ပါသေးရဲ့။ ကော်ဖီက အေးစပြုနေ ပြီမို့လို့။ လာချပေးကာစ အပူတလောင်ကြီးသာဆို မတွေးရဲစရာ။

တစ်ရှူးကိုရေဆွတ်ပြီး ဘောင်းဘီက ကော်ဖီတွေကို သန့် ရှင်းရေးလုပ်ရတယ်။ ကော်ဖီရောင်ညိုညစ်ညစ်က ပြောင်သွားသ ယောင်ရှိပေမယ့်လို့ အဖြူရောင်ဘောင်းဘီပေါ်မှာ ရေကွက်ကြီးက တော့ ကျန်နေတာပါပဲ။ မတတ်နိုင်။ ဖြစ်သမျှအကြောင်း အကောင်း ချည်းသာမှတ်ရမှာပါပဲ။



www.burmeseclassic.com

နောက်တော့ သူမကို တက္ကစီတစ်စီးလိုက်ငှားပေးရတယ်။ မိန်းကလေးတစ်ယောက်တည်းစီးရမှာဆိုတော့ စိတ်ချရမယ့် အသက်ကြီးကြီး ဥပဓိရုပ်တည်တည်ငြိမ်ငြိမ်ရှိတဲ့လူမျိုးမောင်းတဲ့ ကက္ကစီကို ရှာငှားပေးလိုက်တယ်။

"ကျေး. . . ကျေးဇူးတင်ပါတယ်ရှင့်၊ သွားတော့မယ်နော်"

သူမပါသွားတဲ့ တက္ကစီ ကိုယ်နဲ့ဝေးသွားတော့မှ သူလည်းနေရာကရွှေ့ဖြစ်ကာ ထုတ်ဝေသူဆီသွားဖို့ လုပ်ရတယ်။ ထုတ်ဝေသူနေတဲ့နေရာနဲ့က နည်းနည်းလှမ်းသေးတယ်ဆိုပေမယ့်လို့ ကားလည်းမစီးချင်တော့တာနဲ့ လမ်းပဲလျှောက်လာခဲ့လိုက်တော့တယ်။

အဲဒီလိုလျှောက်လာရင်းနဲ့ ငါးမိနစ်လောက်လျှောက်အပြီးမှာတော့ ဘောင်းဘီအိတ်ကပ်ထဲက memory stick ကိုပြန်စမ်းကြည့်မိတယ်။ ဒါပေမယ့် ဘောင်းဘီအိတ်ကပ်ထဲမှာက ဘာမှရှိမနေ။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရပြန်တယ်။ ဒါနဲ့ရှိသမျှ အိတ်ကပ်အကုန်လိုက်စမ်းတယ်။ ဒါပေမယ့် ဘယ်အိတ်ကပ်ထဲမှာမှ ရှိမနေ။ လမ်းမှာများကျသလား။ ဒါမှမဟုတ် ဆိုင်ထဲမှာ ရုတ်ရုတ်နဲ့ပဲကျနေခဲ့သလား။ မသေချာ။

မဖြစ်ဘူး။ ဒါတော့ ထပ်ပျောက်လို့မဖြစ်ဘူး။





အတွေးနဲ့အတူ လာရာလမ်းအတိုင်း လျှောက်ပြန်လာခဲ့လိုက်ကာ လမ်းမှာရှာမိတယ်။ ဒါပေမယ့် မတွေ့။ ဒီလိုနဲ့ စောစောကဆိုင်ထဲကို ပြန်ဝင်ကာ ထိုင်ခဲ့တဲ့ခုံပေါ်နဲ့ ခုံနားတဝိုက် အောက်တွေကိုရှာတယ်။ မတွေ့။ သန့်စင်ခန်းထဲမှာလည်း မကျ။ စားပွဲထိုးလေးတွေကို မေးမိတော့လည်း တစ်ယောက်မှ မသိကြဘူး။ သူထွက်ကျနေခဲ့တာကို တစ်ယောက်ယောက်တွေ့သွားလေပြီလော။

သွားပြီ။ memory stick ကလည်း ပျောက်ချင်းမလှ ပျောက်သွားပြန်ပါပြီ။

သူက "အား. . . "ခနဲ စိတ်ရှိလက်ရှိ အော်ပစ်လိုက်ချင်စိတ်ကို မနည်းကိုပဲ ထိန်းချုပ်ထားလိုက်ရတယ်။ ဒီနေ့ တွတ်ပီကံမကောင်းပါလား။


www.burmeseclassic.com





"ဟား. . . ဒါဆိုရင် မင်း ဒီနေ့ အမြတ်ထွက်လာတာပေါ့၊ ဟုတ်လား"

ဖြစ်ကြောင်းရယ်တဲ့ ကုန်စင်ကို နတ်သံနှောကာ ပြောပြအပြီးမှာတော့ နေသွေးက အထက်ပါမှတ်ချက်ကို ပေးရှာတယ်။ သူကတော့ မချိပြုံးပြုံးကာ ခေါင်းညိတ်ပြရုံမှတပါး အခြားမရှိ။

"ဒါဆို မင်း. . . စာအုပ်က အစအဆုံး ပြန်ရေးရတော့မှာပေါ့၊ စာအုပ်ထုတ်ဝေဖို့က မီပါ့မလား"

"မီပါတယ်၊ ထုတ်ဝေသူဆီမှာ ငါကြိုပေးထားတဲ့ သုံးအုပ်ရှိသေးတာပဲလေ၊ ဒါပေမယ့် ရေးပြီးသားဇာတ်ကို ပြန်ရေးရမှာကြီးက လုံးဝကို ဖီးလ်မလာဘူးကွာ၊ ရေလည်ဖီးလ်ကျဲတယ်"



www.burmeseclassic.com

"ပြီးတော့ laptop ကလည်း တက္ကစီပေါ်ပါသွားတာဆိုတော့ ဘယ်လိုလုပ်မှာလဲ"

"ဒီနေ့ အသစ်တစ်လုံးဝယ်ပြီးတော့ ဆိုင်မှာ လိုအပ်တဲ့ဆော့ဖ်ဝဲတွေထည့်ဖို့ အပ်ခဲ့လိုက်ပြီလေ၊ ငါလည်း laptop ကိုက အသစ်လဲဖို့အစီအစဉ် အစကတည်းက ရှိပြီးသားပါ၊ နှစ်ရှည်လများ ကိုယ်နဲ့ အကျွမ်းဝင်ပြီးသားပစ္စည်းလေးမို့ လို့သာ သံယောဇဉ်မပြတ်နိုင်ဘဲ ဆက်သုံးနေတာ၊ laptop ကို သိပ်မနှမြောဘူး၊ ငါနှမြောတာက အဲဒီအထဲက ဒေတာတွေ"

"ကံကောင်းရင်တော့ ပြန်ရမှာပေါ့ကွာ"

"အင်း. . . ညရော မနက်ပါ မှန်မှန်လေး ဘုရားရှိခိုးရမယ်ထင်တယ်"

စိတ်ညစ်ရတဲ့ကြားက နှစ်ယောက်သား ရယ်ဖြစ်ကြတယ်။ memory stick ကတော့ သွားရှာပြီထင်ပါရဲ့။ laptop ကတော့မျှော်လင့်နိုင်သေးတယ် ဆိုသော်ငြားလည်း အခုထိဘာမှ မထူးခြားလာသေးပုံထောက်ပါက ကိုယ့်မျှော်လင့်ချက်တွေက ဝေဝေဝါးဝါးရယ်သာ။

"ဒါနဲ့ မင်းတွေ့ခဲ့တဲ့ မျက်မမြင်ကောင်မလေးက တော်တော်ချောလား၊ ဟမ်. . . သားကြီး"





"အင်း. . . မဆိုးရှာပါဘူး၊ သူလည်း သနားပါတယ်"

"မင်း memory stick ကို သူတွေ့သွားတာရော မဖြစ်နိုင်ဘူးလား"

"မင်းကလည်း ဟာသတွေလာပြောနေပြန်ပြီ၊ မျက်စိမမြင်ပါဘူးဆိုမှ ဘယ်လိုလုပ်တွေ့မှာလဲ၊ စဉ်းစဉ်းစားစားလည်းပြောစမ်းပါ"

"အဟီး. . . မသိဘူးလေကွာ၊ ငါလည်း တွေးမိတွေးရာကိုလျှောက်တွေးကြည့်တာပေါ့"

သူက စိတ်လေတယ်ဆိုတဲ့အထာနဲ့ ခေါင်းတရမ်းရမ်းလုပ်ရင်းက အိပ်ရာထဲမှထကာ စာရေးစားပွဲဆီလျှောက်သွားလိုက်ပြီး အခုလထွက်မယ့် လုံးချင်းစာမူကြမ်းကို proof ဖတ်ဖို့ ကောက်ယူလိုက်တယ်။

ပြီးနောက် မှင်နီတစ်ချောင်းကိုပါယူလာခဲ့လိုက်ကာ အိပ်ရာပေါ်ပြန်တက်လာလိုက်ပြီး ခေါင်းရင်းကနံရံကို ခေါင်းအုံးခုမှီလိုက်ရင်းက. . .

"မင်းရော အလုပ်ထဲမှာ အဆင်ပြေရဲ့လား"

"ပြေပါတယ်ကွာ၊ ဒီလိုပါပဲ၊ နာမည်လေးလည်း နည်းနည်းထွက်လာပြီဆိုတော့ မဆိုးပါဘူး"


www.burmeseclassic.com

နေသွေးက ဓာတ်ပုံဆရာပါ။ နေသွေးရဲ့ရည်မှန်းချက်က အနုပညာလောကမှာဝင်ဆံ့တဲ့ ဓာတ်ပုံဆရာတစ်ယောက် ဖြစ်ချင်တာဖြစ်ပြီး ကြိုးစားဆဲဆိုပေမယ့် နာမည်လေးနည်းနည်း ရနေပြီဖြစ်သလို စတီဒီယိုအသေးစားလေးတစ်ခုဖွင့်ထားကာ မဂ္ဂဇင်းတွေဘာတွေမှာတောင် ရိုက်ပေးနေရပါပြီ။ သူတို့နှစ်ယောက်က ငယ်ငယ်တည်းက ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်ပြီး ရည်မှန်းချက်တည်ရှိရာ ရန်ကုန်ကိုချီတက်လာတော့လည်း နှစ်ယောက်သားက တက်ညီလက်ညီပါပဲ။



# ဒဿနလက်ဆောင် (၂)

စိတ်ဓာတ်ကို...

ကောင်းကင်ပေါ်

တင်ထားသူတွေအတွက်

အိပ်မက်ဆိုတာ...

လှမ်းကိုင်ဖို့ နီးနီးလေး။

☆☆☆☆☆



www.burmeseclassic.com

စာရေးနေတာထဲမှာ ဈာန်ဝင်စားနေတုန်းမှာပဲ ဖုန်းက မြည်လာတာကြောင့် ကောက်ယူကြည့်လိုက်မိပေမယ့် ဖုန်းနံပါတ်က သူ တစ်ခါမှမမြင်ဖူးတဲ့ ဖုန်းနံပါတ်ဖြစ်နေတာကြောင့် မကိုင်ဘဲ အသာပြန်ချထားလိုက်ကာ စာကိုဆက်ရေးနေလိုက်တယ်။ ဒါပေမယ့် ဖုန်းက တစ်ခါတည်းနဲ့ ရပ်မသွား။ နောက်တစ်ခါ ထပ်မြည်လာပြန်တယ်။ ကြည့်လိုက်မိပြန်တော့ စောစောကဖုန်းနံပါတ်ပါပဲ။

ဒီတစ်ခါတော့ အလုပ်ကိစ္စများလားဆိုတဲ့အတွေးနဲ့ ကောက်ကိုင်လိုက်မိတယ်။



www.burmeseclassic.com

"ဟယ်လို. . . "

"ဟယ်လို. . . အခုပြောနေတာ စာရေးဆရာ သမိုင်းကိုကို လားမသိဘူး"

တစ်ဖက်က ထွက်လာတာက မိန်းကလေးအသံပါ။ ကိုယ့်ဖုန်းဟုတ်မဟုတ်ဆိုတာကို သေချာအောင်မေးနေကတည်းက အခုဖုန်းဆက်သူဟာ ကိုယ်နဲ့တစ်ခါမှ ဖုန်းမပြောဖူးသေးတဲ့ သူတစ်ယောက်ဆိုတာကို တန်းပြီးသဘောပေါက်လိုက်မိတယ်။

"ဟုတ်ကဲ့. . . ကျွန်တော် သမိုင်းကိုကိုပါ၊ ဘာကိစ္စရှိလို့လဲ မသိဘူး"

"ဟုတ်ကဲ့. . . ဟိုဟာလေ၊ စာရေးဆရာ memory stick တစ်ခုများ ကျပျောက်သလားမသိဘူးနော်၊ ကျွန်မဆီမှာ memory stick တစ်ခုကောက်ရထားလို့ပါ၊ အထဲမှာက ဆရာ့နာမည်နဲ့ လုံးချင်းဝတ္ထုတစ်အုပ်ပါနေလို့လေ၊ ပြီးတော့ အဲဒီလုံးချင်းစာအုပ်နာမည်က မထွက်ရသေးတဲ့ နာမည်တစ်ခုဖြစ်နေလို့ပါ၊ ကျွန်မက ဆရာ့ပရိသတ်ဆိုတော့ ဆရာ့ရဲ့ထွက်ပြီးသမျှ ဝတ္ထုနာမည်တွေ အကုန်သိပါတယ်"

ဝမ်းသာစိတ်ကြောင့် လှိုက်ခနဲဖြစ်သွားကာ ထခုန်မိမတတ်တောင် ဖြစ်သွားတယ်။





"ဟား. . . ဟုတ်တယ်၊ ဟုတ်တယ်ဗျာ၊ အဲဒါ ကျွန်တော်ရဲ့ memory stick ပါ၊ ကျွန်တော်တစ်နေ့က ထွက်ကျနေခဲ့တာ၊ ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော်က ပြန်မရတော့ဘူးထင်နေတာ"

"ဟုတ်ကဲ့၊ ကျွန်မကောက်ရထားပါတယ်၊ အဲဒါ ဘယ်လိုများ ပြန်ပေးရမလဲမသိဘူးရှင့်"

"ဟို. . . ညီမက အခု ဘယ်နားမှာလဲ မသိဘူး၊ ကျွန်တော်လာယူလှည့်မယ်လေ"

ကိုယ့်ထက် ငယ်သလား၊ ကြီးသလားတော့ မသိပါဘူး။ အသံကိုမှန်းပြီးတော့ပဲ ငယ်မယ်ထင်တာနဲ့ ညီမလို့ သုံးပစ်လိုက်မိတယ်။

"ဟို. . . လောလောဆယ်တော့ အဆင်မပြေသေးဘူးရှင့်၊ ဒီလိုလုပ်ပါလား၊ မနက်ဖြန်ကျရင် တစ်ဆိုင်ဆိုင်မှာဆုံမယ်လေ၊ ဖြစ်ရဲ့လားမသိဘူး"

"အော. . . ဟုတ်ကဲ့၊ ရပါတယ်၊ ဒါဆို ကျွန်တော်တို့ ဘယ်မှာများ ဆုံမလဲမသိဘူး"

"အင်း. . . ကျွန်မစဉ်းစားလိုက်ဦးမယ်၊ ပြီးမှ မက်ဆေ့လှမ်းပို့လိုက်မယ်လေ၊ အခုဖုန်းကိုပဲ လှမ်းပို့ပေးရင် အဆင်ပြေတယ်မလား"



www.burmeseclassic.com

"ဟုတ်. . . ရပါတယ်၊ အခုလို တကူးတကဖုန်းဆက်ပြီး တော့ ပြန်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ တကယ်ပါ၊ ဒါနဲ့ ကျွန်တော့်ဖုန်းနံပါတ်ကို ဘယ်ကရလဲမသိဘူးနော်"

"ဩော်. . . စာရေးဆရာကြီးကလည်း ကျွန်မက ရှင့်ပရိုသတ်ပါဆိုနေ၊ ရှင့်စာအုပ်ထဲမှာ စာအုပ်တိုက်လိပ်စာပါတယ်လေ၊ အဲဒီကိုလှမ်းမေးလိုက်တာပေါ့၊ ဘာခက်တာမှတ်လို့"

"အော. . . ဟုတ်ကဲ့၊ ဒါဆို ကျွန်တော် မက်ဆေ့စောင့်နေမယ်နော်"

တစ်ဖက်က "ဟုတ်ကဲ့ရှင့်" ဆိုပြီး ဖုန်းချသွားတယ်။ စိတ်ထဲမှာ အတော့်ကိုပဲ မြူးသွားရတယ်။ မျှော်လင့်ချက်မရှိတော့ဘူးအထင်နဲ့ ကိုယ်က အဲဒီဇာတ်လမ်းကို အခုပဲပြန်ရေးဖို့ အစပျိုးနေမိတာပါ။ အခုတော့ သူမဆီက မက်ဆေ့လေးတစ်စောင်ကို စောင့်နေရုံပဲကျန်တော့တယ်။

သူမ ဘယ်ကိုပဲ ချိန်းချိန်းပါ။ အဓိကက ကိုယ့်ရဲ့ memory stick လေးပြန်ရဖို့ပဲ မဟုတ်လား။ အဲဒီအတွက် သူမက ငရဲပြည်ကို ချိန်းရင်တောင် ကိုယ်ကတော့ ရောက်အောင်သွားယူမှာပါပဲ။



သူက ချိန်းထားတဲ့ဆိုင်မှာ ဆယ့်ငါးမိနစ်လောက်ကြိုရောက်နေတာပါ။ ဒါပေမယ့် ချိန်းထားတဲ့အချိန်ထက် ဆယ့်ငါးမိနစ်လောက်လွန်သွားတဲ့အထိ သူမက ရောက်မလာသေး။ ဒါနဲ့ သူက ဖုန်းထဲမှာထည့်ထားတဲ့ စာအုပ်တွေထဲက ဖတ်လက်စဖြစ်တဲ့ ဦးကျော်သူရဲ့ "ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်" ဆိုတဲ့ စာအုပ်ကို ဖွင့်ဖတ်နေလိုက်တယ်။ ထပြန်သွားလို့ကလည်း မဟုတ်သေးဘူးမဟုတ်လား။ သူမဆီက အဲဒီ memory stick ကိုသာမရရင် တစ်လကျော်ကျော်လောက် ကြိုးစားပမ်းစားရေးထားရတဲ့ လုံးချင်းတစ်အုပ်က အလကားဖြစ်သွားရတော့မှာ။ ဒီတော့ သည်းခံပြီး စောင့်ရန်သာ ရှိတော့တာပေါ့။



www.burmeseclassic.com

ဒီလိုနဲ့ စောင့်နေရင်းကနေ ချိန်းထားတဲ့အချိန်ထက် နာရီဝက်တိတိ ကျော်လွန်သွားတဲ့အခါမှ သူ့ရှေ့ကခုံမှာ ကောင်မလေး တစ်ယောက်က ခွင့်မတောင်းဘဲ ဝင်လာထိုင်တယ်။ သူက စာဖတ်နေရာကနေ ဝင်လာထိုင်သူကို ကြည့်လိုက်မိတဲ့အခါမှာတော့. . .

"ဟင်! မင်း. . . မင်း. . . ဟိုနေ့က မျက်မမြင်၊ ဟုတ်တယ် မလား"

လို့ ဆိုလိုက်တော့ သူမက မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဖြစ်သွားရင်းက. . .

"ရှင်!. . . ဘာတွေပြောနေတာလဲ၊ ဘေဘီက မျက်စိမြင်ပါတယ်၊ ဖွဟဲ့. . . လွဲပါစေ၊ ချော်ပါစေ"

"မဟုတ်သေးပါဘူး၊ မင်းမှမင်းပါကွာ၊ အဲဒီနေ့က မျက်မှန်အမည်းကြီးတပ်ထားတယ်ဆိုပေမယ့် မင်းကိုငါ ကောင်းကောင်းမှတ်မိပါတယ်၊ မင်းမှမင်းအစစ်"

"မဟုတ်ပါဘူးဆို၊ ရှင်လူမှားနေတာ၊ ကျွန်မက ဘာကိစ္စမျက်မမြင်ဖြစ်ရမှာလဲ၊ မျက်စိကောင်းလိုက်တာမှ ဖြုတ်နှစ်ကောင်အနမ်းပေးနေတာတောင်မှ မြင်တယ်"

သူမစကားအဆန်းကြောင့် စာရေးဆရာဖြစ်တဲ့ သူတောင်ကြောင်သွားရတယ်။ ဒါပေမယ့် ဒီမျက်နှာကြီးကို မမှတ်မိလောက်





အောင်တော့ သူ့ဦးနှောက်က မစုတ်ချာသေးပါ။ ဒီအခွက်ကို သူကောင်းကောင်းမှတ်မိတာပေါ့။ ဒီတော့ သူက သူမကို အကြောင်ပြန်ရိုက်ဖို့ ဆုံးဖြတ်လိုက်ရင်း. . .

"မဟုတ်သေးပါဘူး၊ မင်းမှမင်းပါကွာ"

"ဩော်. . . ခက်ပြီ၊ မဟုတ်ပါဘူးဆို၊ ဘယ်လိုဖြစ်နေတာလဲ၊ ရှင်ပြောတဲ့တစ်ယောက်က ကျွန်မနဲ့ တော်တော်တူနေလို့လား၊ ကျွန်မကတော့ ရှင်နဲ့ဆုံဖူးတာ ဒါပထမဆုံးပဲ"

"အဲဒီနေ့က မင်းယောကျ်ားနဲ့တောင် ငါ့ကိုမိတ်ဆက်ပေးသေးတယ်လေကွာ" .

"ဘာရှင့်! ရှပ်မိုက်ရိုင်းလှချည်လား၊ ကျွန်မက အပျိုစစ်စစ်ကို ရေတောင်မရောဘူး၊ ပြီးတော့ အဲဒီနေ့က ကျွန်မတစ်ယောက်တည်းလာတာပါ၊ ဘယ်သူမှမပါ. . . အဲ"

သူမက စိတ်ဆိုးမာန်ဆိုးပြောနေရင်းကနေမှ တစ်ခုခုကို စဉ်းစားမိသွားဟန်နဲ့ အဲခနဲဖြစ်သွားတယ်။ သူမဖြစ်ပျက်သွားပုံကို ကြည့်ကာ သူက သဘောတကျပြုံးလိုက်ရင်း. . .

"ဟားဟား. . . မင်းအညာမိသွားပြီ၊ ဝန်ခံလိုက်တော့"

ဆိုတော့မှ သူမက ရှက်ရယ်ရယ်လိုက်တယ်။ ပြီးတော့မှ ခေါင်းကို တစ်ချက်ကုတ်လိုက်ရင်း. . .



www.burmeseclassic.com

“အဟီး. . . ရှင်က လူလည်ပဲ”

တဲ့။ ဒါဟာ သူမဝန်ခံလိုက်ခြင်းပဲ မဟုတ်ပါလား။ ဟင်း. . မင်း နုပါသေးတယ်ကွာလို့ စိတ်ထဲက ပြောလိုက်မိပေမယ့် တစ်နေ့က ကိုယ်အရှုံးလုပ်ခံလိုက်ရတာကို တွေးလိုက်မိတော့ စိတ်ထဲမှာ မကျေမနပ်ဖြစ်သွားရတယ်။

“အော်ဟော့ဟော်. . . မင်းက ငါ့ကို အဲဒီနေ့က အရှုံးလုပ်သွားတာပေါ့လေ၊ ဟုတ်လား၊ ငါ့မှာတော့ တကယ်ကြီးမှတ်ပြီး ကူညီလိုက်ရတာ”

“ဟီးဟီး. . . ဆောတီး(ဆောရီး) ဆောတီး၊ ဘေဘီက ခင်လို့စတာပါ”

“စတာ! မင်းနဲ့ငါက ဘယ်တုန်းကများ သိကျွမ်းခင်မင်ဖူးလို့ စရတာလဲ၊ ပြောစမ်းပါဦး”

“တစ်ခါမှတော့ မခင်ဖူးဘူးပေါ့၊ ဒါပေမယ့် ဘေဘီက ရှင့်ကိုသိတယ်လေ စာရေးဆရာကြီးရဲ့၊ ဘေဘီက ရှင့်ပရိသတ်ပဲဟာ၊ အဲဒါကြောင့် စတာပါ”

ဩော်. . . ဒင်းက ကိုယ်စာရေးဆရာဆိုတာကိုလည်း သိနေသေးတာပါပဲလား။ ပြီးတော့ ကိုယ့်ပရိသတ်လို့လည်း ဆိုလာပြန်သေးဆိုတော့ကာ. . . အင်း. . .။





“ဟင်း. . . ထားလိုက်ပါတော့၊ အခုရော. . . ဘာပြဿနာရှာဦးမလို့လဲ၊ ငါ ဧည့်သည်တစ်ယောက်နဲ့ ချိန်းထားတာနော်၊ သူလာတော့မှာ”

“စာရေးဆရာကြီးကလည်း၊ သူရောက်နေပြီလေ”

“အမ်! ဘယ်မှာလဲ”

သူ့စကားအဆုံး သူမက သူမရင်ဘတ်ကိုသူမ ပုတ်ပြလာရင်းက. . .

“ဒီမှာလေ၊ ဒီမှာထိုင်နေတာ မမြင်ဘူးလား”

“ဟော. . လုပ်ပြန်ပြီ”

“မလုပ်ပါဘူး၊ တကယ်ပြောတာ၊ ရှင်ချိန်းထားတာ ကျွန်မပဲလေ”

“မနောက်ပါနဲ့ကွာ”

“ဩော်. . . ခက်ပြီ၊ နောက်နေတာမဟုတ်ဘူး၊ ရှင်နဲ့ချိန်းထားတာ ကျွန်မပဲ”

သူမပုံစံက တကယ့်ကို အတည်ကြီးပြောနေတာဆိုတော့ သူက ဇဝေဇဝါဖြစ်သွားရရင်း. . .

“တကယ်ကြီးပြောနေတာလား”

“တကယ်ကြီးပါဆို”



www.burmeseclassic.com

"ဒါဆိုပြောစမ်းပါဦး၊ ကိုယ်နဲ့ ဘာကိစ္စချိန်းထားလဲဆိုတာကို"

"ဟင်း. . . ကျွန်မမှာ ရှင့်ရဲ့ memory stick ရွှေဝါရောင်လေး ကောက်ရထားတယ်၊ ကဲ. . . ယုံပြီလား"

"တကယ်ကြီးပဲကိုး"

"ဂယ်ကြီးပါဆိုနေမှ ဂယ်ကြီးပဲပေါ့လို့"

"ကဲ. . . ဒါဆိုလည်း ပေးတော့၊ ကိုယ့် memory stick" ဆိုတော့ သူမက အားရပါးရ ပြုံးတော်မူပြလာရင်းက. . .

"စာရေးဆရာကြီးကလည်း ဖြည်းဖြည်းပေါ့၊ ဒီလောက်တန်ဖိုးဖြတ်လို့မရတဲ့ ပစ္စည်းကြီးတစ်ခုကို ဘေဘီက ပြန်လာပေးရတာလေ၊ တစ်ခုခုတော့ ကျွေးသင့်တယ်မထင်ဘူးလား"

သူမမျက်နှာက ပြောင်စပ်စပ်ရယ်။ ဗရုတ်သုတ်ခမလေးဖြစ်ပုံပါပဲ။

"ကျွေးပါတယ်ကွာ၊ ကြိုက်တာမှာ၊ ကိုယ့် memory stick လေးတော့ အရင်ပေးထား"

"ဟင့်အင်း. . . အရင်စားပြီး ရှင်ငွေရှင်းပြီးမှ ပေးမယ်၊ တော်ကြာ memory stick ကိုအရင်ပေးလိုက်ရင် ရှင်က ငွေမရှင်းဘဲ ထပြန်သွားရင် ဘယ်လိုလုပ်မလဲ၊ ဘေဘီ့မှာက





ပိုက်ဆံပါတာမဟုတ်ဘူး၊ တစ်နေ့လုပ်မှ တစ်နေ့စားရယ်၊ ဒီလိုဆိုင်ကြီးမှာ ထိုင်ဖူးတာကလည်း ဒါပထမဆုံးရယ်" ဖြစ်နိုင်ပါပေတယ်။ ဖြစ်နိုင်ပါပေတယ် အမိရယ်။ အနည်းဆုံး ဂဏန်းငါးလုံးအောက်မဆင်းတဲ့ တန်ဖိုးကြီးအဝတ်အစားတွေဖိနပ်တွေကို ဝတ်ဆင်ထားတဲ့လူတစ်ယောက်က တစ်နေ့လုပ်မှ တစ်နေ့စားတဲ့။ အော်တောင် ရယ်ပစ်လိုက်ချင်သေးရဲ့။

"ကဲ. . . မှာကွာ၊ မှာ. . . ကြိုက်သလောက်စား၊ ကျသလောက်ရှင်းပေးမယ်၊ ဟုတ်ပြီလား"

"ဟီးဟီး. . . ဒါဆိုဘေဘီ အားမနာတော့ဘူး၊ မှာမယ်နော်"

"မှာ. . . မှာ"

သူမက ထိုင်ရာကထသွားကာ ကောင်တာမှာ စားစရာအချို့ကိုသွားမှာပြီး ထိုင်ခုံမှာပြန်လာထိုင်တယ်။ မျက်နှာက ပြုံးစိစိ။ ဘယ်လိုကောင်မလေးမှန်းကိုမသိ။ မျက်နှာရှူးဆိုတာ ဒီလိုမျက်နှာမျိုးကို ပြောတာထင်ပါရဲ့။

ဒါပေမယ့် သူမအဲဒီလို ပြုံးစိစိဖြစ်နေရခြင်းအကြောင်းရင်းက စားပွဲထိုးလေး စားစရာတွေ လာချပေးတဲ့အခါမှသာ သိရတော့တာပါ။



www.burmeseclassic.com

ကြေးအိုးက တစ်ပွဲ။ ဟမ်ဘာဂါက နှစ်လုံး။ ကပ်ပချီနိုက တစ်ခွက်။

"ဟင်! ဒါတွေအားလုံးကို မင်းတစ်ယောက်တည်းစားမှာ!"

"ဟုတ်တယ်လေ၊ ဘာလို့လဲ"

"ကုန်တယ်ပေါ့"

"ကုန်ပါတယ် စာရေးဆရာကြီးရဲ့၊ ဘေဘီက တစ်ခါမှ ဒီလိုတွေ မစားဖူးတော့ စားခွင့်ရတုန်းလေးမှာ အဝတွယ်ချင်လို့၊ ဟဲ. . . ပြီးတော့ ပီဇာနှစ်ခုလည်း ပါဆယ်ထုပ်ခိုင်းထားသေးတယ်၊ ဖြစ်တယ်မှုလားဟင်"

သူ ဘာမှကို ပြောချင်စိတ်မရှိတော့။ သက်ပြင်းကိုသာ ဟင်းခနဲချလိုက်ရင်း. . .

"ကဲ. . . ပျော်သလိုသာလုပ်ပါကွာ၊ နော်. . . ပျော်ရင်ပြီးတာပါပဲ"

ဒီလိုနဲ့ သူမက ကြေးအိုးကို စစားတယ်။ ပြီးတော့ ဟမ်ဘာဂါနှစ်လုံး။ ကော်ဖီကိုလည်း ကျိုကြားကျိုကြား မြှုံ့လိုက်သေး။ ကိုယ်တွေဆိုရင် ကြေးအိုးတစ်ပွဲကုန်ဖို့တောင် မနည်းစားယူရတာကို သူမလို ခန္ဓာကိုယ်သေးသေးသွယ်သွယ် ကောင်မလေးတစ်ယောက်က ဒီလောက်များတဲ့စားစရာတွေကို တစိမ့်စိမ့်ဖြိုချစားပြသွားတာများ ကြည့်နေရင်းနဲ့ ကြက်သီးမွေးညင်းများတောင် ထပါရဲ့။





ဆယ့်ငါးမိနစ်ကျော်ကျော်လောက်အတွင်းမှာပဲ သူမရဲ့စားသောက်ခြင်းက ပြီးသွားတယ်။ သူမရဲ့ဗိုက်ထဲမှာ တခြားကလီစာတွေမရှိဘဲ အစာအိမ်တစ်လုံးတည်းသာ အကြီးကြီးနေရာယူထားသလားတော့ မပြောတတ်ပါချေ။ သူက သူမရဲ့စားသောက်ပုံကိုကြည့်ကာ မျောနေတုန်းမှာပဲ သူမက စားသောက်ခြင်းကိုလက်စသတ်လိုက်ကာ "ဂေ့"ခနဲ လေချဉ်တစ်ချက်တက်လိုက်ရင်းက. . .

"ပြီးသွားပြီ. . . ကောင်းလိုက်တာ၊ မစားဖူးတာတွေ စားလိုက်ရတာ ဗိုက်အရသာရှိလိုက်တာ"

ဒီအချိန်မှာပဲ စားပွဲထိုးလေးက ပါဆယ်ထုပ်ထားတဲ့ ပီဇာပုံးနှစ်ခုကို လာချပေးကာ ဘေလ်စာရွက်လေးပါချပေးတာနဲ့ သူက ဘေလ်ရှင်းပေးလိုက်ရတယ်။ ဒါကို သူမက သွားကြားထိုးရင်း ကြည့်နေရင်းက ပြုံးလို့။

"ကဲ. . အမိ၊ စားလည်းပြီးပြီ၊ ဘေလ်လည်းရှင်းပြီးပြီဆိုတော့ ပေးတော့ ကိုယ့် memory stick"

"ဩော်. . . အင်း၊ ခဏ"

ပြောကာ သူမက သူမရဲ့ကျောပိုးအိတ်အကြီးကြီးထဲကို ခေါင်းဝင်မတတ် ငုံ့နစ်ကာ မွှေနှောက်နေတော့တယ်။ ဒါပေမယ့်



www.burmeseclassic.com

ခဏအကြာမှာတော့ သူမက မျက်လုံးပြူးမျက်ဆံပြူးနဲ့ ပြန်မော့လာ
ကာ. . .

"ဒုက္ခပဲ၊ memory stick က အိမ်မှာကျန်ခဲ့ပြီ"

"ဘာ!"

"အမ်မလေး! ဖြည်းဖြည်းအော်ပါစာရေးဆရာရယ်၊ လန့်သွားတာပဲ"

"မင်း အူကြောင်ကြောင်မလုပ်နဲ့နော်၊ ပေး ငါ့ပစ္စည်းကို"

"ရော်. . . ခက်ပြီ၊ အိမ်မှာကျန်ခဲ့ပါတယ်ဆိုမှ ဘယ်လိုလုပ်ပေးလို့ရမှာလဲ"

"မင်း. . . ငါ့ကို လာနောက်နေတာလား. . . ဟမ်"

"မဟုတ်ပါဘူး၊ အိမ်မှာကျန်နေခဲ့တာ၊ တကယ်. . ."

သူက စိတ်ကို အဆုံးစွန်ထိလျှော့ချလိုက်ကာ ဟင်းခနဲ သက်ပြင်းကို မှုတ်ထုတ်၊ ကျွတ်တစ်ချက်ကိုလည်း သပ်လိုက်ရင်း. . .

"ပြီးရောကွာ၊ ဒါဆိုလည်း မင်းအိမ်ကိုလိုက်ယူမယ်၊ ထ. . သွားရအောင်"

"ဟမ်. . . အိမ်. . . အိမ်လိုက်မယ်၊ အိမ်လိုက်လို့တော့ မရဘူးလေ၊ ဘေဘီ့မိဘတွေက စည်းကမ်းတအားကြီးတာရှင့်၊ ရှင်အိမ်လိုက်လာရင် ဘေဘီ့ကိုဆူမှာပေါ့"





"ငါက အိမ်ထဲထိမဝင်ပါဘူး၊ အပြင်ကပဲစောင့်မှာပါ"

"ရော်. . . မရပါဘူးဆို၊ ဘေဘီ့မိဘတွေ အကြောင်းကို ရှင်ဘာမှမသိပါဘူး"

"ဒါဆို ငါက ဘယ်လိုလုပ်ရမှာလဲ"

"ဒီလိုလုပ်ပါလား၊ မနက်ဖြန်မှယူလေ၊ ရှင်. . . ဒီအချိန်၊ ဒီဆိုင်ကပဲစောင့်နေ၊ ဘေဘီဆက်ဆက်လာပေးပါ့မယ်၊ နော်. . . နော်"

သူက သူမကို စိတ်မရှည်သလို မျက်မှောင်ကုပ်ကြည့်ပေးလိုက်ရင်း. . .

"မင်းက လာမှာရောသေချာလို့လား"

"လာမှာပါဆို၊ ယုံစမ်းပါ ဘေဘီ့ကို"

"ပြီးရောကွာ၊ ပြီးရော. . . မနက်ဖြန်တော့ ထပ်မမေ့စေနဲ့နော်၊ သေချာယူခဲ့"

"အင်းပါ စာရေးဆရာရဲ့၊ ဒီတစ်ခါမမေ့စေရဘူး၊ အခုတော့ ဘေဘီသွားတော့မယ်နော်၊ ကြာနေရင် အိမ်က ဆူနေမှာစိုးလို့. . . ဟီးဟီး. . . ဆောတီးဆောတီး"

ပြောပြီးသူမက ပီဇာပါဆယ်နှစ်ဘူးကိုဆွဲကာ ထထွက်သွားတယ်။ ဒီတော့မှ သူက တစ်စုံတစ်ခုကို သတိရသွားကာ. . .



www.burmeseclassic.com

"ဟိတ်. . . ဟိတ်. . . ခဏလေး၊ နေဦး"

ဆိုတော့ သူမက ကျောခိုင်းနေရင်းကနေ အရင်ဦးဆုံး ခေါင်းလေးပဲလှည့်ကြည့်လာတယ်။ သူက မေးတစ်ချက်ငေါ့ပြလိုက်ရင်း. . .

"မင်းနာမည်ပြောခဲ့ဦး"

ဒီတော့မှ သူမက ခန္ဓာကိုယ်ပါ ပြန်လှည့်လာကာ သူ့ကို ပြုံးစစ စိုက်ကြည့်လာတယ်။ ပြီးမှ တစ်လုံးချင်းပြောလာတာက. . .

"သေချာမှတ်ထားနော်၊ ဘေဘီနာမည်. . . ဘေဘီရွှေရိုး"

တဲ့။



# ဒသနလက်ဆောင် (၇)

ဖြတ်လမ်းဆိုတာ...

ပန်းတိုင်နဲ့ နီးတယ်

ဒါပေမယ့်...

ဖိုးဖိုးလမ်းထက်တော့ကြမ်းတယ်။

☆☆☆☆☆



www.burmeseclassic.com

သူက အရင်တစ်နေ့ကလိုပဲ ချိန်းတဲ့ဆိုင်မှာ ဆယ့်ငါးမိနစ်လောက်ကြိုရောက်အောင်သွားကာ စောင့်နေလိုက်တယ်။ သူမကတော့ ချိန်းထားတဲ့အချိန်ထက် ဆယ့်ငါးမိနစ်စွန်းသွားတဲ့အထိ ရောက်မလာသေး။ ဒါပေမယ့် ကိုယ်က အောက်ကနေရတဲ့သူဆိုတော့ကာ သူမ မလာမချင်းစောင့်ရမှာက ကိုယ့်တာဝန်ပဲမဟုတ်ပါလား။

ဒီလိုနဲ့ နာရီဝက်ခန့်ကျော်သွားတယ်။ သူမက စာမလာသတင်းမကြား လုပ်နေတုန်းပါပဲ။ ဘာလဲကွာ။ သူမက မလာတော့ဘူးလား။ ကိုယ့်ပစ္စည်းကို ပြန်မပေးချင်လို့ပဲလား။ ပြန်မပေးချင်ရအောင်ကလည်း ဒီပစ္စည်းက ဘယ်လောက်မှတန်တဲ့ ပစ္စည်းမဟုတ်။ အထဲက ဒေတာတွေကရော သူမအတွက် ဘာတွေများ အသုံးဝင်မှာမို့လို့လဲ။


www.burmeseclassic.com

ဒါဆို တစ်ခုခုများဖြစ်နေလို့လားဆိုတဲ့အတွေးနဲ့ သူမဆီကို ဖုန်းခေါ်ကြည့်လိုက်မိပြန်တော့လည်း သူမဖုန်းက ပိတ်ထားပါတယ်တဲ့။

"ဟား. . . ဘာလဲကွာ"

စိတ်ကနည်းနည်းတော့ ကျွတ်စပြုလာပြီ။ ဒါပေမယ့် သည်းခံ. . . သည်းခံဆိုပြီး ကိုယ့်ကိုကိုယ်ပြန်သတိပေးကာ ဆက်ထိုင်နေလိုက်တယ်။ ဒါပေမယ့် သုံးနာရီလောက်ကြာသွားတဲ့အထိ သူမက ရောက်မလာခဲ့။

ဒီတော့မှ သူထပြန်လာခဲ့လိုက်တယ်။ ဒီလောက်ကြာတဲ့အထိမှ သူမ,မလာရင် ဒီနေ့အတွက် လာမှာကို မဟုတ်လောက်တော့ပါဘူး။ အစကတည်းက မလာဖြစ်လောက်ရင်လည်း ဖုန်းလေးဆက်တာပဲဖြစ်ဖြစ်၊ မက်ဆေ့လေး ပို့ပေးတာပဲဖြစ်ဖြစ် သူမဘက်က အကြောင်းကြားသင့်တာပေါ့။ အခုတော့. . . ကိုယ့်ကိုလုပ်သွားတဲ့ပုံစံက. . .။

ကျွတ်. .။ သူက တွေးရင်း ဒေါသထွက်လာတာမို့ ဆက်မတွေးတော့ဘဲ ထားလိုက်တယ်။

:•❤•❤•❤



မနက်လေးနာရီခွဲလောက်ကြီး ဖုန်းကမြည်လာတာမို့ အိပ်မှုန်စုံမွှားနဲ့ ကောက်ကိုင်ကြည့်လိုက်တော့ ဖုန်းနံပါတ်က ဘေဘီရွှေရိုးဆိုတဲ့ သူမဆီက။

"ဟယ်လို"

"စာရေးဆရာလား၊ ရှင်အိပ်နေတာလား၊ ဒါမှမဟုတ် စာထရေးနေပြီလား"

"ဟား. . . အချိန်မတော်၊ စောစောစီးစီးဖုန်းဆက်ပြီးတော့ မေးခွန်းတွေကလည်း များလှချည်လား၊ အိပ်နေတာ၊ ပြော. . . ဘာလဲ"



www.burmeseclassic.com

"ဟင်! ရှင်က ဘေဘီ့ကိုစိတ်ဆိုးနေတာလား"

"မဆိုးပါဘူး၊ ဒေါသထွက်နေတာ၊ မင်းဒီနေ့ လုပ်သွားပုံက မင်းပဲစဉ်းစားကြည့်စမ်းပါဦး၊ ငါဒေါသမထွက်သင့်ဘူး လားဆိုတာ"

"ဩော. . . နေ့လည်က ကိစ္စလား၊ ဘေဘီ အနူးအညွတ် တောင်းပန်ပါတယ်ရှင်ကြီးရယ်၊ ဒီနေ့ ဘေဘီလုံးဝကို မ အားလို့ပါ"

"မလာနိုင်ရင်လည်း မလာနိုင်တဲ့အကြောင်းကို ဖုန်းလေး တော့ ဆက်သင့်တာပေါ့ကွ၊ ဒါလေးတောင် မင်းနားမလည် ဘူးလား"

"ဖုန်းလည်း ဆက်လို့မရလို့ပါရှင်ကြီးရယ်၊ ဒီနေ့ ဘေဘီ ရှင့်ဆီ လာကာနီးမှာ ကားတစ်စင်းနဲ့ တိုက်မိလို့ ဖုန်းက မှန်ကွဲသွားတာ"

"ဟင်!"

သူမစကားကြောင့် သူက ဝေါက်ခနဲတောင် ထထိုင်လိုက် မိတယ်။

"မင်း. . . တကယ်ကြီးလား"

"တကယ်ကြီးပေါ့ရှင်ကြီးရဲ့၊ ကျွန်မက ဘာလို့လိမ်ရမှာလဲ"





"ဘာတွေဖြစ်သွားသေးလဲ၊ အခုရော မင်းက ဘယ်မှာလဲ၊ ဆေးရုံပေါ်က ဆက်နေတာလား"

"လူကတော့ ဘာမှမဖြစ်ပါဘူး၊ ဘေဘီ့ကိုတိုက်တဲ့ကားက တော့ နှစ်ပတ်သုံးပတ်လောက်လိမ့်ထွက်ပြီး စုတ်ပြတ် သတ်သွားတယ်"

"ဟမ်! လူက ဘာမှမဖြစ်ဘဲနဲ့ ကားက စုတ်ပြတ်သတ်သွား တယ်၊ ဟား. . . ငါက အကောင်းမှတ်လို့ နားထောင်နေ တာ၊ မင်းက ငါ့ကို လာနောက်နေတာလား"

"ဟီးဟီး. . . စိတ်ဆိုးပါနဲ့ ရှင်ကြီးရယ်၊ ဘေဘီက ခင်လို့ စတာပါ၊ ကားတိုက်တာကတော့ တကယ်နော်၊ ဒါပေမယ့် လူဘာမှမဖြစ်ဘူး၊ ပွန်းရုံပဲ့ရုံပဲ"

"ဘယ်လိုဖြစ်ပြီးတိုက်ရတာလဲ"

"ဘေဘီတို့ခြံထဲမှာပဲ တိုက်မိတာ၊ ဖေဖေ့ကားက ရပ်ထား တာလေ၊ ဘေဘီက မနက်အစောအိပ်မှုန်စုံမွှားနဲ့ ခြံထဲ ဆင်းတာ၊ မမြင်ဘဲနဲ့ ဝင်တိုးမိတာ"

"ဟား. . . လုပ်ပြန်ပြီ၊ ဒီမှာ ဒေါ်ဘေဘီရွှေရိုး၊ မင်းငါ့ကို စကားအကောင်းပြောဦးမှာလား၊ ဒီမှာ ငါအိပ်ချင်နေပြီ၊ ဘာမှပြောစရာမရှိရင် ဖုန်းချလိုက်တော့မယ်"



www.burmeseclassic.com

"နေပါဦး၊ ပြောမှာပေါ့၊ ရှင် အခု ရွှေတိဂုံဘုရားကို လာခဲ့ပါလား"

"ဒီအချိန်ကြီး. . . ဘုရားကို"

"အင်းလေ၊ ဘေဘီက ခုတလော ကံတွေဆိုးနေလို့ အညှိ တွေပျောက်သွားအောင်ဆိုပြီး ဘုရားကိုစောစောတက်တာ၊ ပြီးတော့ အခု ကျွန်မဆီမှာ ရှင်ကြီးရဲ့ memory stick ပါလာတယ်၊ အဲဒါတစ်ခါတည်းပေးချင်လို့၊ နောက်နေ့တွေ ရှင်ကြီးနဲ့ တမင်တကာဆုံပြီး ပေးဖို့ဆိုတာက ကျွန်မအတွက် သိပ်အဆင်မပြေလို့၊ အဲဒါအခုလာယူပါလား၊ ကျွန်မ တောင်ဘက်မုခ်လှေကားရင်းနားမှာစောင့်နေမယ်၊ လာခဲ့နော်၊ အခုရှင်မလာရင် ရှင့် memory stick က ဘယ်အချိန်မှ ရှင့်လက်ထဲပြန်ရောက်မယ်ဆိုတာ ဘေဘီ အာမမခံနိုင်ဘူးနော်၊ ဒါပဲ. . . ဒါပဲ၊ ကျွန်မ ဒီမှာနာရီဝက်လောက်စောင့်မယ်၊ လာတာမလာတာ ရှင်ကြီးအပိုင်း. . . အိုခေ"

ပြောပြီး သူမက ဖုန်းချသွားတယ်။ သူကလည်း ငုတ်တုတ်ထိုင်နေရာကနေ ကုန်းရုန်းထကာ ရေချိုးခန်းထဲပြေးရတယ်။

မျက်နှာသစ်၊ သွားတိုက်ကာ အင်္ကျီအဝတ်အစားကို ကမန်းကတန်းလဲပြီး အောက်ကိုပြေးဆင်းလာခဲ့လိုက်တယ်။ ကံကောင်းချင်





တော့ တက္ကစီတစ်စင်းကလည်း အလွယ်တကူတွေ့ကာ သူမရှိရာ ရွှေတိဂုံဘုရားကို အမြန်ထွက်လာလိုက်နိုင်ပါတယ်။

ဟိုရောက်တော့ သူမကို ကားကိုလက်ပိုက်မှီရပ်နေတဲ့ ဒီဇိုင်းနဲ့ တွေ့လိုက်ရတယ်။ သူမက ဘုရားလာတက်တာဆိုတော့ အပေါ်က ရင်ဖုံးအင်္ကျီနဲ့ အောက်ကလည်း ထဘီနဲ့။ ပခုံးပေါ်မှာ ကဘက်တစ်ထည်တောင် တင်ထားပါသေးတယ်။

"ရှင်လာမယ်ဆိုတာ ဘေဘီသိသားပဲ"

"ကဲ. . . ဒေါ်ရွှေရိုး၊ စကားတွေသိပ်မပြောနဲ့၊ ပေးတော့ ကိုယ့် memory stick၊ ဘယ်မှာလဲ"

"ပေးမှာပေါ့ ရှင်ကြီးကလည်း၊ လောလိုက်တာ၊ ဒါပေမယ့် ကျွန် မစဉ်းစားနေတာ"

"ဟမ်. . . ဘာတွေစဉ်းစားစရာလိုလို့လဲ၊ ကိုယ့် memory stick ကိုယ့်ကိုပေးလိုက်ရင် ပြီးနေတာပဲဟာ"

"ရှင်ကြီးပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် စကားတောင်ရှိသေးတာပဲ၊ ရေအဆုံး ကုန်းတစ်ဝက်တဲ့၊ ကျွန်မအတွက် ရပိုင်ခွင့်က ဘယ်မှာတုန်း၊ ကျွန်မက memory stick ကို ကုန်းပေါ်မှာကောက်တွေ့တာဆိုတော့ ပစ္စည်းတန်ကြေးရဲ့ တစ်ဝက်လောက်ကိုတော့ ရသင့်တာပေါ့၊ ဟုတ်ဘူးလား"



www.burmeseclassic.com

"ဟား. . . လုပ်ပြန်ပြီ၊ အေးကွာ. . ၊ ပေးမယ်ကွာ၊ အဲဒီက memory stick ကို ကိုယ်ဝယ်တုန်းက နှစ်သောင်းပေးရတယ်၊ ကိုယ်မင်းကို တစ်သောင်းပေးမယ်၊ ပေးတော့ ကိုယ့်ပစ္စည်း"

သူက ပြောလည်းပြော ဘောင်းဘီအိတ်ကပ်ထဲက ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်ကာ တစ်သောင်းတန်တစ်ရွက်ကို ထုတ်ယူလိုက်တယ်။ ဒါပေမယ့် မဟုတ်ရဘူး။ သူမက မချိုမချဉ်မျက်နှာပေးနဲ့ ကိုယ့်ကိုကြည့်လာရင်း. . .

"နိုး နိုး နိုး. . . ဘေဘီပြောနေတာက memory stick ရဲ့ တန်ကြေးကိုမဟုတ်ပါဘူး၊ အထဲက ဝတ္ထုရဲ့တန်ကြေးကို ပြောတာပါ"

"ဘယ်လို! ငါက မင်းကို စာမူခရဲ့တစ်ဝက်ကို ပေးရမယ်လို့ ဆိုလိုတာလား"

"မဟုတ်ပါဘူး၊ ဘေဘီပြောတာ အနုပညာရဲ့တန်ကြေးကို ပြောတာပါ၊ ရှင်ကြီးက စာရေးဆရာဆိုတော့ ပိုသိပါတယ်၊ အနုပညာလက်ရာတစ်ခုက ငွေကြေးနဲ့တန်ဖိုးဖြတ်ပြီး ပြောလို့မရဘူးဆိုတာ"





သူ စိတ်မရှည်တော့ဘူး။ ဒင်းလေးက ကိုယ့်ကို တမင်တကာ ညစ်နေသလို ခံစားလာရတယ်။

"ကဲ. . . အမိ၊ လိုရင်းကိုပဲ ပြောတော့၊ ကိုယ်စိတ်မရှည်တော့ဘူး၊ ကိုယ်က ဘာလုပ်ပေးရမှာလဲ"

"ဘာလုပ်ရမလဲဆိုတော့ ဘေဘီ ရှင်ကြီးရဲ့ဝတ္ထုကိုဖတ်ပြီးပြီ၊ ရှင်ကြီးရဲ့ဝတ္ထုမှာ စာမျက်နှာပေါင်း နှစ်ရာတီတီပါတယ်၊ အဲဒီတော့ ရှင်ကြီးက စာမျက်နှာနှစ်ဆယ်တိုင်းအတွက် ဘေဘီခိုင်းတာ တစ်ခုကိုလုပ်ပေးရမယ်၊ ဝတ္ထုတစ်အုပ်လုံးဆိုရင်တော့ ရှင်ကြီးက ဘေဘီခိုင်းတာ ဆယ်ခုလုပ်ပေးရမှာပေါ့"

"ဟား. . . မင်းသက်သက်ရစ်နေတာပဲ၊ မင်းက ကိုယ့်ကို မဟုတ်တာတွေလုပ်ခိုင်းရင် ဘယ်လိုလုပ်မလဲ"

"နိုးနိုး. . . ဘေဘီက ရှင်ကြီးကို ဟုတ်တာတွေပဲ ခိုင်းမှာပါ၊ ပြီးတော့ တရားဥပဒေနဲ့ မလွတ်ကင်းတာတွေလည်း မပါစေရဘူး၊ အာမခံတယ်"

"ဒါပေမယ့် မင်းက အချိန်တွေအကြာကြီးဆွဲခိုင်းနေရင် ဘယ်လိုလုပ်မလဲ၊ အဲဒီစာအုပ်က နောက်သုံးလနေရင် ထုတ်ရမယ့်စာအုပ်"



www.burmeseclassic.com

"စိတ်ချပါ၊ ဘေဘီက ဆယ်ခုလုံးကို သုံးလအတွင်းမှာခိုင်းပေးမှာပါ၊ ဘယ်လိုလဲ. . . သဘောတူလား"

"တခြားနည်းလမ်းမရှိတော့ဘူးလား"

"ဟုတ်တယ်. . . ဘေဘီကတော့ ဒီနည်းလမ်းကိုပဲ ကြိုက်တယ်၊ ရှင့်ရဲ့ဝတ္ထုကို မလိုချင်တော့ဘူးဆိုရင်လည်း ဖြစ်ပါတယ်"

ပြောပြီးသူမက "ကျွန်မက အထက်ကနေဘ်" ဆိုတဲ့ ဒီဇိုင်းနဲ့ ကိုယ့်ဆီက အကြည့်ကိုလွှဲကာ ကားကိုလက်ပိုက်မှီထားလိုက်ပြန်ရင်းက လေချွန်နေတော့တယ်။ ဝတ်ထားတာက ရင်ဖုံးအကျႌ၊ ထဘီနဲ့။ လုပ်နေတဲ့ဒီဇိုင်းနဲ့က တခြားစီ။ ဘယ်လိုဟာမလေးမှန်းကိုမသိ။ ကိုယ်ကိုယ်တိုင်ကလည်း ကံဆိုးလွန်းတာပါ။ ကိုယ့်ပစ္စည်းက ဒီလိုဂျပန်ဝက်အူမလေးရဲ့လက်ထဲကိုမှ ရောက်သွားရတယ်လို့။

ဟင်း. . . ကိုယ်လည်း အညံ့တွေ့ကင်းအောင် ဘုရားပေါ်တက်ဦးမှပါ။



တိုက်ခန်းကို ပြန်ရောက်တော့ ခြောက်နာရီထိုးတော့မယ်။ သူဝင်လာတဲ့အသံကိုကြားတော့ နေသွေးက ရေချိုးခန်းထဲကနေသွားတိုက်နေရင်းက သွားတိုက်တံကြီးကိုင်ကာ ထွက်လာတယ်။

"ငါက မင်းပျောက်နေတာ၊ စောစောစီးစီး ဘယ်သွားတာတုန်း"

သူက သက်ပြင်းမောကို မှုတ်ထုတ်လိုက်ကာ ဖြစ်သမျှအကြောင်းကို ပြောပြလိုက်တယ်။ အကြောင်းစုံပြောပြအပြီးမှာတော့ နေသွေးက. . .



www.burmeseclassic.com

"ဒါကတော့ တမင်ညစ်တာပဲကွ၊ မင်း ဘာပြန်ပြောခဲ့လိုက်လဲ. . . သူ့ကို"

"ဩော်. . . မင်းကလည်း၊ ငါက ဘာပြောလို့ရမှာလဲ၊ ပစ္စည်းက သူ့လက်ထဲမှာ၊ သူပေးမှ ငါပြန်ရမှာ၊ ငါကလည်း အဲဒီဝတ္ထုလေးကိုမှ အဆုံးရှုံးမခံနိုင်တာပဲ၊ ဒီတော့ သူခိုင်းတာကို လုပ်ရတော့မှာပေါ့"

"ဟော! မင်းတော့ သေပြီဆရာ၊ ဒုက္ခအိုးကိုမှ ခလုတ်တိုက်လဲတာပဲ"

သူက ခုတင်ပေါ်မှာ စိတ်ပျက်လက်ပျက် ပက်လက်လှန်လှဲချလိုက်ကာ မျက်လုံးတွေကို မှေးမှိတ်ထားလိုက်မိတယ်။ မျက်လုံးတွေထဲကို ဝင်လာတာ ကားကိုလက်ပိုက်မှီကာ မခိုးမခန့်မျက်နှာပေးနဲ့ လေချွန်နေတဲ့ ဘေဘီရွှေရိုး။ ဒါနဲ့သူက မျက်ခွံတွေကို ဆွဲခွာဖွင့်လိုက်ကာ အဲဒီဒုက္ခအိုးမလေးကို ကိုယ့်မျက်လုံးတွေရဲ့ အပြင်ဘက်ရောက်အောင် အငြိုးတကြီး ကန်ထုတ်လွှတ်လိုက်တယ်။

"သွားကွာ. . . ကဲ"



## ဒဿနလက်ဆောင် (၄)

ဒီအချိန်မှာ သင်အိပ်နေပါက
အိပ်မက်မက်ပါစေမည်။
အဲဒီအခါ. . .
ဒီအချိန်မှာ သင်အလုပ်လုပ်နေပါက
သင့်အိပ်မက်ကို တကယ်ဖြစ်လာပါစေမည်။

☆☆☆☆☆



www.burmeseclassic.com

"ဒီနေ့ ရှင့်ကို ဘေဘီပထမဆုံး ခိုင်းချင်တာက. . . အဲ. . . ခိုင်းတယ်လို့တော့ သဘောမထားနဲ့ပေါ့နော်၊ အကူအညီတောင်းတယ်လို့ပဲ သဘောထားပေးပါ၊ ဘေဘီ့ကို (. . .)ဆေးရုံကိုသွားပေးစမ်းပါ၊ ဘေဘီ့ကို မေမေက ခိုင်းလိုက်တာလေ၊ ဒါပေမယ့် ဘေဘီက ဆေးရုံဆေးခန်းနံ့ရရင် ခေါင်းမူးတတ်လို့ပါ"

"ဆေးရုံကို ကိုယ်က ဘာသွားလုပ်ရမှာလဲ"

"ဒီလိုပါ၊ အဲဒီမှာ မေမေ့သူငယ်ချင်းဒေါ်ခိုင်ဆိုတာရှိတယ်၊ သူ့ယောက်ျားက ကျောက်ကပ်မကောင်းလို့ ဆေးရုံတင်ထားရတာလေ၊ ကျောက်ကပ်အလှူရှင်ရှာနေတယ်ဆိုလားပဲ၊ အဲဒီကိုသွားပြီးတော့ ဒီစာအိတ်လေးသွားပေးပေး"

သူမက အဖြူရောင်စာအိတ်လေးတစ်အိတ်ထုတ်ပေးလာတယ်။ စာအိတ်ပေါ်မှာတော့ ဘာမှရေးမထားဘူး။



www.burmeseclassic.com

"ဘာစာအိတ်လဲ"

"ဘေဘီလည်း မသိဘူးလေ၊ မေမေက ပိတ်ပေးလိုက်တာပဲ၊ ကျောက်ကပ်အလှူရှင်တစ်ယောက်ရဲ့လိပ်စာထင်တယ်၊ သွားပေးပေးနော်၊ သူများအသက်ကိုကယ်တာဆိုတော့ စာရေးဆရာကြီးလည်း ကူသိုလ်ရပြီး အုပ်ရေတက်တာပေါ့"

"ပေးတာက ဟုတ်ပါပြီ၊ ပြီးတော့ ဘာပြောခဲ့ရဦးမှာလဲ"

"ဘာမှပြောစရာမလိုပါဘူး၊ ဒေါ်ဘေဘီက ပေးခိုင်းလိုက်တာလို့ပြော၊ ဒါပေမယ့် စာအိတ်ကို တစ်ခါတည်းဖောက်ဖတ်ခိုင်း၊ သူဘာမှာသေးလဲဆိုတာကို မှတ်လာခဲ့ရုံပဲ"

"အော. . . အိုခေလေ၊ ဒါနဲ့ အခန်းနံပါတ်ကရော"

"အခန်းနံပါတ်က. . ."

သူမက အခန်းနံပါတ်တစ်ခုကို ပြောပြတယ်။ သူက သူမပြောတဲ့နံပါတ်တစ်ခုကို စိတ်ထဲမှာ နှစ်ခေါက်သုံးခေါက်လောက်ရွတ်ကြည့်ကာ မှတ်ထားလိုက်ပြီး ဆေးရုံကိုထွက်လာခဲ့လိုက်တယ်။



ဆေးရုံကိုရောက်လို့ သူမပြောလိုက်တဲ့ အခန်းကို တံခါးသွားခေါက်လိုက်တော့ အသက်လေးဆယ်ခန့်အရွယ်ရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်ထွက်လာတယ်။ အမျိုးသမီးကြီးမျက်နှာက ယောက်ျားဖြစ်သူအတွက် စိတ်သောကရောက်နေပုံပေါက်ကာ ညှိုးငယ်လို့. . .။

"ဟို. . . အဒေါ်က ဒေါ်ဒေါ်ခိုင်ဆိုတာလားမသိဘူး"

"ဟုတ်တယ်. . . ဘာကိစ္စရှိလို့လဲမသိဘူး"

"ဩော်. . . စာပေးခိုင်းလိုက်လို့ခင်ဗျာ"

"စာ!"

"ဟုတ်ကဲ့"

သူက စာအိတ်လေးကို ထုတ်ပေးလိုက်တော့ ဒေါ်ဒေါ်ခိုင်က ဇဝေဇဝါဟန်နဲ့ ယူလိုက်ရင်းက. . .



www.burmeseclassic.com

"ဘယ်က စာလဲကွဲ့"

"ဒေါ်ဘေဘီက ပေးခိုင်းလိုက်တာပါ၊ တစ်ခါတည်းဖတ်ပြီး တော့ မှာစရာရှိတာမှာလိုက်ပါတဲ့ခင်ဗျာ့"

"ဒေါ်ဘေဘီ!"

ဒေါ်ခိုင်က စာကိုဖောက်ဖတ်တယ်။ သူကလည်း ဘာများ မှာဦးမလဲလို့ အသာရပ်စောင့်နေလိုက်တယ်။ ဒါပေမယ့် စာကိုဖတ် အပြီးမှာတော့ ဒေါ်ခိုင်က သူ့ကို မီးဝင်းဝင်းတောက်မတတ်မျက်လုံး တွေနဲ့ကြည့်လာရင်း. . .

"ဟင်! မင်း. . . မင်း. . . မိုက်ရိုင်းလှချည်လားဟမ်၊ မင်း ရိုင်းစိုင်းလှချည်လား၊ ဘယ်ဥကပေါက်တာလဲ၊ ဒါနောက်စ ရာလား. . . ဟမ်"

"မနောက်ပါဘူး၊ ကျွန်တော် ဘာနောက်လို့လဲ၊ ကျွန်တော် က အကူအညီလာပေးတာလေ. . . စေတနာနဲ့"

"စေတနာ. . . ဘာစေတနာလဲ၊ ဟမ်. . ."

ဆိုပြီး ဒေါ်ခိုင်က ရှေ့တစ်လှမ်းတိုးလာကာ သူ့အင်္ကျီကို ရင်ဘတ်ကနေ ဆောင့်ဆွဲယူလိုက်ရင်း. . .

"မင်းက ငါ့ကိုဘာများမှတ်နေလဲ၊ ယောကျ်ားနေမကောင်း လို့ စိတ်ညစ်နေတာနော်၊ ဒီအချိန်မှာ လူသတ်ဖို့လည်း ဝန်မ





လေးဘူး၊ ဒေါ်ခိုင်တဲ့. . . တစ်ခိုင်တည်းရှိတယ်၊ နှစ်ခိုင်ရှိ ရင် တစ်ခိုင်ကို ခုတ်ပစ်လိုက်မယ်၊ ဘာမှတ်နေလဲ၊ ဒေါ်ခိုင် တဲ့၊ စိတ်ကြီးတယ်နော်၊ အပျင်းပြေလည်း လူသတ်တယ်၊ ဒီလိုအချိန်မှာတော့ လာမနောက်နဲ့၊ မီးပွင့်သွားမယ်. . ."

"မဟုတ်သေးဘူးလေဗျာ၊ ကျွန်တော်က ကူညီ"

"ဘာကူညီတာလဲ၊ မလိုဘူး၊ ဒါကူညီတာလည်းမဟုတ်ဘူး၊ ဒါစော်ကားတာ၊ စော်ကားတာ၊ ဟွန်း. . . ဟွန်း. . . ဟွန်း၊ ပြောရင်းလူသတ်ချင်လာပြီနော်၊ လူသတ်ချင်လာပြီ"

ဒေါ်ခိုင့်ပုံစံက သူ့ကိုစားတော့ဝါးတော့မတတ် ဖြစ်နေ တော့ သူ့စိတ်ထဲမှာ ဇဝေဇဝါဖြစ်လာတယ်။ စာထဲမှာ ဘာတွေများရေး ထားလို့ပါလိမ့်ပေါ့။ ဒါနဲ့ ဒေါ်ခိုင့်ကို လက်တကာကာလုပ်ထားရင်း က. . .

"ခ. . . ခဏလေးပါ ဒေါ်ဒေါ်ခိုင်ရယ်၊ ကျွန်တော်စာ. . . စာလေးဖတ်ကြည့်ပါရစေဦး၊ စာထဲမှာ ဘာများရေးထား လဲလို့"

"ဘာအခုမှ အတိတ်မေ့သလိုလို ရွှေပျောက်သလိုလိုလုပ် နေတာလဲ၊ အမ်. . . စော်ကားတုန်းက စော်ကားပြီးတော့၊ အခုမှ စားပြီးနားမလည်လုပ်ချင်လို့ရမလား. . ."



www.burmeseclassic.com

# ရာဇဝင်ကို

သူက ဒေါ်ခိုင့်လက်ထဲက စာကို ယူအဖတ်မှာတော့ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရတော့တယ်။

အထဲမှာရေးထားတာ ဘာမှ ကျောက်ကပ်အလှူရှင်ရဲ့ လိပ်စာမဟုတ်ဘူး။ အဲ. . . လိပ်စာတော့ ဟုတ်တယ်။ ဒါပေမယ့် လိပ်စာက ဦးကျော်သူရဲ့ နာရေးကူညီမှုအသင်း လိပ်စာနဲ့ ဖုန်းနံပါတ်။

ဘာပြောကောင်းမလဲ။ စာလည်းဖတ်ပြီးရော သူ့ခမျာ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် တန်းပြေးလာခဲ့ရတော့တာပဲ။ အဲ. . . အပြေးကောင်းလို့ အပျင်းပြေလူသတ်တယ်ဆိုတဲ့ ဒေါ်ခိုင့်လက်ထဲက လွတ်လာခဲ့ပေမယ့် ဒေါ်ခိုင့်အသံလှိုင်းကနေတော့ မလွတ်ပါဘူး။ သူပြေးလာရာ လမ်းတလျှောက်မှာ ဒေါ်ခိုင့်အသံကြီးက ကပ်ပါလာပါတော့တယ်။

"အမလေး. . . အရပ်ကတို့ရဲ့၊ ကြားလို့မှကောင်းကြသေးရဲ့လား၊ ကျွန်မယောကျ်ားက ကျောက်ကပ်မကောင်းလို့ဆေးရုံတက်နေရပါတယ်ဆို၊ နာရေးကူညီမှုအသင်းလိပ်စာ လာပေးတယ်တော့်၊ အမလေး. . . ယောကျ်ားရဲ့ရှင့်မှာလည်း သေပန်းပွင့်လှချည်လားတော့. . . ဟီး. . ဟီး ဟီး. . ."



ဆေးရုံဝန်းကြီးရဲ့ အပြင်ကိုရောက်တော့ သူ့မှာ တော်တော့်ကိုပဲ မောနေပြီ။ ဒါပေမယ့် ကြာကြာအမောဖြေမနေအားသေးဘဲ သူမဆီကို ဖုန်းဆက်ရတယ်။

"ဟယ်လို. . . စာရေးဆရာ၊ ဘေဘီပေးခိုင်းတဲ့စာအိတ် ပေးခဲ့ပြီလား၊ သူက ဘာမှာလိုက်သေးလဲဟင်"

"ဘာမှာရမှာလဲ၊ ဒီမှာ အသတ်မခံရအောင် မနည်းထွက်ပြေးလာရတယ်၊ မင်း တော်တော်ပြဿနာရှာတာပဲ. . . ဟမ်"

"ရှင်! ဘေဘီက ပြဿနာရှာတယ်၊ ဘေဘီက ဘာပြဿနာရှာလို့လဲ"

"ဘာပြဿနာရှာရမှာလဲ၊ မင်းပြောတော့ စာထဲမှာက ကျောက်ကပ်အလှူရှင်တစ်ယောက်ရဲ့ လိပ်စာကိုရေးထားတာဆို"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

"ဘာဖြစ်ရမှာလဲ၊ အထဲက ထွက်လာတာက ရန်ကုန်နာရေးကူညီမှုအသင်း လိပ်စာကြီးကွ"

"ဟယ်. . . တကယ်! သွားပြီ၊ သွားပြီ. . . အဲဒါဆိုရင်တော့ ဘေဘီစာအိတ်ချင်းလွဲပြီးပေးမိပြီ၊ အဲဒါက ဘေဘီ့အသိတစ်ယောက်က စုံစမ်းခိုင်းထားလို့ ပေးရမှာ၊ ဒါဆိုဒေါ်ခိုင့်ကိုပေးရမယ့်လိပ်စာ ဘေဘီဆီမှာကျန်ခဲ့တဲ့ စာအိတ်ထဲမှာပေါ့၊ လာ. . . လာယူပါလားဟင်၊ လာယူပြီးတော့ ပြန်ပေးပေးပါ့လား"

"ဘာကိစ္စပေးရမှာလဲ၊ အသက်လုပြေးလာရပါတယ်ဆိုနေမှ၊ ဒီတစ်ခါသာထပ်သွားလို့ကတော့ နာရေးကူညီမှုအသင်းလိပ်စာက ငါ့အတွက်ဖြစ်သွားမှာပေါ့၊ မင်းဘာသာသွား. . . ငါကတော့ မသွားနိုင်ဘူး"

သူ့စကားအဆုံး သူမက တစ်ဖက်ကနေ တသောသောအော်ရယ်တော့တယ်။ ဘာမှ စာအိတ်မှားတာမဖြစ်နိုင်ဘူး။ ဒါ. . . သက်သက်မဲ့ ကျပ်လွှတ်တာပဲနေမှာ။



ဒီနေ့လည်း သူမနဲ့ချိန်းထားတာမို့ သူက ချိန်းထားတဲ့နေရာကို ကြိုရောက်အောင်သွားလိုက်တယ်။ ဒါပေမယ့် သူမက ဒီတစ်ခါတော့ ဝီရိယတွေကောင်းကာ သူ့ထက်အရင် ကြိုရောက်နေတယ်။ သူမက ဘာတွေပြောလို့လဲတော့မသိ။ စားပွဲထိုးလေးက ဖင်ကုတ်လိုက်၊ ခေါင်းကုတ်လိုက်နဲ့ အတော့်ကိုပဲ အကျပ်ရိုက်နေပုံရတယ်။

သူက သူမနဲ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ရင်း. . .

"ရောက်နေတာကြာပြီလား"

ဆိုတော့ သူမက. . .

"အင်း. . . ထမင်းအိုးတစ်လုံးကျက်လောက်တော့ ရှိပြီ"



www.burmeseclassic.com

တဲ့။ ဖြေတာကိုက သူများနဲ့မတူအောင် ပြောတတ်သူပါ။ သူက ပခုံးတစ်ချက်တွန့်လိုက်စဉ်မှာပဲ သူမက ဘေးနားမှာရစ်သီရစ်သီနဲ့ ပေကပ်နေတဲ့ စားပွဲထိုးလေးကို မော့ကြည့်လိုက်ပြန်ရင်းက. . .

"ဟဲ့. . . သွားတော့လေ၊ ဘာရပ်လုပ်နေတာလဲ၊ ငါက ဗိုက်ဆာလှပြီ"

"ဒါပေမယ့်. . . ဟိုဟာ"

စားပွဲထိုးလေးက နဖူးမှာဝေ့သီနေတဲ့ ချွေးတွေကို လက်ဖမိုးနဲ့ ပွတ်သုတ်လိုက်ရင်း စကားကရှေ့ဆက်ထွက်မလာ။ ဒါနဲ့ သူက ကြားဝင်တဲ့အနေနဲ့. . .

"ဘာဖြစ်နေတာလဲညီ၊ သူမှာထားတာ သွားယူလေကွာ"

"ဟုတ်. . . အဲ. . . မဟုတ်ဘူး၊ လုပ်. . . လုပ်ပါဦးအစ်ကိုရာ၊ ဒီက အစ်မက ကျွန်တော့်ကို ဘာတွေမှာနေမှန်းမသိလို့"

သူမကျပ်ပြန်ပြီဆိုတာကို သိလိုက်ရတာမို့ သူက သူမကို တစ်ချက်ကြည့်လိုက်တော့ သူမက မျက်နှာသေနဲ့ ဘာမှလုပ်မထားတဲ့ရုပ်။

"သူက ဘာမှာလို့လဲကွ"





"ဒီ. . . ဒီလိုပါအစ်ကို၊ အစ်မက ကျွန်တော့်ကိုမေးတယ်၊ တရုတ်စာဘာရလဲတဲ့၊ အဲဒါကျွန်တော်က တရုတ်စာအကုန်ရပါတယ်ဆိုတော့ အစ်မက. . . အစ်မက. . . ဟို"

"ပြောလေ၊ သူက ဘာမှာလို့လဲ"

"ဟို. . . စွန်းဝူခုံးကို မကျက်တကျက်ကြော်ပေးတဲ့"

"ဟင်!"

"အဲဒါ. . . အဲဒါအစ်ကို၊ ကျွန်တော်က မရဘူးပြောတော့ အစ်မက နောက်တစ်မျိုးပြောင်းမှာတယ်"

"ပြောစမ်းပါဦး၊ သူက ဘာမှာတာလဲ"

"ပါကျဲရဲ့နားရွက်ကို စွပ်ပြုတ်လုပ်ပေးတဲ့"

သူက ရယ်ချင်စိတ်ကို မနည်းထိန်းထားရင်းကနေ သူမကို ကြည့်လိုက်မိပြန်တယ်။ သူမကတော့ ခပ်တည်တည်ဆရာ။ ဘာမှပြောင်းလဲမသွားဘူး။

"ကျွန်တော်က အဲဒါလည်း မရပါဘူးခင်ဗျာ့ဆိုတော့ ဒီက အစ်မက နောက်တစ်မျိုးပြောင်းမှာတယ်"

"ပြောစမ်းပါဦး၊ သူက ဘာပြောင်းမှာလဲ"

စားပွဲထိုးလေးက ပြောမယ်ဟန်ပြင်လိုက်စဉ်မှာပဲ သူမက စားပွဲခုံကို လက်နှစ်ဖက်နဲ့ တဗန်းဗန်းရိုက်လိုက်ရင်းက. . .



www.burmeseclassic.com

"ကဲ. . . တော်တော့၊ တော်တော့၊ ငါပဲပြောပြလိုက်မယ်၊ နင်က မစုတ်ကဟုတ်ကတွေနဲ့ ငါ့အလွန်ဖြစ်အောင် လုပ်ပြောနေဦးမယ်၊ ဒီလိုပါ စာရေးဆရာရယ်၊ သူပဲပြောတာလေ၊ တရုတ်စာအကုန်ရတယ်လို့၊ အဲဒါကြောင့် ဘေဘီက ဇွန်းဝူခုံးတို့ ပါကဲ့တို့ကိုမှာတာလေ၊ အဲဒါတရုတ်စာမဟုတ်လို့ ကုလားစာလား. . . ကဲ. . . စာရေးဆရာပဲစဉ်းစားကြည့်စမ်းပါ၊ တကယ်ဆို ဒီမှာတင်ပဲ ဘယ်သူ့အလွန်ဆိုတာ စာရေးဆရာ တွေးမိမှာပါ၊ ဒါပေမယ့် ဘေဘီက သဘောထားကြီးပါတယ်နော်၊ ပါကဲ့ရော၊ ဝူခုံးရောမရဘူးဆိုတော့ ဘေဘီက တရုတ်စာအကုန်ရပါတယ်ဆိုတဲ့ သူ့စကားကို ခွင့်လွှတ်ပြီးတော့တောင်မှ နောက်ထပ်ပြောင်းမှာပေးတယ်၊ ဒါပေမယ့် အဲဒီတစ်မျိုးကိုလည်း သူက မရပြန်ဘူးတဲ့၊ ကဲ. . . စာရေးဆရာပဲစဉ်းစားကြည့်၊ ဘေဘီလွန်သလား၊ သူလွန်သလားဆိုတာ"

"မင်းက ဘာပြောင်းမှာလို့လဲ"

"ဘုန်းတော်ကြီးထန်စင်းရဲ့ အသားကို စင်းကောကြော်ခိုင်းတာလေ"

"အမ်!"





"မအမ်နဲ့၊ ရှင် ဝူခုံးကားမကြည့်ဖူးဘူးလား၊ အဲဒီကားထဲမှာ မိစ္ဆာပေါင်းမြောက်မြားစွာက ဘုန်းတော်ကြီးရဲ့ အသားကိုစားဖို့ အမျိုးမျိုးကြိုးစားနေကြတာလေ၊ ကြိုးလည်း ကြိုးစားချင်စရာပဲမဟုတ်လား၊ အဲဒီအသားကိုသာ စားရရင် သက်ရှည်ကျန်းမာပြီး မအိုမနာမသေဘဲနေရမှာတဲ့၊ အဲဒါကြောင့် ဘေဘီက အခွင့်အရေးရတုန်းစားရမယ်ဆိုပြီး မှာတာကို သူက မရဘူးတဲ့၊ မအိုမနာမသေရင်နေပါ စာရေးဆရာရယ်၊ ဘေဘီက အသက်တော့ရှည်ချင်တယ်၊ သူများတွေကသာ အိုရမှာကိုကြောက်တာ၊ ဘေဘီကတော့ မအိုလိုက်ရမှာကို ကြောက်တာစာရေးဆရာရဲ့"

ဩော်. . . တတ်လည်းတတ်နိုင်လွန်းတဲ့ ကောင်မလေးရယ်ပါပဲ။ သူပဲ ပေါက်ပေါက်ရှာရှာ တွေးတတ်လွန်းတယ်။

"ကဲ. . တော်ပါတော့ကွာ၊ တော်ကြာ၊ စားပွဲထိုးလေး အလုပ်ထွက်သွားပါဦးမယ်၊ ညီလေး. . . ကိုယ့်ကို ကပ်ပချီနိုတစ်ခွက်ပေးကွာ"

"ဟုတ်. . . ဟုတ်ကဲ့အစ်ကို၊ ဒါနဲ့ အစ်မအတွက် ဘာလုပ်ပေးရမလဲခင်ဗျာ"



www.burmeseclassic.com

"ငါမှာတော့ရော ရှိမှာတဲ့လား၊ ပြောစမ်းပါဦး"

"အဲ. . . အဲဒါကတော့"

"အေး. . . အဲဒါဆို အပိုတွေလျှောက်လျှောက်မမေးနဲ့၊ ဆိုင်တိုင်းမှာရတာပဲ မှာတော့မယ်၊ ရေခဲရေတစ်ခွက်ပဲ ပေးတော့၊ ရေခဲရေတော့ ရမှာပါနော်၊ မရရင်လည်းပြောဦး၊ ငါပြောင်းမှာပေးဦးမယ်"

"အော. . . ရ. . . ရတယ်ခင်ဗျာ့၊ ရေခဲရေ ရပါတယ်၊ ခဏလေးစောင့်ပေးပါခင်ဗျာ့"

စားပွဲထိုးလေးက သူမ စိတ်ပြောင်းကာ နောက်တစ်မျိုး ပြောင်းမမှာခင်မှာဘဲ မပြေးရုံတမယ်ခြေလှမ်းတွေနဲ့ ထွက်သွားတယ်။ သူမကတော့ အခုထိ ခပ်တည်တည်ပါပဲ။ ရုပ်တည်ကြီးနဲ့ လုပ်စားတယ်ဆိုတာ ဒါမျိုးကို ပြောတာပဲနေမှာ။

"ကဲ. . . ပြော၊ ကိုယ့်ကို ဘာခိုင်းဖို့ခေါ်တာလဲ၊ အချိန်တော့ အကြာကြီးမရဘူးနော်၊ ငါ ဒီနေ့ စာရေးစရာနည်းနည်းများတယ်"

"အင်းပါ စာရေးဆရာကြီးရဲ့၊ ဘေဘီက အချိန်အကြာကြီး မယူပါဘူး၊ ဒါပေမယ့် ခဏလေးတော့စောင့်ပေး၊ လူတစ်ယောက်လာဦးမှာ"





"အမ်. . . ဘယ်သူလာဦးမှာလဲ"

"ဒီလိုစာရေးဆရာရဲ့၊ ဘေဘီ့ကို အကောင်တစ်ကောင်က လိုက်ကပ်နေတာ၊ ဘယ်လိုပြောပြော ခွာမသွားလို့၊ အဲဒါနဲ့ ဘေဘီလည်း ငါ့မှာရည်းစားရှိတယ်ဆိုပြီး ပြောချလိုက်တာ၊ သူကမယုံဘူး၊ သက်သေပြဆိုတာနဲ့ စာရေးဆရာကြီးကို လှမ်းခေါ်လိုက်တာ၊ အဲဒါစာရေးဆရာကြီးကို ဘေဘီ့ရည်းစားနေရာမှာ ခဏနေပေးဖို့ပါ"

"ဟာကွာ. . . မင်းဟာက ရှုပ်ရှုပ်ယှက်ယှက်"

"မရှုပ်ပါဘူး စာရေးဆရာရယ်၊ စာရေးဆရာက ဒီအတိုင်း ငုတ်တုတ်လေးထိုင်ပေးနေရုံပဲ၊ ကျန်တာ ဘေဘီ့ဘာသာ ပြောမယ်၊ စာရေးဆရာက ဘာစကားတစ်ခွန်းမှ ပြောစရာ မလိုဘူး၊ ဟောဟော. . . ဟိုမှာလာနေပြီ၊ ကြည့်လိုက်. . . ကြည့်လိုက်၊ အဲဒီတစ်ယောက်"

သူမစကားအဆုံး သူမညွှန်ပြရာနေရာကို လှမ်းကြည့်လိုက်တော့ ဆိုင်ထဲကို လှမ်းဝင်လာနေတဲ့ ချာတိတ်တစ်ယောက်ကို တွေ့လိုက်ရတယ်။ ကောင်လေးပုံစံက ဖြူဖြူသန့်သန့်နဲ့ စတိုင်လ်က ခပ်မိုက်မိုက်ရယ်ပါ။ အခုခေတ်စားနေတဲ့ ပီးမက်ဆံပင်ကေလိုလို ဘာလိုလိုကေနဲ့။



www.burmeseclassic.com

သူမက လက်တစ်ဖက်ထောင်ပြလိုက်တော့ ကောင်လေးက သူတို့ဝိုင်းဆီကို တန်းမတ်စွာလျှောက်လာတယ်။ ပြီးတော့ သူနဲ့မျက်နှာချင်းမှာ ဝင်ထိုင်လာရင်း မကြည်သလိုလို၊ ကြည်သလိုလို အကြည့်မျိုးနဲ့ တစ်ချက်ကြည့်လာတယ်။

သူက ပြုံးပဲပြလိုက်ရမလိုလို၊ ခေါင်းပဲညိတ်ပြရမလိုလို ဖြစ်နေတုန်းမှာပဲ သူမဆီက စကားသံထွက်လာတယ်။

"ဟဲ့. . . ဒါပဲ ငါပြောတဲ့ ငါ့ချစ်သူဆိုတာ၊ ကိုကို. . . ဒါ ဘေဘီပြောတဲ့ တစ်ယောက်လေ၊ ဟဲ့. . . ဒါနဲ့ နင့်နာမည်က ဘယ်သူ. . ."

"အောင်ဖုန်းမြင့်"

စကားသံက ဆောင့်တောင့်တောင့်ရယ်။ ဒါပေမယ့် သူမကတော့ ခပ်တည်တည်ပါပဲ။

"သြော်. . . အင်း၊ အောင်ဖုန်းမြင့်တဲ့ ကိုကို"

သူမရဲ့ ကိုကိုဆိုတဲ့ အခေါ်အဝေါ်က နားထဲမှာ ယားကျိကျိရယ်ပါ။ သူမကတော့ ဘာမှထူးထူးခြားခြား ခံစားရပုံမပေါ်။ အောင်ဖုန်းမြင့်က သူ့ကို မကြည်ကြည့် ကြည့်လာတယ်။ သူကတော့ တစ်ချက်ပြုံးပြလိုက်ရင်း "ကိုယ့်နာမည်ကတော့ ဘယ်သူပါ" ဆိုတာကို ပြောမလို့ပြင်တုန်းမှာပဲ သူမဆီက စကားသံက ထွက်တယ်။





"ငါ့ကိုကိုနာမည်က သမိုင်းတဲ့၊ ဒါပေမယ့် သူက စကားမပြောတတ်ဘူးလေ"

အမ်. . . သူမစကားကြောင့် လည်ချောင်းထဲမှာ နင်ခနဲဖြစ်သွားရတယ်။ သူမ. . . သူမ ဘာပြောလိုက်တာလဲ။

"ဘာ. . . သူက စကားမပြောတတ်ဘူး၊ ဟုတ်လား"

ငတိက အဲဒီလို တအံ့တဩရေရွတ်ကာ ကိုယ့်ကို တစ်မျိုးသောအကြည့်နဲ့ ကြည့်လာတယ်။ အဲဒီ တစ်မျိုးသောဆိုတာကလည်း "ဖြစ်မှဖြစ်ရလေကွာ" ဆိုတာမျိုးပါသလို၊ "ကျွတ်. . . ကျွတ်" ဆိုတဲ့ သရော်တော်တော် အဓိပ္ပာယ်မျိုးလည်း ပါပါတယ်။

"အင်းလေ. . . ဘာဖြစ်လို့လဲ"

"စကားမပြောတတ်တဲ့ လူတစ်ယောက်ကို မင်းက ချစ်သူတော်ထားတယ်၊ ပြီးတော့ ငါ့လိုလူကိုကျတော့ မချစ်နိုင်ဘူး၊ ဟုတ်လား"

ငတိက သူမကို အထူးအဆန်းသတ္တဝါတစ်ကောင်လို ကြည့်ရင်း မေးတယ်။ ကိုယ့်မှာတော့ ခေါင်းပဲငုံ့ထားရတော့မလိုလို၊ သနားစရာမျက်နှာပေးလေးပဲ ဖမ်းပြထားရတော့မလိုလို။

ပြီးတော့ အခုမှပဲ သူမရဲ့ "ဒီအတိုင်းလေးထိုင်ပေးနေရုံပဲ၊ စာရေးဆရာက ဘာစကားတစ်ခွန်းမှကို ပြောစရာမလိုဘူး" ဆိုတဲ့



www.burmeseclassic.com

စကားအဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းသိလိုက်ရတယ်။ သူမက အကြံပက်စက်ပြီး ပြောတာကိုး။ ဟင်း. . . မကောင်းမကန်းမလေး။

"အင်းလေ. . . အဲဒါ ဘာဖြစ်သလဲ၊ ငါမှ နင့်ကို မကြိုက်တာ"

"ဘာဖြစ်ရမှာလဲ၊ သူ့လို ဒုက္ခိတတစ်ယောက်ကို ချစ်သူတော်ထားတာကို အံ့သြတာ၊ ပြီးတော့"

"တော်စမ်းပါ၊ ဒီမှာ. . . အချစ်မှာဘာမှမလိုဘူး၊ အချစ်မှာ ချစ်နေဖို့ပဲလိုတာ၊ ငါ့ကိုကိုက ဒုက္ခိတဖြစ်တော့ရော ဘာဖြစ်သလဲ၊ ငါချစ်နိုင်တယ်လေ၊ ပြီးတာပဲ မဟုတ်ဘူးလား၊ ပြီးတော့ နင်မသိသေးတာတွေ ထပ်ပြောလိုက်ဦးမယ်၊ ငါ့ကိုကိုက စကားမပြောတတ်တဲ့အပြင် နားကလည်း မကြားတစ်ချက် ကြားတစ်ချက်ရယ်"

"အမ်!"

"အောက်ပိုင်းကလည်း လေဖျန်းထားလို့ တစ်ယောက်တည်းဆို လမ်းကောင်းကောင်း လျှောက်လို့မရဘူး၊ သေးလူက ထိန်းပေးထားမှ လမ်းလျှောက်လို့ရတာ"

"တကယ်!"





ငတိက အံ့သြတကြီးရေရွတ်ကာ အကြည့်က ကိုယ့်ရဲ့ခန္ဓာကိုယ်အောက်ပိုင်းကို ရောက်လာတာနဲ့ ကိုယ့်မှာ ဖင်ကြောတွေတောင်ကျုံ့ထားလိုက်ရတယ်။

"အလုပ်ကလည်း ဘာမှ မယ်မယ်ရရမရှိဘူး၊ ဟိုလူကခေါ်ခိုင်း၊ ဒီလူကခေါ်ခိုင်းနဲ့ အဲဒီလိုလိုက်လုပ်ပေးရာကနေ ရတဲ့ မုန့်ဖိုးလေးတွေနဲ့ စားရတာ၊ မစားရတစ်လှည့်၊ ငတ်တစ်လှည့်ပေါ့၊ ကြည့်ပါလား၊ အဲဒါကြောင့် ငါ့ကိုကိုက ပိန်နေတာ၊ ဒါပေမယ့် အခုတော့ လေဖျန်းထားလို့ အဲ့အလုပ်တွေ မလုပ်နိုင်တော့ပါဘူး၊ ငါကပဲ ကျွေးမွေးထားရတာပေါ့၊ ချစ်တာကိုးလို့. . . ဟင်း. . . ဟင်း. . . ဟင်း"

"ဘုရား. . . ဘုရား"

အောင်ဖုန်းမြင့်ဆိုတဲ့ငတိက ခနဲ့သလိုလိုပုံစံနဲ့ ဘုရားတတယ်။ ကိုယ်သည်လည်းပဲ ကိုယ့်ဘဝကို ဒီလောက်သနားစရာကောင်းမှန်း အခုမှပဲ သိပါတော့တယ်။

"နေတာကလည်း ဘုန်းကြီးကျောင်းမှာနေရတာ၊ ဘွဲ့တော့ရထားတယ်ဟ၊ ဒါပေမယ့် ကျောင်းပညာဘွဲ့တော့မဟုတ်ပါဘူး၊ ငယ်ငယ်က ကိုရင်ဝတ်လို့ရထားတဲ့ဘွဲ့လေ၊ ရှင်စန္ဒိမာတဲ့"



www.burmeseclassic.com

"အင်!"

ဒီတစ်ခါ "အင်"လိုက်မိတာကတော့ ငတိမဟုတ်။ သူကိုယ်တိုင်ပါပဲ။ ဒါပေမယ့် စိတ်ထဲက "အင်" ရယ်ပါ။ အပြင်မှာတော့ မျက်ပေတုံးနဲ့ ခပ်တည်တည်ပဲ ထိုင်နေရတော့တယ်။

"ဒါ. . . ဒါပေမယ့်ဟာ. . . အခုတော့. . . အဟင့်. . . အဟင့်. . . ရှုတ်. . . "

ဒရာမာမင်းသမီးတောင် နောက်ကောက်ကျသွားမယ့် အိုက်တင်မျိုးနဲ့ သူမက ရုတ်တရက်ငိုချလိုက်တော့ ကိုယ့်မှာ ကြောင်သွားရသလို ငတိကတော့ ပြူးပြူးပျာပျာဖြစ်သွားကာ. . .

"ဘာ. . . ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ"

"အဟင့်. . . ရှုတ်. . . ဘာဖြစ်ရမှာလဲ၊ ငါ့ကိုကိုက ဒီလောကကြီးထဲမှာ သက်တမ်းစေ့ နေလို့မရတော့ဘူးလေ၊ သူ သူက. . . အဟင့်. . . "

ဘုရား. . . ဘုရား. . . ကိုယ်က လောကကြီးမှာ သက်တမ်းစေ့မနေရတော့ဘူးတဲ့။ အမေရေ. . . အမေရဲ့. . . သားကို မကယ်နိုင်တော့ဘူးလား။

"သူက ဘာဖြစ်လို့လဲ၊ ပြောစမ်းပါ၊ သူက ဘာဖြစ်လို့လဲဟင်"

"ကိုကိုက. . . ငါ့ကိုကိုက. . . လေးလုံးဖြစ်နေပြီလေ"





"ဗုဒ္ဓေါ!"

ငတိရဲ့ ဗုဒ္ဓေါက အကျယ်ကြီးရယ်။ ပြီးတော့ အလန့်တကြားဟန်နဲ့ စားပွဲဝိုင်းဘက်မှာ ခပ်ကိုင်းကိုင်းဖြစ်နေတဲ့ ခန္ဓာကိုယ်ကို နောက်ဘက်ပြန်လှန်သွားတယ်။ သဘောက ခုချက်ချင်းပဲ သူ့ဆီကို ရောဂါပိုးတွေ ခုန်ပျံဝင်ရောက်လာတော့မှာကို ကြောက်သွားဟန်မျိုး။

ငတိက အဲဒီလိုဖြစ်သွားတယ်ဆိုတော့ ကိုယ်က ရော. . .။ ကိုယ်ကတော့ သိပ်မဖြုံတော့ဘူးပြောရမှာပေါ့။ ဟိုစကားပုံရှိတယ်လေ။ ဝက်ဖြစ်မှတော့ ချေးစားရမှာ မကြောက်တော့ဘူးဆိုလား။

"ဟုတ်တယ်ဟ၊ ငါ့ကိုကိုက လေးလုံးဖြစ်နေပြီ၊ ဘယ်လိုကဘယ်လိုကူးသလဲတော့ ငါရော သူရော စဉ်းစားလို့ကို မရတော့ပါဘူးဟယ်၊ စောစောကပြောသလိုပေါ့၊ ကိုကိုက လူတကာခိုင်းတာကို လုပ်ခဲ့ရတာဆိုတော့ ဘိန်းစားဆီကပဲ ကူးသလား၊ ဂိမ်းသမားဆီကပဲ ကူးသလားတော့ မပြောတတ်တော့ပါဘူး"

"ဒါဆို နင်တို့နှစ်ယောက်က ဘယ်လိုလုပ် ပေါင်းလို့ရမှာလဲ"



www.burmeseclassic.com

စတိရဲ့ အထစ်ထစ်အငေါ့ငေါ့စကားအဆုံး သူမက တရှုံ့ရှုံ့နဲ့ ငိုနေရာကနေ ဖြုန်းဆို ငိုတာကိုရပ်ပစ်လိုက်ကာ စတိကို ခပ်စူးစူးတစ်ချက်ကြည့်လိုက်တယ်။ တတ်လည်းတတ်နိုင်တဲ့ မိန်းကလေးရယ်ပါ။

"ပေါင်းလို့ မရတော့ရော၊ မချစ်ရတော့ဘူးတဲ့လား၊ ငါက ကိုကို့ကို သိပ်ချစ်တာလေ၊ ဒီတော့ သူဘာပဲဖြစ်နေဖြစ်နေ ငါကတော့ သူ့ဘဝတလျှောက်လုံးချစ်နေမှာပဲ၊ သူမရှိတော့တဲ့အခါ. . . သူမရှိတော့တဲ့အခါဆိုတာက သူသေသွားတဲ့အခါကို ပြောတာပေါ့နော်၊ သူသေသွားတဲ့အခါဆိုတာက သူအသက်ထွက်သွားတဲ့အခါကိုပြောတာပေါ့နော်၊ သူအသက်ထွက်သွားတဲ့အခါဆိုတာက သူအသက်မရှူတော့တဲ့အခါကို ပြောတာပေါ့နော်. . ."

"အင်း. . . ဆက်ပြောလေ၊ သူမရှိတော့တဲ့အခါမှ ငါ့ကိုရွေးမယ်လို့ပြောတာလား၊ ဟုတ်လား"

"ဘယ်ကလာ. . . မဟုတ်ပါဘူး၊ သူမရှိတော့တဲ့အခါကျမှ ငါက သီလရှင်ဝတ်မယ်လို့ပြောတာပါ"

သူမရဲ့စကားအဆုံး စတိက ဝုန်းခနဲ ထရပ်လိုက်တော့ ကိုယ်ရောသူမပါ ဆတ်ခနဲတောင် လန့်သွားရတယ်။ ကိုယ်တို့နှစ်ယောက်လုံးက စတိဘာများလုပ်မလဲပေါ့။





ဒါပေမယ့် စတိက ဘာမှမပြော။ ထိုင်ခုံမှာပဲ ဝုန်းခနဲပြန်ထိုင်တယ်။

ပြီးတော့ ဝုန်းခနဲပြန်ထပြန်တယ်။ စတိပုံစံက တစ်ခုခုကို အသေအလဲ စဉ်းစားနေတဲ့ဟန်။

"ဘာ. . . ဘာဖြစ်နေ"

သူမစကား မဆုံးလိုက်။ စတိက ဝုန်းခနဲ နေရာမှာ ပြန်ထိုင်ပြန်တယ်။ ပြီးတော့မှ ကိုယ့်ကိုတစ်လှည့်၊ သူမကိုတစ်လှည့် ကြည့်လိုက်ရင်း. . .

"ငါ. . . ငါစဉ်းစားနေတာ"

"ဘာကိုလဲ"

"နင့်အချစ်ကို ဘယ်လိုစကားလုံးမျိုးနဲ့ တင်စားရမလဲလို့ပေါ့"

"ဘယ်လို!"

"ဟုတ်တယ်၊ နင့်လောက်ချစ်တတ်တဲ့မိန်းကလေး ဒီလောကကြီးမှာ နောက်တစ်ယောက် ငါထပ်တွေ့ရမှာ မဟုတ်ဘူးဟာ၊ နင့်အချစ်ကို ငါဦးညွှတ်တယ်၊ ဒါပေမယ့် ငါတစ်ခုတော့ ရင်နာတယ်ဟာ(ဒီနေရာမှာ စတိရဲ့အသံက ငိုသံစွက်လာတယ်)၊ ဘာလို့လဲဆိုတော့ အဲဒီနင့်အချစ်တွေက ငါ့အတွက်မဟုတ်ခဲ့လို့ပဲ. . . အိ(စတိ တစ်ချက်ရှိုက်တယ်)



www.burmeseclassic.com

ငါ. . . ငါသွားတော့မယ်ဟာ၊ ငါမခံစားနိုင်တော့ဘူး၊ ဒါပေမယ့်. . . ”

ငတိက ခံစားချက်တွေ နင့်သီးနေဟန်နဲ့ စကားကို ခဏဖြတ်ထားလိုက်တယ်။ ပြီးတော့မှ စိတ်ကို တင်းလိုက်ဟန်နဲ့ စကားကိုဆက်တယ်။ ကိုယ်တောင် ငတိကိုကြည့်ပြီး ငိုချင်လာသလိုလို။

“ငါ့ကို နင့်လိုကောင်မလေးတစ်ယောက်နဲ့ ဆုံဆည်းနိုင်အောင်လို့. . . အိ. . . နင်ဘုရားရောက်တဲ့အခါကျရင် ဆုတောင်း. . . အိ. . . ပေးပါနော်၊ ငါ. . . အိ. . . ငါသွားတော့မယ်ဟာ. . . အိ”

ပြောပြီး ငတိက သူမကို နောက်ဆုံးကြည့်ခြင်းမျိုးနဲ့ တစ်ချက်ကြည့်တယ်။ အဲဒီအခိုက် အကယ်ဒမီမျက်ရည်ကျနည်းလို့ ပြောလေ့ရှိကြတဲ့ မျက်ရည်ကျနည်းမျိုးနဲ့ မျက်ရည်တစ်ဖက်တည်းကျသွားတယ်။ လုံးဝကို ကြေကြေကွဲကွဲ mood ။ မြန်မာ့ရုပ်ရှင် အကယ်ဒမီအကဲဖြတ်တဲ့ဒိုင်တွေများတွေ့ရင် အသည်းတွေအူတွေတောင် ကြွေသွားလောက်တဲ့ မြင်ကွင်း။

နောက်တော့ ငတိက ခေါင်းငိုက်စိုက်နဲ့ လှည့်ထွက်သွားတယ်။

“အဟက် ဟက်ဟက်. . . တွေ့လား၊ တွေ့လား၊ ဘောဘီ ဘယ်လောက်စွမ်းတယ်ဆိုတာ တွေ့လား၊ စာရေးဆရာ





ကြီးလည်း ဘာစကားတစ်ခွန်းမှကို ပြောစရာမလိုလိုက်ဘူး၊ ဟိုတစ်ယောက်လည်း ကြေကွဲသွားရှာပြီ၊ မယုံရင် လိုက်ကြည့်လိုက်၊ အိမ်ရောက်ရင်တောင် စောင်ခေါင်းမြီးခြုံပြီး ထပ်ငိုချင်ငိုနေဦးမှာ. . . ဟီးဟီး. . . ဟီးဟီး. . . အမလေး. . . ရယ်ရတာ အူတွေတောင် နာတယ်”

ဩော်. . . စွမ်းချက်။ စွမ်းချက်များ။ ဒေါင်းတင်မောင်းတင်နဲ့ ခွဲဖို့လာတဲ့ဘဲကို မျက်ရည်စက်လက်နဲ့ ပြန်သွားအောင်လုပ်လွှတ်နိုင်သလို ကိုယ့်မှာလည်း ရစရာကိုမရှိတော့ပါဘူး။ စွမ်းတယ်။ သိပ်ကိုစွမ်းပါတယ် ရွှေရိုးမရယ်။


www.burmeseclassic.com

# ဒဿနလက်ဆောင် (၅)

ပန်းတိုင်လိုရောက်ဖို့...
ကိုယ်လျှောက်မယ့်လမ်းက...
ဆူးညောင့်ခလုတ်တွေကို
ရှောင်ကွင်းသွားနေရင် အချိန်ကုန်တယ်
ဘယ်လိုနင်းသွားရမလဲ စဉ်းစား
အဲဒါမှ အောင်မြေကို မြန်မြန်ရောက်မယ်

☆☆☆☆☆


တံခွန်တိုင်စာပေ
www.burmeseclassic.com

အရာအားလုံး အဆင့်သင်ပြင်ပြီးသွားတဲ့အခါမှာတော့ သူမက မှင်သေသေမျက်နှာထားနဲ့ လှမ်းအော်လိုက်တယ်။

"ကိုကိုရေ. . . Breakfast စားမယ်"

"လာပြီ. . . လာပြီညီမလေး"

"မြန်မြန်လာနော်၊ ညီမလေးက ဗိုက်ဆာနေပြီ"

"လာပါပြီကွာ၊ လာနေပါပြီ"

ကိုကိုက ပြောလည်းပြော၊ သူမရှေ့မှာလည်း ဝင်ထိုင်လာတယ်။ ဒါပေမယ့် သူ့ရှေ့က မှောက်ထားတဲ့ ကော်ဖီပန်းကန်ကို ကောက်အလှန်မှာတော့ ကော်ဖီပန်းကန်အောက်မှာ မိန့်မိန့်ကြီး နေရာယူနေတာက ဖားပြုတ်ကြီးတစ်ကောင်။

"အောင်မလေးဗျ"

ကိုကိုက ဘယ်လောက်လန့်တယ်မလန့်တယ် ပြောမနေနဲ့။ ထိုင်ရာကနေတောင် နောက်ဘက်ကို ထခုန်လိုက်တဲ့အထိ။ သူမမှာ ရယ်လိုက်ရတာ ကော်ဖီတောင် သီးမတတ်ပါပဲ။


www.burmeseclassic.com

"အဟက်ဟက်. . . ဟားဟား. . . ဟား. . . ကိုကိုရယ်၊ ကြောက်တတ်လိုက်တာ ကြည့်ပါဦး၊ ယောက်ျားမဟုတ်တဲ့ အတိုင်းပဲ၊ အရုပ်ကြီးပါ ကိုကိုရဲ့. . . ဟီး. . . ဟီး"

"ဟာကွာ၊ ညီမလေးရာ၊ လုပ်ပြန်ပြီ၊ ဒီမှာလန့်သွားတာပဲ၊ ကိုကိုက အဲဒီလို ဖားတွေ ဖားပြုတ်တွေဆိုရင် အသည်းယားတတ်တာ သိရဲ့သားနဲ့"

ကိုကိုက ထိုင်ခုံမှာ ပြန်ဝင်ထိုင်တယ်။ သူမကတော့ ရယ်လို့ကောင်းတုန်း။

"အေးပါ၊ ရယ်ထားပါ၊ ကိုယ့်အလှည့်ကျမှ မငိုနဲ့နော်"

"အမလေး. . . ဘေဘီတို့က ဘာမှမကြောက်ဘူး"

"အင်းပါ၊ အင်းပါ. . . တွေ့ဦးမှာပါ၊ ဒါနဲ့ ညီမလေး ဒီနေ့ ဘယ်သွားဦးမှာလဲ"

"အခုထိတော့ ဘာမှအစီအစဉ်မရှိသေးဘူး၊ အခုစားနေတယ်၊ ခဏနေရင် ပြန်အိပ်မယ်၊ စားချိန်ရောက်ရင် ပြန်ထစားမယ်၊ ပြီးရင်ပြန်အိပ်မယ်၊ အဲဒီလိုမျိုး အကြမ်းဖျင်း plan ဆွဲထားတယ်. . . ဟဲဟဲ. . ."

"ဒါဆို ကိုကို့ကို တစ်ခုကူညီကွာ"

"ဟင့်အင်း. . . ဟင့်အင်း၊ ညီမလေး ပိုက်ဆံမချေးဘူးနော်"





"အမ်. . . ဘယ်သူက ပိုက်ဆံချေးနေလို့လဲ"

"မသိဘူးလေ၊ ကိုကို့မျက်နှာက ပိုက်ဆံချေးမယ့်ရုပ်ပေါက်နေတာကိုး"

"မဟုတ်ပါဘူးကွာ၊ စတာတွေ ခဏရပ်ထားပါဦး၊ ကိုကိုက အတည်ပြောမလို့"

ဒီတော့မှ သူမက ရွှတ်နောက်နေတာကို ရပ်ကာ မျက်နှာပိုးကို သတ်ထားလိုက်ရတယ်။

"ဟုတ်. . . ပြောပြော"

"ဒီလိုညီမလေးရာ၊ ကိုကိုက ဒီနေ့တစ်နေကုန် နိုင်ငံခြားသားတွေနဲ့ တွေ့နေရမှာ၊ အဲဒါ ညနေကျရင် ကိုကိုမွေးနေ့ပွဲတစ်ခု သွားစရာရှိတယ်၊ ဒါပေမယ့် မွေးနေ့လက်ဆောင်ဝယ်ဖို့က ဘယ်လိုမှ အချိန်မရဘူး၊ အဲဒါကြောင့် ကိုကို့ကို မွေးနေ့လက်ဆောင်ဝယ်ပြီး ကိုကို့ရုံးခန်းထဲမှာ လာထည့်ထားပေးပါလား၊ ကိုကိုက စက်ရုံတွေဘက်ပါသွားရမှာဆိုတော့ ရုံးမှာတော့ ရှိမှာမဟုတ်ဘူး၊ ကိုကို့စားပွဲပေါ်မှာ တင်ထားပေးလေ၊ ကိုကို အပြန်ကျရင် ဝင်ယူပြီးတော့ မွေးနေ့ပွဲကို တန်းသွားလိုက်ချင်လို့၊ နော်. . . ညီမလေး၊ ကူညီမယ်မဟုတ်လား"



www.burmeseclassic.com

"အော်. . . ဒါလေးများ၊ ပြောနေစရာမလိုပါဘူး၊ ကူညီရမှာပေါ့၊ ပြော. . . မွေးနေ့ရှင်က ဘယ်သူလဲ၊ အသက်က ဘယ်လောက်လောက်ရှိပြီလဲ၊ ယောကျ်ားလား၊ မိန်းမလား"

"သူ့ကို ညီမလေးသိပါတယ်၊ 'လွန်းတစ်ရာ" ပိုးထည်တိုက်က မမာလာလေ"

"ဩော်. . . ကိုကို့ကိုချိန်နေတဲ့ အဘျိုကြီး"

"အာ. . . ညီမလေးကလည်း အဲလိုမပြောရဘူးလေ၊ သူများကို"

"အံမယ်. . . မှန်တာကိုပြောတာပါနော်၊ ထားပါ၊ မပြောတော့ပါဘူး၊ ကွယ်ရာပြောရင် အတင်းဖြစ်ဦးမယ်၊ အိုခေ အိုခေ. . . ညီမလေးဝယ်ပို့ထားပေးလိုက်မယ်လေ၊ အဲဒီအပျိုကြီး ဘာကြိုက်တတ်တယ်ဆိုတာ ညီမလေး ကောင်းကောင်းသိပါတယ်"

"အိုခေ. . . ဒါဆို ကိုကိုစိတ်ချမယ်နော်"

ကိုကို့စကားကို သူမက ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့မှ ကိုယ့်အကြံနဲ့ကိုယ် ပြုံးမိတယ်။ နောက်. . . ထပ်ပြုံးမိပြန်တယ်။



မွေးနေ့လက်ဆောင် ပါဆယ်ထုပ်ကိုကိုင်ကာ ကိုကို့ရုံးခန်းကိုရောက်သွားတော့ ကြိုပြောထားတဲ့အတိုင်း ကိုကိုမရှိဘူး။ ဒါပေမယ့် ကိုကို့ရုံးကလူတွေအားလုံးက ဘေဘီ့ကို သိပြီးသားတွေပါ။

"ဟော. . . ဘေဘီ၊ မလာတာတောင်ကြာပြီနော်သမီး၊ မောင်ငွေတိုးဆီလာတာလား၊ သူမရှိဘူးကွယ့် နိုင်ငံခြားသားတွေနဲ့ စက်ရုံတွေဘက်သွားတယ်၊ အပြန်နောက်ကျမယ်နဲ့တူတယ်"

ကိုကို့ရဲ့မန်နေဂျာ အန်ကယ်သောင်းနိုင်က အပြုံးတစ်ခုနဲ့ နုတ်ဆက်လာတယ်။

"ဟုတ်. . . အန်ကယ်၊ သမီးသိပြီးသားပါ၊ ကိုကိုမှာထားတဲ့ ပစ္စည်း လာပို့ပေးတာ၊ သူ့အခန်းထဲမှာပဲ ထားခဲ့လိုက်မယ်နော်"



www.burmeseclassic.com

ကိုကို့အခန်းထဲက စားပွဲပေါ်မှာ ပါဆယ်ထုပ်ကိုတင်ပြီး ပြန်ထွက်လာလိုက်တယ်။

"ဘေဘီလေး. . . ထိုင်ဦးလေကွယ်၊ ကော်ဖီသောက်မလား၊ အန်တီဖျော်ပေးမယ်"

စာရင်းကိုင်အန်တီကြီးဒေါ်မြသက်စကားကို ဘေဘီက ပြုံးလည်းပြုံး၊ ခေါင်းလည်းရမ်းပြလိုက်ရင်း. . .

"သြော. . . တော်ပြီအန်တီ၊ သမီး အခုလေးတင်ပဲ အပြင်က သောက်လာတာ၊ နေကောင်းတယ်နော် အန်တီ၊ မတွေ့တာ တောင်ကြာပြီ"

"ကောင်းပါ့ကွယ်၊ ကောင်းပါ့၊ သမီးရော နေကောင်းရဲ့လား"

"ကောင်းပါတယ်အန်တီရဲ့၊ ဒေါင်ဒေါင်မြည်ပဲ၊ ဘေဘီသွားလိုက်ဦးမယ်နော်၊ အန်ကယ်. . . ဘေဘီပြန်ပြီ"

"အေးအေး. . . သမီး၊ အေးအေး. . . ဂရုတစိုက်လည်း ပြန်ဦးနော်"

နှုတ်ဆက်ကာ ပြန်လာခဲ့လိုက်တယ်။ ညနေ ကိုကိုမွေးနေ့ပွဲက ပြန်လာရင်တော့ ဘာသံကြားရမလဲမသိ။



မွေးနေ့ပွဲကို ငွေတိုးရောက်သွားတော့ မမာလာက ပျာပျာ သလဲပြေးလာကြိုတယ်။

"လာလာ. . . ကိုတိုးလာ၊ ကိုတိုးကို မာလာက မလာတော့ ဘူးထင်နေတာ၊ မျှော်နေတာ လည်ပင်းတောင် သစ်ကုလားအုပ်ဖြစ်တော့မယ်"

"ဆောရီးပါဗျာ၊ ဒီနေ့မှ အလုပ်တွေက နည်းနည်းရှုပ်နေတာနဲ့ နောက်ကျသွားတာ၊ သြော်. . . ဒီမှာ မမာလာအတွက် မွေးနေ့လက်ဆောင်"

"အမလေး. . . လက်ဆောင်တွေ မလိုပါဘူးနော်၊ ဒီက လူကိုပဲလိုတာ သိရဲ့သားနဲ့"



www.burmeseclassic.com

ပြောတဲ့စကားက အနှောင့်မလွတ်အသွားမလွတ်။ ဒါပေမယ့် သူက မသိချင်ယောင်ပဲဆောင်ထားလိုက်တယ်။ ဒါပေမယ့် မမာလာက သူ့လက်ထဲက မွေးနေ့လက်ဆောင်ကိုယူတော့ လက်ဆောင်ထုပ်ကိုရော လက်ကိုရောပါ လုံးထွေးပြီး မလွှတ်တမ်းဆုပ်ကိုင်ထားတယ်။

"လက်. . . လက်ဆောင်ထုပ်ကိုပဲ ယူလေဗျာ၊ လက်. . . လက်ကိုတော့ မယူနဲ့လေ. . . အဟဲ"

"အို. . . ဟုတ်သားပဲ၊ အဟင်းဟင်းဟင်း. . . မျက်. . . မျက်စိအမြင်မှားသွားလို့ပါ၊ ယူတာကတော့ လက်ဆောင်ကိုပါပဲ၊ အဟင်းဟင်းဟင်း. . . လူက လက်ဆောင်ထက်ပိုဆွဲဆောင်မှုရှိနေလို့ဖြစ်မယ်"

အပျိုကြီးက ရှတ်သလိုနောက်သလို၊ အတည်ကြီးလိုလိုနဲ့ ပြောနေတာရယ်ပါ။ ဒါနဲ့သူလည်း လူလွတ်တဲ့တစ်ဝိုင်းမှာ မြန်မြန်ဝင်ထိုင်လိုက်ရတယ်။

"ဟိုမှာ စားစရာတွေကတော့ ဘူဖေးပုံစံပဲထားထားတယ် ကိုတိုး၊ ကိုတိုးကြိုက်တာ သွားယူစားနော်၊ မာလာ ဒီလက်ဆောင်ထုပ်လေးသွားထားလိုက်ဦးမယ်၊ ခဏလေးပဲနော်၊ ပြန်လာမယ်သိလား၊ မကြာဘူး၊ မကြာဘူး"





ပြောပြီး အပျိုကြီးက လှုပ်လီလှုပ်လဲ့နဲ့ အိမ်ထဲဘက်ကို လျှောက်သွားတော့တယ်။ ဒီတော့မှ သူလည်း သက်ပြင်းမောကို ဟင်းခနဲ မှုတ်ထုတ်လိုက်ရတော့တယ်။ ခင်မင်မှုအရ မကောင်းတတ်လို့သာ လာရတာပါ။ တကယ်ဆိုရင် ဒီမွေးနေ့ပွဲကို သူမလာချင်။

ဒါနဲ့ ညီမလေးက အပျိုကြီးအတွက် မွေးနေ့လက်ဆောင်ကို ဘာများဝယ်ပေးလိုက်တာပါလိမ့်။



www.burmeseclassic.com





မမာလာက လက်ဆောင်ထုပ်လေးကိုပိုက်ကာ အိမ်ထဲဘက်ကို ခါတာခါတာနဲ့ လျှောက်လာလိုက်ပြီး အိမ်ထဲရောက်ပြီဆိုမှ ရှိသမျှ အကုန်ပြုတ်ကျမတတ် ခုန်ပေါက်ပစ်လိုက်တယ်။ ချစ်ရသူလေးရဲ့ လက်ဆောင်ဆိုတဲ့အသိက ရင်ဘတ်ကြီးတစ်ခုလုံးကို ဝရုန်းသုန်းကားဖြစ်အောင်ကို လှုပ်ရှားခုန်ပေါက်သွားစေတယ်။

"အမလေး. . . ပျော်လိုက်တာ၊ ပျော်လိုက်တာ၊ သူလေးက ဘာများဝယ်ပေးလိုက်တာပါလိမ့်"

အတွေးနဲ့အတူ ပွဲပြီးအောင်တောင် မစောင့်နိုင်တော့တဲ့ သူမက အခန်းထဲရောက်အောင် ပြေးတက်လာခဲ့လိုက်ပြီး အခန်းထဲရောက်တော့မှ ပါဆယ်ကို ရွရွလေး၊ ရင်တခုန်ခုန်နဲ့ ဖွင့်လိုက်တယ်။



www.burmeseclassic.com

နောက်တော့မှ ပါဆယ်ဘူးထဲကို လက်နှိုက်ကာ ပြန်ဆွဲထုတ်လိုက်တဲ့အခါမှာတော့ လက်ထဲမှာပါလာတာက ခရမ်းသီးကြီးတစ်လုံး။ ခရမ်းသီးတောင်မှ ပိန်တိန်လိမ်တိန်ခရမ်းသီးမျိုးမဟုတ်ဘူး။ ထွားထွားကျိုင်းကျိုင်း၊ ပြောင်ပြောင်တင်းတင်းနဲ့ ရှည်မျောမျော ခရမ်းသီးကြီးတစ်လုံး။

"ဟင်!"

မမာလာခမျာ လန့်ဖျပ်ပြီး ဆတ်ခနဲတောင် တုန်သွားရတယ်။ လက်ထဲက ခရမ်းသီးကြီးကလည်း ကြမ်းပြင်ပေါ်ကို ဘုတ်ခနဲ ပြုတ်ကျသွားတယ်။

ပြီးတော့ စာ[illegible]စ်စောင်။

*တစ်ယောက်တည်းနှပ်စားနော်မမ. .*

*ဘယ်သူ့မှ ပေးမစားနဲ့. . .*

*ချစ်ညီမလေး ဘေဘီ*

တဲ့။ အမပေ[illegible]လေး. . . [illegible]နှောက်ပြီ။ နှောက်ပြီ။ ချဉ်ပေါင်ရိုးမ၊ တုတ်ထိုးမ၊ ရွှေရိုးမ။ ငါ့ကိုနှောက်ပြီ။ ဒင်းလည်း အပျိုကြီးဖြစ်ပါစေတော်။ အပျိုကြီးဖြစ်ပါစေ. . .။



## ဒဿနလက်ဆောင် (၆)

အေးအေးသက်သာနှင့်

နှစ်ရက်သွားရမည့်ခရီးကို. . .

ဒီနေ့ မသွားမိပါက. . .

နောက်နေ့ ပြေးရပေလိမ့်မည်

☆☆☆☆☆



www.burmeseclassic.com

သူမချိန်းတဲ့ ဘတ်(စ်)ကားမှတ်တိုင်ကို ရောက်သွားတော့ ဘတ်(စ်)ကားမှတ်တိုင်မှာ ကားစောင့်နေတဲ့လူတွေက အများကြီး ရယ်ပါ။ ဒါပေမယ့် သူမက ဘာ့ကြောင့် သူ့ကို ဒီဘတ်(စ်)ကားမှတ်တိုင်မှာ ချိန်းမှန်း သူစဉ်းစားလို့မရသေး။

သူမကလည်း စဉ်းစားချိန်တွေ၊ မေးချိန်တွေမပေးပါ။ သူလည်း ဘတ်(စ်)ကားမှတ်တိုင်ကိုအရောက် ဘတ်(စ်)ကားတစ်စင်းကလည်း ထိုးအဆိုက်. . . ကွက်တိပါပဲ။ သူမက လက်ကိုဖျတ်ခနဲဆွဲလိုက်ကာ. . .

"လာလာ. . တက်တက်"

ဆိုပြီး ကားပေါ် ဇွတ်ဆွဲခေါ်၊ ဇွတ်တက်သွားတော့ သူလည်း ယက်ကန်ယက်ကန်နဲ့ ကားပေါ်ပါသွားရတယ်။ အထဲမှာက ထိုင်ခုံ



www.burmeseclassic.com

အလွတ်မရှိ။ ပြီးတော့ ကြားလယ်ခေါင်မှာ မတ်တပ်ရပ်ကာ စီးနေတဲ့လူတွေကလည်း အပြည့်။ ဒီတော့ အထဲထိဝင်မရဘဲ သူရောသူမရောက အပေါက်ဝနားမှာတင်ပဲ သံတန်းကိုကိုင်ကာ ရပ်နေရင်းမှ သူမကို အကြောင်းစုံမေးရတယ်။

"ဘယ်. . . ဘယ်ကိုသွားမလို့လဲ"

"ဘယ်မှ မသွားပါဘူး"

"ဟင်! ဒါဆို ဘာလို့ ဒီကားပေါ်တက်လာတာလဲ"

"ဘာမှမဟုတ်ဘူး၊ ပျင်းပျင်းရှိတာနဲ့ ဘတ်(စ်)ကားစီးရင်ကောင်းမှာပဲဆိုပြီး စိတ်ကူးရတာနဲ့ ဘတ်(စ်)ကားပတ်စီးမလို့လေ၊ ပြီးတော့ တစ်ယောက်တည်းကလည်း မစီးချင်တာနဲ့ အဖော်ရအောင်ဆိုပြီး စာရေးဆရာကြီးကိုပါ လှမ်းခေါ်လိုက်တာ"

"ဟမ်. . . ပျင်းတာနဲ့ ဘတ်(စ်)ကားစီးတယ်၊ ဟုတ်လား၊ ကြားမကြားဖူးပါဘူးကွာ၊ မင်းလုပ်လိုက်ရင် ထင်မှတ်မထားတာတွေချည်းပဲ"

"အခုကြားဖူးပြီမလား၊ ဟဲဟဲ. . . ပြီးတော့ရှိသေးတယ်၊ ကျွန်မခိုင်းမယ့်ဆယ်ကြိမ်မပြည့်မချင်း ရှင်ထင်မှတ်မထားတာတွေ အများကြီးတွေ့ရဦးမှာ"





သူဘာမှပြောမနေတော့။ ဆက်ပြောရင်လည်း အမြီးအမောက်မတည့်တဲ့ ပေါက်တတ်ကရ စကားတွေပဲ သူမဆီက ဆက်ထွက်လာဦးမှာဆိုတော့ အသာငြိမ်နေလိုက်တော့တယ်။ သူမခိုင်းမယ့်ဆယ်ကြိမ် မြန်မြန်ပြည့်သွားမှ နားအေးမှာပါ။

ဒီအချိန်မှာပဲ သူမက သူ့ကိုကျောပေးရပ်နေရာကနေ ခေါင်းကို လည်ပြန်လှည့်လာရင်းက. . .

"နှိုက်. . . နှိုက်ပေးစမ်းပါ"

တဲ့။ ရုတ်တရက်ဆိုတော့ ဘာပြောလိုက်မှန်း နားမလည်ဘူး။

"ဘာ. . . ဘာပြောတာလဲ၊ ဘာကိုနှိုက်ရမှာလဲ"

"ဩော်. . . ကျွန်မကျောပိုးအိတ်ထဲမှာ ပိုက်ဆံအိတ်ပါတယ်၊ နောက်ပြန်ပြီး နှိုက်မရလို့ အဲဒါကိုနှိုက်ပေးစမ်းပါလို့ ပြောတာ၊ ဟိုမှာ စပယ်ယာက လာနေပြီ၊ ပိုက်ဆံပေးရအောင်လို့"

ဒီတော့မှ သဘောပေါက်သွားကာ သူမကျောပိုးအိတ်ကို ဇစ်ဖွင့်ကာ သူမပိုက်ဆံအိတ်ဆိုတာကို စမ်းကာ နှိုက်ယူရတယ်။ အခက်အခဲတော့ မရှိပါဘူး။ ဘာလို့လဲဆိုတော့ သူမက ကျောပိုးအိတ်သာလွယ်ထားတာ။ ကျောပိုးအိတ်ထဲမှာက ပိုက်ဆံအိတ်တစ်လုံးက



www.burmeseclassic.com

လွဲပြီး အခြားဘာပစ္စည်းမှ မပါဘူး။ ဘယ်လိုကောင်မလေးမှန်းကို မသိ။ ပိုက်ဆံအိတ်လေးထည့်ဖို့ကို ကျော်ပိုးအိတ်ကြီးလွယ်လာသ တဲ့။ ပိုက်ဆံအိတ်လေးတင် လက်ကကိုင်လာလိုက်ရင် ပြီးနေတဲ့ ဟာကို။

အဲဒီလိုအတွေးနဲ့အတူ လက်ထဲပါလာတဲ့ ပိုက်ဆံအိတ်ကို သူမဆီပေးဖို့ ဟန်အပြင်မှာတင်ပဲ. . .

"ခါးပိုက်နှိုက်. . . ခါးပိုက်နှိုက်ပါရှင်၊ ဟောဒီမှာ ခါးပိုက် နှိုက်ပါ. . . ဖမ်းကြပါ၊ ဖမ်းကြပါ. . ."

"ဟင်!"

ရုတ်တရက်ထအော်လိုက်တဲ့ သူမကြောင့် ကြောင်သွားရ တယ်။ ခါးပိုက်နှိုက်ဆိုပါလား။ ဘယ်မှာပါလိမ့်။ ဒါပေမယ့် သူမ တစ်နေရာရာမှာ နှိုက်လိုက်တာကို မြင်လို့အော်လိုက်တယ်ထင်တာ နဲ့ သူကလည်း. . .

"ခါးပိုက်နှိုက်တဲ့ဟေ့. . . ခါးပိုက်နှိုက်တဲ့"

လို့ လိုက်အော်ပေးလိုက်တယ်။ သူအော်တော့ တစ်ကား လုံးကလည်း လှုပ်လှုပ်ရွရွနဲ့ ဆူညံသွားတယ်။

"ဟား. . . ခါးပိုက်နှိုက်တဲ့. . . ခါးပိုက်နှိုက်"

"ခါးပိုက်နှိုက်တဲ့တော်ရေ. . . ခါးပိုက်နှိုက်တဲ့. . ."

"ဘယ်မှာလဲ. . . ဘယ်မှာလဲ"





ဆိုတဲ့ အော်သံတွေရဲ့အဆုံး သူမလက်ညှိုးက သူ့ဆီကို ဝဲခနဲရောက်လာတော့ကာ. . .

"ဒီမှာ. . . ဒီမှာပါရှင်၊ ဒီမှာပါ။ ကျွန်မပိုက်ဆံအိတ်ကို နှိုက် ထားတာ သူပါ၊ လက်ထဲမှာ ကိုင်ထားပါတယ်၊ လက်ပူး လက်ကြပ်မိနေတာပါ၊ ဖမ်းကြပါရှင်. . . ဖမ်းကြပါ"

တဲ့။

သူ့တစ်ကိုယ်လုံး တုန်တက်သွားရတယ်။ သူမ ညစ်ပတ်ပြီ။ လက်ထဲမှာကလည်း သူမပိုက်ဆံအိတ်ကြီးက ကိုင်ရက်သားကြီး။ ငြင်းလို့ကလည်း ရမှာမဟုတ်တော့ဘူး။

"ခါးပိုက်နှိုက်ပါတယ် ဆရာရေ၊ အနီးဆုံးရဲစခန်းကိုသာ မောင်း၊ ရဲစခန်းကို"

စပယ်ယာက ကားသမားကို ရဲစခန်းမောင်းဖို့ အော်ပြော တယ်။ သွားပြီ။ ရဲစခန်းရောက်လို့ကတော့ ရှိသမျှသိက္ခာ အကုန်ကျ ပြီ။ ဒါနဲ့ ကြံရာမရတဲ့အဆုံး ပိုက်ဆံအိတ်ကို လွှတ်ချလိုက်ပြီး ကား ပိတ်လို့ အရှိန်နည်းနည်းတန့် သွားတဲ့အခိုက်မှာတင်ပဲ ဘတ်(စ်) ကားပေါ်ကနေ ခုန်ချကာ လွတ်ရာကျွတ်ရာကို နောက်မလှည့်စတမ်း ပြေးလာလိုက်တော့တယ်။ ဒီတော့ နောက်ဘက်ဆီမှာ အသံတွေက ဆူညံပွက်လောရိုက်ကာ ကျန်ခဲ့တော့တယ်။



www.burmeseclassic.com

အဲဒီ. . . အဲဒီအသံတွေထဲမှာမှ မကောင်းဆိုးဝါးမလေးရဲ့ အသံက အကျယ်ဆုံးပါ။

"ဟော. . . ပြေးပြီ၊ ပြေးပြီ၊ ကျွန်မပိုက်ဆံအိတ်ကို နှိုက်တဲ့လူ ထွက်ပြေးသွားပြီ၊ ဖမ်းကြပါရှင်၊ အဲဒါခါးပိုက်နှိုက်ပါ၊ အဲဒီပြေးသွားတဲ့ တစ်ယောက်ကို ဝိုင်းဖမ်းကြပါရှင်၊ ဖမ်းကြပါ. . ."



အားသွန်ခွန်စိုက် လွတ်ရာကျွတ်ရာကို ပြေးလာခဲ့လိုက်ပြီးမှ နောက်ပြန်လှည့်ကြည့်ရတယ်။ ဟူး. . တော်ပါသေးရဲ့။ နောက်ဘက်မှာ ဘယ်သူမှ ပါမလာလို့။

ဒါပေမယ့် ကြာကြာ အမောဖြေမနေအားသေး။ ဒေါသထွက်ထွက်နဲ့ သူမဆီကို ဖုန်းခေါ်ရတယ်။ ပထမတစ်ခါဖုန်းခေါ်တော့ သူမက မကိုင်။ နောက်တစ်ခါထပ်ခေါ်တော့မှ သူမဘက်က ဖုန်းကိုင်လာတယ်။

"အဟီးဟီး. . . ဘာလဲဟင် ခါးပိုက်နှိုက်ကြီး. . ."

တဲ့။ ထူးပုံကိုက။ ဒေါသက ငယ်ထိပ်တက်ဆောင့်သွားရတယ်။

"မင်း. . . မင်း. . . ဘာလုပ်လိုက်တာလဲ၊ ဟမ်. . . မင်း ဘာလုပ်လိုက်တာလဲ"

"ဟင်. . . ဘေဘီက ဘာလုပ်လို့လဲလို့"



www.burmeseclassic.com

## ရာဇဝင်ကို

အသံကိုက ရယ်ချင်ပက်ကျိဖြစ်နေတဲ့ အသံမျိုးနဲ့။

"အရှူးကွက်မနင်းနဲ့၊ မင်း. . . မင်းကွာ"

ဒေါသက တအားထွက်နေတော့ စကားလုံးတွေက လည်ချောင်းထဲမှာတင် တစ်ဆို့ကာ ပြောချင်တာက ထွက်မလာ။ ဒီလိုဖြစ်တော့ သူမက ပိုရယ်တယ်။

"ဟီးဟီး. . . ဟီးဟီး. . . ရယ်ရတယ်ကွာ၊ စာရေးဆရာကြီးက ဒီလိုလည်း ဘေးပေါက်ရှာတာပဲလား၊ မထင်ရဘူးခနော်. . . အဟီးဟီး. . ."

မပြောချင်တော့။ သူက ရန်တွေ့ဖို့ ဖုန်းဆက်လိုက်တာပေမယ့် ဒေါသကပဲ ထွက်နေကာ ဘာစကားမှ ပြောမထွက်လေတော့ သူမလှောင်တာခံရဖို့ကိုပဲ ကိုယ်က ဖုန်းခေါ်ပေးရတာလိုလိုဖြစ်နေတယ်။ ဒါနဲ့ တောက်တစ်ချက်ကိုပဲ ခပ်ပြင်းပြင်းခေါက်ပစ်လိုက်ကာ ဖုန်းကို ချပစ်လိုက်ရတယ်။

တောက်. . . ဒီမကောင်းမကန်းမလေးတော့လား. . .။



"အဟား. . . ဟား. . . ဟား. . . ဒါဆို မင်း ခွေးပြေးဝက်ပြေး ပြေးခဲ့ရတာပေါ့၊ ဟုတ်လား"

"အေးပေါ့ကွ၊ မပြေးလို့ရမလား၊ မပြေးရင် ငါပဲ အရိုးတခြား အသားတခြားဖြစ်မလား၊ မင်းပဲ ငါ့ကို အာမခံနဲ့ လာထုတ်နေရမလား၊ တစ်ခုခုပဲ"

"ဖြစ်ရမယ်ကွာ၊ ဖြစ်ရမယ်၊ မင်းတော့ သူခိုးမယ့် အလုပ်ဆယ်ခုလည်းပြီးရော အသက်လည်းထွက်ရောပဲနဲ့ တူပါတယ်"

နေသွေးရဲ့ စကားအဆုံး သူမရဲ့ "ခါးပိုက်နှိုက်. . . ခါးပိုက်နှိုက်" ဆိုတဲ့အသံက နားထဲမှာ ပြန်ကြားယောင်လာပြန်တယ်။ ကျွတ်. . . ကွာ။ တွေးလေလေ. . . ဒေါသက ထွက်လာလေလေပါပဲ။

"ဒါနဲ့ မင်း. . . သူခိုးတာ ဘယ်နှစ်ခါလုပ်ပြီးသွားပြီလဲ"



www.burmeseclassic.com

## ရာဇဝင်ကို

"သုံးခါလေကွာ၊ ဆေးရုံကို ရန်ကုန်နာရေးကူညီမှုအသင်းရဲ့ လိပ်စာကို လိမ်ပြီးပို့ခိုင်းတာက တစ်ခါ၊ သူ့ကိုလိုက်နေတဲ့ကောင်ကို ဖြတ်ဖို့ကူညီတုန်းကတစ်ခါ၊ အခုဘတ်(စ်)ကားစီးဖို့ခေါ်ပြီး ခါးပိုက်နှိုက်အအော်ခံရတာက တစ်ခါ၊ သုံးခါရှိသွားပြီ"

"အင်း. . . ဒါဆို နောက်ခုနစ်ခါကြီးများတောင် ကျန်သေးတာပေါ့၊ မြင်ယောင်ပါသေးတယ်ကွာ. . . ဟီးဟီး"

"ဘာကိုလဲကွ"

"ဩော်. . . စာရေးဆရာ သမိုင်းကိုကိုတစ်ယောက် ဝတ္ထုတစ်ပုဒ်အတွက် အသက်စွန့်သွားခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ ဂျာနယ်တွေမှာ နောင်တစ်ချိန်ကျရင် ပါလာမှာကိုလေ"

ပြောပြီး နေသွေးက တဟားဟားအော်ရယ်တော့တယ်။ သူကတော့ နေသွေးကို ပါးစပ်လှုပ်ရုံ ဆဲရေးတိုင်းထွာဖြစ်တယ်။ အင်း. . . နေသွေးပြောရင်လည်း ပြောချင်စရာပါပဲ။ နောက်ထပ်ခုနစ်ခါဆိုတာကြီးကို တွေးမိတော့ ကြက်သီးတောင် ထသွားရပါတယ်။



## ဒဿနလက်ဆောင် (၇)

မင်းဘယ်လောက်
စွမ်းဆောင်နိုင်တယ်ဆိုတာ
မင်းအသိဆုံးပါ...
'ဒီအလုပ်မှာ မင်းမဆောင်ရွက်နိုင်ဘူး' ...လို့
တစ်စုံတစ်ယောက်က ပြောလာတိုင်း
အဲဒီလူရဲ့ သံသယကို...
မင်းအကြိမ်ကြိမ် ချေဖျက်ပြနိုင်တယ်ဆိုတာ
သက်သေပြလိုက်ပါ...

(မီရှဲလ် အိုဘားမား)

☆☆☆☆☆



www.burmeseclassic.com

ဒီနေ့တော့ သူမက သူ့ကို ပုံစံတစ်မျိုးနဲ့ နှိပ်ကွပ်ပါတယ်။ သူမက သူ့ကို ပစ္စည်းတစ်ခုဝယ်စရာရှိလို့ သူနဲ့လိုက်ခဲ့ပေးပါဆိုတာနဲ့ သူမခေါ် ဆောင်ရာနောက်ကို ပါလာရပါတယ်။ ဒါပေမယ့် သူမက ဘာပစ္စည်းဝယ်ချင်တယ်ဆိုတာကို မပြောဘူး။ သူက ဘာပစ္စည်းလဲ မေးတော့လည်း. . .

"စာရေးဆရာ မသိပါဘူး၊ ပြီးတော့ စာရေးဆရာ အဲဒီပစ္စည်းကို မြင်ဖူးမှာလဲမဟုတ်ဘူး၊ ဘေဘီပဲသိတယ်၊ အဲဒီတော့ လိုက်မှာသာ လိုက်ခဲ့စမ်းပါ"


www.burmeseclassic.com

ရာဇဝင်ကို

ဒါနဲ့ သူမနောက်ကိုသာ အသာလိုက်လာလိုက်ရတယ်။ ဒါပေမယ့် သူမက ယုဇနပလာဇာ၊ Ruby Mart၊ Junction square၊ တော်ဝင်စင်တာ စသဖြင့် တစ်ခုပြီးတစ်ခုကူးကာ ပတ်တယ်။ မနက်ဆယ်နာရီလောက်ကနေ ပတ်တဲ့အပတ်ဟာ ညနေလေးနာရီထိုးတဲ့အထိ သူမလိုချင်တဲ့ပစ္စည်းက ရှာမရဘူး။ ဘာကိုလိုချင်မှန်းလည်း မသိ။ ဆိုင်တွေကို မေးဆိုတော့လည်း "မြင်မှသိမှာ၊ ဘေဘီလည်း အဲဒီပစ္စည်းကို နာမည်မခေါ်တတ်ဘူး" တဲ့။

အဲဒီလိုနဲ့ ညနေလေးနာရီ ခွဲသွားတဲ့အခါမှာတော့ ဘယ်လိုမှကိုဆက်ပြီး သည်းမခံနိုင်တော့ဘူး။

"ကဲ. . . မင်းပစ္စည်းက ဘာပစ္စည်းလဲကွာ၊ ပြောစမ်းပါဦး၊ တစ်နေကုန် ပတ်နေတာ၊ ငါခြေထောက်ညောင်းနေပြီကွ၊ နာမည်မခေါ်တတ်ရင်လည်း ပုံစံပြောပြ"

"ဟို. . . ဘေဘီလိုချင်တာကလေ ခွေးနဲ့ဝက် စပ်မွေးထားတဲ့ အိမ်မွေးတိရစ္ဆာန်တစ်ကောင်လောက်လိုချင်တာ"

"အမ်. . . အဲလိုသတ္တဝါရှိလို့လား၊ ငါတော့ ဘယ်မှာမှ အဲလိုအကောင်မျိုး မွေးထားတာ မတွေ့ဖူးပါဘူး"

"ရှိတယ်၊ ဘေဘီတွေ့ဖူးတယ် စာရေးဆရာရဲ့"



ကျွန်တော့်မှာသည်းသည်းလှုပ်ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်

"ဟုတ်လား၊ အထူးအဆန်းပဲ၊ အဲဒါဆိုရင်လည်း အဲဒီကို သွားမေးကြမယ်လေကွာ၊ ဘယ်က ဝယ်တာလဲလို့ ဒီလောက်ထူးဆန်းတဲ့အကောင်မျိုးဆိုတော့ ဒီမှာရှိချင်မှလည်းရှိမှာ၊ နိုင်ငံခြားတို့ဘာတို့က မှာမွေးထားတာ ဖြစ်ချင်လည်း ဖြစ်နေမှာ၊ လာ. . . အဲဒီမွေးထားတဲ့အိမ်ကိုပဲ သွားမေးရအောင်"

"အာ. . . အဲလိုသွားမေးလို့မရဘူး စာရေးဆရာရဲ့"

"အမ်. . . ဘာလို့ မရတာလဲ"

"ဘေဘီက အဲဒီအကောင်တွေကို ညကမက်တဲ့အိပ်မက်ထဲမှာ တွေ့လိုက်တာလေ"

"ဘာ!"



www.burmeseclassic.com





# ဒဿနလက်ဆောင် (၈)

အိပ်မက်ခြင်းမရှိရင်
အိပ်မက်ဆိုတာလည်း
မရှိဘူးလို့ ပြောကြတယ်
ဒါပေမယ့်...
အိပ်နေရုံနဲ့တော့...
အိပ်မက်ဆိုတာ ဖြစ်မလာနိုင်ဘူး

☆☆☆☆☆



www.burmeseclassic.com

သူမမွေးနေ့ အိမ်လာခဲ့ပါ၊ ကိုနေသွေးကိုပါ ခေါ်ခဲ့ပါဆိုတာနဲ့ နှစ်ယောက်သားထွက်လာလိုက်ကြတယ်။ အစကတော့ သူကရော၊ နေသွေးကရော အလုပ်တွေ အကြောင်းအမျိုးမျိုးပြကာ မအားကြောင်းပြောပြီး ငြင်းပါသေးတယ်။ ဒါပေမယ့် မရ။ ဒါဟာလည်း သူမခိုင်းမယ့် ဆယ်ကြိမ်ထဲက တစ်ကြိမ်လို့ ပြောလာတော့ သူ့မှာ မလာဘဲနေလို့မရတော့။ ဆယ်ကြိမ်မြန်မြန်ပြည့်ဖို့က အရေးကြီးတယ်မလား။ အဲဒီလို မဖြစ်မနေ သူသွားရတော့မယ်ဆိုတော့ ကာ နေသွေးကိုလည်း တပ်ကူရအောင် ဇွတ်အတင်းခေါ်လာရတော့တာပါပဲ။

"ဟော့ကောင်. . . ဒီအိမ်ဟုတ်ကောဟုတ်ရဲ့လား"

"မသိဘူးလေ၊ သူပေးထားတဲ့ လိပ်စာအရဆိုရင်တော့ ဒီအိမ်ပါပဲ၊ အဲဒါဆိုရင်လည်း ခေါ်ကွာ၊ ခေါ် . . ."



www.burmeseclassic.com

"ခေါ်ကွာ" ဆိုမှ ခြံထဲကို ဝေ့ဝဲကြည့်ရတယ်။ ခြံထဲမှာက လူရိပ်လူယောင် မတွေ့ရ။ မွှေးနေ့ပွဲလည်း ဆိုသေးတယ်။ ခြံထဲမှာကလည်း သရဲခြောက်မှာတောင် ကြောက်ရလောက်အောင် တိတ်ဆိတ်နေတာကြီးက တစ်မျိုးကြီးပါပဲ။ သူမ ကြပ်ပြန်ပြီလား မသိ။ ဒါပေမယ့် မတတ်နိုင်။ ရောက်လာမှတော့ ဝင်ရတော့မှာပဲ။

ဒါနဲ့ လူခေါ်စရာ တစ်ခုခုကိုရှာရတယ်။ အိမ်တွေမှာ တပ်ထားလေ့ရှိကြတဲ့ ခေါင်းလောင်းများရှိမလားလို့ ရှာကြည့်ပေမယ့် မတွေ့။

"ဟော့ကောင်. . . ဟိုမှာ ဟိုမှာ"

နေသွေးလက်ညှိုးညွှန်ပြရာနေရာကို လှမ်းကြည့်လိုက်တော့ လူခေါ်ဘဲလ်တစ်ခု။ ဒါနဲ့ အဲဒီကိုဝမ်းသာအားရလျှောက်သွားလိုက်ကာ ဘဲလ်ကို နှိပ်မလို့ လက်အလှမ်းမှာတင်ပဲ အထက်နားမှာ ရေးထားတာက. . .

*ပျက်နေသည်*

တဲ့။

"ဟင်! ပျက်နေတယ်တဲ့ကွ"





သူ့စကားအဆုံး နေသွေးက သက်ပြင်းမောတစ်ခုကို ချလိုက်ကာ. . .

"ဒါဆိုလည်း ပါးစပ်နဲ့ပဲ အော်ခေါ်ကွာ"

"အေး. . . အဲဒါပဲကောင်းတယ်"

ဒါနဲ့ အသက်ကို ခပ်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ကာ ခြံထဲဘက်ဆီကို အော်ခေါ်ရတော့တယ်။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့. . . ဗျို့. . . အိမ်ရှင်တို့ရှိလားဗျို့၊ အိမ်ရှင်တို့"

အသံသာ နာလာတယ်။ တစ်ယောက်မှ ထွက်မလာ။ ဒီမှာတင်ပဲ နေသွေးက နောက်ထပ်တစ်ခုကို ထပ်ရှာတွေ့သွားတယ်။

"ဟော့ကောင်. . . သားကြီး. . . ဒီမှာဒီမှာ"

"ဘာလဲ"

နေသွေးပြရာကို ကြည့်လိုက်တော့ ကြေးစည်သေးသေးလေးတစ်ခုက အုတ်နံရံအပေါ်နားမှာ ချိတ်လို့။ ပြီးတော့ ဘေးနားမှာ ကပ်ထားတဲ့စာက. . .

*တီးပါ*

တဲ့။ လူခေါ်ဖို့ ကြေးစည်ကိုတီးပါဆိုတဲ့ သဘော။ ကြားမကြားဖူးပေါင်ကွာ။ ဘယ်လိုအိမ်ပါလိမ့်။



www.burmeseclassic.com

"ဟင်. . . ဘယ်လိုကြီးလဲ"

သူက ခတ်ပျက်သလို ရေရွတ်လိုက်မိပေမယ့် နေသွေးက တော့ တစ်ချက်ပြုံးလိုက်ကာ ခေါင်းတညိတ်ညိတ်နဲ့. . .

"ဘယ်လိုကြီးမှ လဲမနေနဲ့တော့၊ ဒီလိုပေါက်ကရလုပ်ထား တာကို ကြည့်ခြင်းအားဖြင့် ဒီအိမ်ဟာ မင်းရဲ့ရွှေရိုးမအိမ် ဆိုတာ သေချာသွားပြီ၊ တစ်အိမ်လုံးက ဂေါက်တွေနေမှာ ပေါ့၊ အဲဒီတော့ ပြောတဲ့အတိုင်း တီးသာ တီးပေတော့"

"ငါ မတီးရဲဘူးကွာ၊ မင်း. . . မင်းတီးကြည့်လိုက်"

"ဟင်း. . . ဖြစ်ရမယ်၊ ငါတော့ လူပေါင်းမှားတာလား၊ လူ မှားကြီးကိုပဲ ပေါင်းမိတာလားတော့ မသိဘူး၊ ငရုတ်သီးနဲ့ ပေါင်းမိတဲ့ ကြက်သွန်ဖြူလို ငါပါ ရောအထောင်းခံနေရပြီ"

နေသွေးက ပွစိပွစိရေရွတ်ပြန်ကာ ကြေးစည်ကို ဖြုတ်ကာ တီးတယ်။

"ဒ်နောင်. . . ဝေါင်. . . ဝေါင်. . . ဝေါင်"

ဆိုတဲ့ ကြေးစည်သံက ပတ်ဝန်းကျင်ရဲ့ တိတ်ဆိတ်မှုကို ဖြိုခွင်းပြီးထွက်လာတယ်။ ဒါပေမယ့် အိမ်ထဲဘက်ကတော့ တိတ် ဆိတ်မြဲပါပဲ။ ဒါနဲ့ နေသွေးက နောက်တစ်ချက်ထပ်တီးကာ အိမ်ထဲ





ကို အကဲခတ်ပြန်တယ်။ ဘာမှ မထူးဘူး။ ဒါနဲ့ နေသွေးက အဆက် မပြတ် ဆက်တီးတော့တယ်။

ဒီတော့မှ အိမ်ထဲဘက်ဆီကနေ အဒေါ်ကြီးတစ်ယောက် က တစ်ရာတန်လေးတစ်ရွက်ကိုင်ကာ ထွက်လာပြီး အနားရောက် တော့ သံတံခါးကြားကနေ တစ်ရာတန်လေးကို လှမ်းပေးလာရင်း က. . .

"အလှူငွေ. . . တစ်ရာပါရှင့်"

"ဗျာ!"

"အလှူငွေ တစ်ရာလို့ပြောတာလေ၊ ဘာလဲ၊ နည်းလို့လား၊ အိမ်ရှင်က ဒီလောက်ပဲ လှူခိုင်းတာရှင့်၊ ကျွန်မကလည်း ဒီက အလုပ်သမား၊ နည်းတယ်ထင်ရင်လည်း မလှူတော့ ဘူး၊ ကန်တော့ဆွမ်း"

ပြောပြီး အဒေါ်ကြီးက လှည့်ထွက်သွားဖို့ပြင်တယ်။

"ခ. . . ခဏလေး. . . အန်တီ၊ ခဏလေး"

ဆိုတော့ ပြန်လှည့်ကြည့်လာတယ်။

"ဘာ့လဲ"

"ဟို. . . ကျွန်တော်တို့က အလှူခံမဟုတ်ပါဘူး၊ ဒီအိမ်က မွေးနေ့ပွဲကို ဖိတ်ထားလို့လာတာပါ"



www.burmeseclassic.com

"ဟမ်. . . မွေးနေ့ပွဲ! ကြံ့ကြံ့ဖန်ဖန်၊ ဒီအိမ်မှာ ဘာမွေးနေ့ပွဲမှ မရှိဘူး၊ လာအကြောင်းမရိုက်နဲ့၊ ဒါမျိုးတွေရှိုးနေပြီ၊ ဒီမှာတွေ့လား"

အဒေါ်ကြီးက သွားဖြဲပြတယ်။ ဒါကို သူတို့နှစ်ယောက်က ကြည့်လိုက်ကြပြီး နေသွေးက. . .

"ဩော. . တွေ့တယ်တွေ့တယ်"

"ဘာတွေ့တာလဲ"

"ရွှေသွား. . . ရွှေသွားလေ၊ နှစ်ချောင်းတောင်"

"အဲဒါ တစ်ချောင်းကို သုံးသောင်းတောင်ပေးရတယ်. . . ဟမ်. . . မဟုတ်ပါဘူး၊ ဘာတွေပြောနေတာလဲ၊ နင်တို့ကို ရွှေသွားပြတာမဟုတ်ဘူး၊ အံတိုနေပြီ၊ အံတိုနေပြီဆိုတာကို ပြတာ၊ ဘယ်လိုဟာတွေလဲ မသိဘူး၊ အူကြောင်ကြောင်နဲ့၊ ရုပ်တွေကိုက လစ်ရင်ခိုးမယ်၊ မလစ်ရင် ဓါးပြတိုက်မယ်ဆိုတဲ့ ရုပ်မျိုးတွေ"

အင်. . .။ ဘွားတော်ပြောလိုက်မှပဲ ကိုယ်တွေရုပ်ရည်ဒီလောက်သန့်နေတာ ပေါ်လွင်သွားရတော့တယ်။ ဟင်း. . . ယောက်ျားဖြစ်နေလို့ပေါ့ကွာ။ မိန်းမသာဆို The Model Academy မှာ သွားပြိုင်တယ်။





"မ. . . မဟုတ်သေးပါဘူး အန်တီရယ်၊ ကျွန်တော်တို့ကို တကယ်ဖိတ်ထားလို့ပါ၊ ဒီအိမ်က ဘေဘီရွှေရိုးတို့အိမ်ဟုတ်တယ်မလား"

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ၊ ဒါပေမယ့် ဘာမွေးနေ့မှ မရှိဘူး"

"ရတယ်. . . ရတယ်၊ သူ့ကိုပဲ ခေါ်ပေးပါ၊ ကျွန်တော်တို့ကို သူဖိတ်ထားတာပါ"

သူ့စကားအဆုံး ဘွားတော်က မယုံသလို ကြည့်လာတယ်။ သူတို့နှစ်ယောက်စလုံးကလည်း ဘွားတော်သနားလာအောင် မျက်နှာလေးတွေကို ငယ်ထားလိုက်ရတယ်။ ဒါမှ ဘွားတော်ပြောတဲ့ သူခိုးရုပ်၊ ဓါးပြရုပ် မထွက်မှာလေ။ ဒီတော့မှ ဘွားတော်က ရှုပ်ကိုရှုပ်တယ်ဆိုတဲ့အထာမျိုးနဲ့ တစ်ချက်ပိတ်ကြည့်ခဲ့ကာ. . .

"ဒါဆိုလည်း ခဏစောင့်"

ဆိုပြီး ထွက်သွားတယ်။ သိပ်မကြာဘူး။ ပြန်လာကာ တံခါးဖွင့်ပေးတယ်။

"ဝင်ဝင်. . . မြန်မြန်၊ စောစောကတည်းက ဘေဘီအသိပါလို့ ပြောလိုက်ရင် ပြီးနေတာကို"

အင်. . .။ အတော်ကြောက်ရပါလားနော်။ ဒီအိမ်မှာရှိတဲ့လူတွေကလည်း ဇော်တွေချည်းပါပဲလား။ အေးပေါ့လေ. . . အိမ်



www.burmeseclassic.com

ရှင်ကတောင် ဝေါက်သီးဆိုမှတော့ အလုပ်သမားဆိုတာတွေဟာလည်း ဝေါက်တံဖြစ်ပြီပေါ့။

အထဲရောက်တော့ ဘေဘီရွှေရိုးကို ညှော်ခန်းထဲမှာ အဆင်သင့်တွေ့ရတယ်။

"လာလာ. . . ဘေဘီက စာရေးဆရာတို့ကို စောင့်နေတာကြာလှပြီ"

သူက အိမ်ထဲကို တစ်ချက်ဝေ့ဝဲ အကဲခတ်နေတုန်းမှာပဲ နေသွေးက အနီးနားက ခုံတစ်လုံးမှာ ဝင်ထိုင်ဖို့လုပ်တယ်။ ဒါပေမယ့်လည်း. . .

"မထိုင်နဲ့ မထိုင်နဲ့"

သူမစကားကြောင့် နေသွေးဖင်က လေထဲမှာတင် ထိုင်ရမလို ထရမလိုနဲ့ ကုန်းကုန်းလေးရပ်တန့်သွားရင်း. . .

"ဘာ. . . ဘာလို့လဲ"

"ဩော. . . ဘာမှမဟုတ်ဘူး၊ ဟိုဟာ စားဖို့သောက်ဖို့က အဆင့်သင့်ဖြစ်နေပြီလေ၊ အဲဒါကြောင့် စားသောက်ဝိုင်းကို တစ်ခါတည်းသွားလိုက်ရအောင်လို့ပါ"

ဒီလိုနဲ့ သူမဦးဆောင်ခေါ်သွားရာ ထမင်းစားခန်းထဲကို နောက်ကနေ ခပ်ရှိ့ရှိ့ပုံစံနဲ့ လိုက်သွားကြရတယ်။





အထဲရောက်တော့လည်း ပြင်ဆင်ထားတာတွေက ခပ်ဆန်းဆန်းရယ်။ စားပွဲဝိုင်းအလယ်ခေါင်မှာ ထောင်ထားတဲ့ ဆိုင်းဘုတ်က " VIP " တဲ့။ ပြီးတော့ လူထိုင်စရာ ခုံကလည်း သုံးခုံပဲထားထားကာ တစ်နေရာမှာက "စာရေးဆရာ သမိုင်းကိုကို" တဲ့။ နောက်တစ်နေရာမှာကျတော့ "ဓာတ်ပုံဆရာ နေသွေး" တဲ့။ တစ်နေရာမှာကျတော့ ဘာမှမရှိ။ သဘောကတော့ အဲဒီနေရာဟာ သူမအတွက်လို့ ဆိုလိုတာပေါ့။

"တွေ့လား. . . ဘေဘီက လုံးဝ အထူးသီးသန့် ညှော်သည်တွေကိုကျွေးသလိုမျိုး ပြင်ဆင်ပေးထားတာ၊ ကဲ. . . ထိုင်ထိုင်၊ ကိုယ့်နာမည်ရှိတဲ့နေရာမှာ ထိုင်"

ပြောပြောဆိုဆို သူမက နေရာလွတ်မှာ ဝင်ထိုင်တော့ သူတို့နှစ်ယောက်ကလည်း ကိုယ့်နာမည်ရှိတဲ့နေရာမှာ ဝင်ထိုင်လိုက်ကြတယ်။

"ဒါနဲ့ ဒီနေ့က မင်းမွေးနေ့မဟုတ်ဘူးဆို၊ ဟိုအန်တီက ပြောတာ"

"အင်းလေ. . . ဒီနေ့က ဘေဘီ့မွေးနေ့ မဟုတ်သေးဘူး၊ ဘေဘီ့မွေးနေ့က နောက်ထပ်ခြောက်လလောက်လိုသေးတယ်၊ အခုဟာက ကျွေးခွင့်ရတုန်းမှာ မွေးနေ့အကြိုကျွေး



www.burmeseclassic.com

ထားတာ၊ တကယ့်မွေးနေ့ရောက်ရင် ကျွေးခွင့်မရဘဲ နေမှာစိုးလို့”

“အမ်! ”

“မအန်ပါနဲ့ စာရေးဆရာရယ်၊ စားတောင်မစားရသေးဘူး၊ ကဲ. . . စားကြ စားကြ၊ စီစဉ်ထားတာက မုန့်ဟင်းခါး ဘူဖေးပါ”

“ဘယ်လို မုန့်ဟင်းခါးဘူဖေး! ”

နေသွေးရဲ့ တအံ့တသြအမေးကို သူမက တစ်ချက်ပြုံးလိုက်ရင်း. . .

“အင်း. . . ဟုတ်တယ်၊ နောက်ဘက်က တန်းပေါ်မှာလေ၊ မမြင်ဘူးလား၊ မုန့်ဖတ်တွေ၊ ဟင်းရည်တွေ၊ အကြော်တွေ၊ ကြက်ဥတွေ၊ ငါးဖယ်တွေ၊ နံနံပင်တို့ ဘာတို့ အစုံပဲ၊ သတ်သတ်စီထားပေးတယ်လေ၊ ကိုယ့်ရှေ့မှာ မှောက်ထားတဲ့ ပန်းကန်လေးတွေကိုယူပြီး ကိုယ်စားချင်တာကို ထည့်စားကြပါ၊ ကဲ. . . အဲလို ကိုယ်ကြိုက်တာထည့်စားရမှတော့ ဘူဖေးပဲပေါ့မဟုတ်ဘူးလား၊ အဲဒါကြောင့် မုန့်ဟင်းခါး ဘူဖေးလို့ပြောတာ၊ ကဲကဲ. . . စားကြ၊ စားကြ”





တတ်လည်းတတ်နိုင်တဲ့ ကောင်မလေးရယ်ပါပဲ။ သူက ခေါင်းတရမ်းရမ်းနဲ့ပဲ ကိုယ့်ရှေ့မှာ မှောက်ထားတဲ့ ပန်းကန်နဲ့ဇွန်းကိုယူကာ ထ, ထည့်ရတယ်။

အဲ. . . အခက်တွေ့နေရတာကတော့ နေသွေးပါပဲ။ သူကလည်း မုန့်ဟင်းခါးထထည့်စားဖို့ မှောက်ထားတဲ့ပန်းကန်ကို ဆွဲလှန်ယူလိုက်တယ်။ ဒါပေမယ့် ပန်းကန်က ခုံနဲ့ကပ်နေတာ ဘယ်လိုမှကို ဆွဲလှန်လို့လည်းမရ။ “မ” လို့လည်းမရ။

နေသွေးက လေများခိုနေသလားဆိုပြီး နောက်တစ်ခါ အံကြိတ်ကာ မ, ကြည့်တယ်။ ဒါပေမယ့် ပန်းကန်က လုံးဝကိုမှ ကြွမလာ။ ခက်ပြီ။ သူမကိုကြည့်လိုက်တော့လည်း သူမက ခပ်တည်တည်ရယ်။ ပြီးတော့ သူ့ကိုလည်း ကြည့်မနေ။ သူမက လက်သည်းမှာ ဘာကပ်နေလို့ရယ်မသိဘူး။ သည်းကြီးမည်းကြီးကို ငုံ့ခွာနေတယ်။

ဒါကို သမိုင်းကတော့ မသိ။ သူမုန့်ထည့်ကာ ပြန်ထိုင်လိုက်တဲ့အထိ နေရာကမထသေးတဲ့ နေသွေးကို. . .

“ဟော့ကောင်. . . ထထည့်လေကွာ၊ မင်းက မစားဘူးလား၊ မင်းပဲလမ်းမှာပြောတော့ ဗိုက်ဆာနေတယ်ဆို၊ ဘာထိုင်လုပ်နေတာလဲ”



www.burmeseclassic.com

သူစကားအဆုံး ဘေဘီအကြည့်ကပါ နေသွေးဆီရောက် လာရင်း. . .

“အင်းလေ. . . ဟုတ်သားပဲ ကိုနေသွေးကလည်း၊ ထထည့် စားလေ၊ ဘာလုပ်နေတာလဲ”

နေသွေးက ဘာမှမပြောသေးဘူး။ တစ်ချက်ပြုံးပြကာ ပန်းကန်ကို အသာမကြည့်ပြန်တယ်။ ဒါပေမယ့် မရ။ ပန်းကန်က သံမှိုနဲ့ရိုက်ထားသလိုကို စွဲစွဲမြဲမြဲကပ်နေတာ။

“ဟို. . . ကျွန်. . . ကျွန်တော် ဗိုက်မဆာလို့ပါ”

“ဟင်. . . ဘေဘီက စားစေချင်လို့ တကူးတကတောင် ဖိတ်ကျွေးရတာကို မစားဘူးဆိုတော့”

“အင်းလေကွာ. . . မင်းပဲပြောတော့ ဗိုက်ဆာတယ်ဆို”

“စောစောကတော့ ဆာတယ်ကွ၊ ဒါပေမယ့် အခုဘယ်လို ဖြစ်တယ်မသိဘူး၊ မဆာတော့လို့”

“ဖြစ်ရမယ် မင်းကတော့၊ မဆာဆာ နည်းနည်းတော့ စား လိုက်လေကွာ”

“နည်းနည်းလေးမှကို မဆာလို့ပါကွာ”

ဒီအချိန်မှာပဲ နေသွေးဗိုက်ထဲက “ဂွီ” ဆိုတဲ့ အသံကြီးက ထွက်လာတော့တယ်။ အဲဒီအသံလည်းကြားရော သူမက မတည်နိုင် တော့ဘူး။ ခွက်ထိုးခွက်လန်ကိုအော်ရယ်တော့တယ်။





“အဟက်ဟက်. . . ဟားဟား. . . ဟား. . . ဒေါ်ကြီးရွှေ ရေ၊ ပန်းကန်တစ်လုံးလောက်ယူခဲ့ပေးပါဦး၊ ဘေဘီက စ တာပါ၊ အဲဒီပန်းကန်က မလို့မရအောင် ကော်တွေနဲ့ ကပ်ထားတာ၊ ဟီးဟီး. . .”

ဒီတော့မှ သမိုင်းလည်း အခြေအနေကိုသိပြီး ခွီးခနဲရယ် မိတော့တယ်။ သူတို့နှစ်ယောက်ကရယ်တော့ နေသွေးကပါ ရှက် ရှက်နဲ့ လိုက်ရယ်တယ်။

လမ်းရောက်တော့ နေသွေးမှာ ကြိတ်မနိုင်ခဲမရနဲ့ တစ် လမ်းလုံး ကြိမ်းလို့ဝါးလို့ကိုမပြီးတော့။

“ငနာမလေး. . . ငနာမလေး၊ ငါ့ကို ချွတ်တယ်၊ ဟင်း. . . သူ့ကို နားရင်းအုပ်မယ့် ယောက်ျားဆိုးဆိုးနဲ့ ရပါစေဗျာ၊ ဟင်း. . .”

သမိုင်းမှာတော့ တွေးတွေးပြီး ရယ်လို့ကို အတောမသတ် တော့။ နေသွေးက အဲလို ကြိမ်းလေလေ၊ သူက ရယ်ချင်လေလေဖြစ် ပြီး ပိုပိုရယ်မိတော့တယ်။

တော်တော်လည်း မျက်နှာပြောင်ပါလား ဘေဘီရွှေရိုး ရယ်။



www.burmeseclassic.com

# ဒသနလက်ခေါင် (၉)

နောက်ကျသွားပြီလို့

သိကျွင်သိချင်းအချိန်မှာ

ပြန်ကြည့်ဖောက်ကို

အကောင်းဆုံးအချိန်ပါပဲ

☆☆☆☆☆



www.burmeseclassic.com

စာရေးခြင်းမှာ ရှိန်ဝင်နေတုန်းမှာပဲ သူမဆီက ဖုန်းက ဝင်လာတယ်။

"ကျွတ်. . . "

မကိုင်လို့ကလည်း မဖြစ်။ သူမဆီက စာအုပ်ကို သူ အမြန် ဆုံးနည်းနဲ့ကို လိုချင်နေပါပြီ။ ဒီတော့ သူမခိုင်းတာ ဆယ်ခါမြန်မြန် ပြည့်သွားတော့လည်း နားအေးတာပါပဲ။

"ကဲ. . . ပြော၊ ဘာမြွေဖမ်းဦးမလို့လဲ"

"အင်. . . စာရေးဆရာကြီးကလည်း ပြောရက်လိုက်တာ၊ ဘေဘီက စာရေးဆရာကြီးကို ခင်လို့စတာကို"

"ကဲ. . . ပါကွာ၊ မင်းဘာသာ ခင်လို့ပဲစစ၊ အမြင်ကတ်လို့ ပဲ စစ၊ ပြော. . . ဖုန်းဆက်ရတဲ့အကြောင်းအရင်း"

သူ့စကားအဆုံး တစ်ဖက်က ငြိမ်သွားတယ်။ ခဏကြာ တော့မှ။



www.burmeseclassic.com

"ဒီလို စာရေးဆရာကြီးရဲ့၊ ဘေဘီစိတ်ညစ်နေလို့"

"ဘုရား . . ဘုရား. . . မိုးကြိုးတွေလည်း ထပစ်ကုန်ပါဦးမယ်"

"အမ်. . . ဘာလို့လဲ"

"မင်းလိုလူဟာ စိတ်ညစ်နေတယ်ဆိုလို့လေ"

"တကယ်ပါ စာရေးဆရာကြီးရယ်၊ ဘေဘီ တကယ်ကို စိတ်ညစ်နေလို့ပါ"

"ကဲ. . . ထားပါတော့၊ ထားပါတော့၊ ကိုယ်က အဲဒါ ဘာလုပ်ပေးရမှာလဲပြော"

"ဟို. . . ဘေဘီရယ်ချင်တယ်၊ အဲဒါကြောင့် ဘေဘီ့ကို ဟာသတစ်ခုလောက်ပြောပြပေးပါလား"

"ဟာသ. . ."

"အင်း. . . ခြောက်ခုမြောက် လုပ်ပေးခြင်းအဖြစ်ပေါ့"

သူမအသံက တစ်မျိုးတော့တစ်မျိုးပါပဲ။ နည်းနည်းများ ဝမ်းနည်းသံပေါက်နေသလားလို့။ ဒါပေမယ့်လည်း မယုံရဆုံး သတ္တဝါတွေထဲမှာ သူမက ထိပ်ဆုံးက တစ်ပြေးနေသူဆိုတော့ ဟန်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်နေမှာ။





ပြီးတော့ အခုလုပ်ပေးရမှာက ဟာသလေးတစ်ပုဒ်ကို ပြောပြရမှာဆိုတော့ ဘာမှအပန်းကြီးတာမဟုတ်။ ကိုယ့်အတွက် အလွယ်ဆုံးကိစ္စပဲဟာ။ တော်ကြာ သူမစိတ်ပြောင်းသွားပြီး တခြားဟာတွေပြောင်းခိုင်းနေရင် ဒုက္ခ။

"အိုခေလေ. . . ကိုယ်ပြောပြမယ်၊ နားထောင်၊ ဒါပေမယ့် ကိုယ့်ရဲ့ဟာသတော့ မဟုတ်ဘူးနော်၊ ကိုယ်လည်း အင်တာနက်မှာ ဖတ်ဖူးတာ"

"အင်း. . . ပြောပြ၊ အဓိကက ရယ်ရဖို့ပဲ"

"ဒါဆို နားထောင်၊ ဒီလို"



www.burmeseclassic.com





ကယ်

တောကြီးတစ်တောထဲမှာ လူရိုင်းမိသားစုတစ်စု နေကြတယ်။ ဖခင်ရယ်၊ မိခင်ရယ်၊ သားလေးရယ်ပေါ့။

တစ်နေ့ကျတော့ ဖခင်ဖြစ်သူရယ်၊ သားရယ်က တောထဲမှာ အစာရှာထွက်ကြတယ်။ လူရိုင်းဆိုတဲ့အတိုင်း သူတို့က လူသားလည်း စားတယ်လေ။

အဲဒီလိုနဲ့ အမဲလိုက် အစာရှာထွက်လာရင်း တစ်နေရာရောက်တော့ မျက်စိလည်လမ်းမှားပြီး သူတို့နေတဲ့ တောနက်ထဲကို ရောက်လာတဲ့ ခပ်ပိန်ပိန်မိန်းမတစ်ယောက်ကို တွေ့တယ်။

အဲဒီမှာတင်ပဲ သားဖြစ်သူက. . .

"အဖေ. . . ဟိုမှာ မိန်းမတစ်ယောက်ဗျာ၊ ကျွန်တော်တို့ သူ့ကိုပဲဖမ်းပြီး ပြန်ရအောင်"

ဆိုတော့ ဖခင်ဖြစ်သူက. . .



www.burmeseclassic.com

"နေစမ်းပါဦးသားရယ်၊ ဒီမိန်းမက ပိန်လွန်းတယ်၊ အဖေတို့ အရိုးစူးလိမ့်မယ်ကွ"

ဒီလိုနဲ့ သားအဖနှစ်ယောက်သား ဆက်လျှောက်လာခဲ့ကြရင်းကနေ တစ်နေရာရောက်တော့ ခပ်ဝဝအမျိုးသမီးကြီးတစ်ဦးကို တွေ့ကြပြန်တယ်။

"အဖေ. . . ဟိုမှာ ခပ်ဝဝ အမျိုးသမီးကြီးတစ်ယောက်၊ ကျွန်တော်တို့ သူ့ကိုပဲ ဖမ်းခေါ်သွားရအောင်"

"နေစမ်းပါဦးသားရယ်၊ သူက ဝလွန်းတယ်ကွ၊ အဖေတို့ မိသားစု စားလို့ကုန်မှာမဟုတ်ဘူး၊ မကုန်ရင် အလကား ဖြစ်ကုန်မှာဆိုတော့ နှမြောစရာကောင်းပါတယ်"

ဒီလိုနဲ့ တစ်နေရာရောက်တော့ နောက်ထပ်မိန်းမတစ်ယောက်ကို တွေ့ကြပြန်တယ်။ ဒီတစ်ခါမိန်းမကတော့ ပိန်လည်းမပိန်၊ ဝလည်းမဝ၊ ခန္ဓာကိုယ်က အတော်ကြည့်လို့ကောင်းကာ အသားအရေလေးကလည်း ဖွေးဖွေးဝင်းဝင်းနဲ့ စားရက်စရာတောင်မရှိ။

"အဖေ. . . ဟိုမှာ နောက်တစ်ယောက်၊ သူကတော့ ပိန်လည်းမပိန်ဘူး၊ ဝလည်း မဝဘူး၊ သားတို့ သူ့ကိုပဲ သတ်ပြီး ပြန်ရအောင်နော်"





သားရဲ့စကားအဆုံး အဖေဖြစ်သူက တံတွေးတစ်ချက်ကို ဂလုခနဲမျိုချလိုက်ကာ ပြန်ဖြေလိုက်တာက ဒီလိုရယ်ပါ။

"အေး. . . ဒီတစ်ယောက်တော့ မိုက်တယ်ကွာ၊ အဖေတို့ သူ့ကိုပဲ ဖမ်းသွားကြမယ်၊ ဒါပေမယ့် မသတ်ဘူး၊ အိမ်ရောက်တော့မှ မင်းအမေကို သတ်စားကြမယ်လေ"



www.burmeseclassic.com





သူ့စကားအဆုံး သူမကရယ်တယ်။ နောက်တော့ ကျေးဇူးပြောကာ ဖုန်းချသွားတော့တယ်။ သူမပုံစံက ဒီနေ့တော့ ပုံမှန်မဟုတ်သလိုပါပင်။ သူမှာ ဖုန်းကို နားကမခွာမိသေးဘဲ အတော်ကြာစဉ်းစားနေမိသေးတယ်။ သူမ ဘာများဖြစ်နေသလဲ ဆိုတာကိုပေါ့။

ဒါပေမယ့် စဉ်းစားလို့မရ။ ဒီလိုနဲ့ ခဏအကြာမှာတော့ စာရေးခြင်းမှာပဲ ပြန်လည်နစ်မျောသွားရတယ်။



www.burmeseclassic.com





စိမ်းလန်းစိုပြေက zephyr မှာ အေးအေးလူလူစာဖတ်နေတုန်းမှာပဲ The moon မဂ္ဂဇင်းတိုက်က အယ်ဒီတာအဖွဲ့က ဆိုက်ဆိုက်မြိုက်မြိုက်ကိုပဲ ရောက်လာတယ်။

"ဟား. . . စာရေးဆရာကြီးတစ်ယောက်တည်းလား"

"သြော. . . အစ်မတို့ လူစုံတက်စုံပါလား၊ ဘယ်ကိုလာတာလဲ"

"ဒီကိုပဲလာတာလေ၊ ဒီမှာ မော်ဒယ်တွေနဲ့ cover လာရိုက်တာ၊ လိုချင်တဲ့အတိုင်းရအောင် ကိုယ်တိုင်လိုက်လာကြတာ"

"သြော. . . ဟုတ်၊ စားချင်တာမှာကြနော် အစ်မတို့၊ ကြုံတုန်း ကျွန်တော်ကျွေးပါ့မယ်"



www.burmeseclassic.com

"အမလေး. . . အစားက အဓိကမဟုတ်ပါဘူးဆရာလေးရယ်၊ အဓိကက စာမူ. . . စာမူ၊ အစ်မတို့တိုက်အတွက် အတိုလေးတစ်ပုဒ်လောက် ရေးပေးပါဦး၊ ဟိုတလောက Image မှာပါသွားတဲ့ *'အကြင်နာစကား၊ အနမ်းများနဲ့ အချစ်မြို့ကိုလည်း ထားခဲ့တယ်'* ဆိုတဲ့ ဝတ္ထုတိုလေးဖတ်လိုက်ရတယ်၊ ကောင်းလိုက်တာဆရာရယ်၊ ကိုယ်တွေကလည်း အပျိုကြီးတွေဆိုတော့ အဲလို မနဲ့မောင်ဇာတ်လမ်းလေးတွေဆို အရမ်းသဘောကျတာ၊ အစ်မတို့ တိုက်အတွက်လည်း အဲလို မနဲ့မောင်ဇာတ်မျိုးလေးရေးပေးနော်"

"အားပါး. . . ကြော်ငြာတယ်၊ ကြော်ငြာတယ်"

သူ့စကားအဆုံး တစ်ဖွဲ့လုံး ပွဲကျသွားကြတယ်။ စာပေလောကသားတွေ တွေ့ကြဆုံကြရင် ဒီလိုပါပဲ။ ဘယ်တော့မှ မပျင်းရ။

"ဒါနဲ့ စာရေးဆရာကြီးရော ဘယ်တော့တုန်း၊ လက်ဖွဲ့လေးဘာလေး ကြိုပြင်ထားရအောင်"

"အဟား. . . လိုပါသေးတယ်ဗျာ၊ မူးလို့တောင် ရှူစရာမရှိသေးပါဘူး"

သူ့စကားအဆုံးမှာတင်ပဲ အနားကိုလာရပ်တဲ့ လူရိပ်တစ်ခုကြောင့် မော့ကြည့်လိုက်စဉ်မှာတော့. . .။





"ဟင်! ဘေဘီ"

"ဘာဘေဘီလဲ၊ ဒီမှာ ဗိုက်သွားပြချင်လို့ လိုက်ရှာနေတာ၊ ဒီမှာလာနှပ်နေတယ်ပေါ့လေ"

သူမဆီက ထွက်လာတဲ့စကားကြောင့် တစ်ဝိုင်းလုံးက မီးကိုရေနဲ့ငြိမ်းလိုက်သလို ရှဲခနဲဖြစ်သွားကြတယ်။ အားလုံးရဲ့ အကြည့်က သို့လော၊ သို့လော။

သူသည်လည်းပဲ တစ်ကိုယ်လုံး ပူထူသွားကာ မျက်နှာတစ်ခုလုံးကလည်း ဧနွေးပူနဲ့ အပက်ခံလိုက်ရသလို နီရဲသွားရတယ်။ ဘာပြောလို့ပြောလိုက်ရမှန်းကို မသိ။

"ဘာပြုံးကြောင်ကြည့်နေတာလဲ၊ ဗိုက်သွားပြမလို့ လိုက်ခဲ့ပါဆို"

"မင်း. . . မင်း. . . "

စကားက လည်ချောင်းထဲက မထွက်။ ဒါနဲ့ ထိုင်ရာကနေထရပ်လိုက်ကာ အယ်ဒီတာအစ်မတွေကို မျက်နှာပူပူနဲ့ပဲ. . .

"အစ်မတို့. . . ခဏ. . . ခဏလေးနော်"

ဆိုပြီး သူမကို လက်ကနေဆောင့်ဆွဲကာ အယ်ဒီတာအစ်မတွေနဲ့ ကွယ်ရာ၊ ဝေးရာကို ခေါ်လာလိုက်ပြီးမှ လွှတ်ပေးလိုက်ရင်း. . .



www.burmeseclassic.com

"မင်း ဘာလုပ်တာလဲ၊ ဘာလုပ်လိုက်တာလဲ"

"ဟင်. . . ဘေဘီက ဘာလုပ်လို့လဲလို့"

"မင်း လုပ်တာ မင်းသိမှာပေါ့၊ မင်း. . . ဗိုက်ဆိုတာက. .

ကျွတ်. . . ကွာ"

"အင်းလေ. . ဗိုက်လေ. . အဲဒါဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွ၊ ဘယ်ဗိုက်လဲ. . . ဘယ်ဗိုက်လဲ"

သူက ဒေါသတကြီးအော်လိုက်မိတော့ သူမက သူမဗိုက်ကိုသူမ လက်တစ်ဖက်နဲ့ ပွတ်ပြလာရင်း. . .

"ဒီဗိုက်လေ. . . ဒီဗိုက်၊ ဘေဘီ ဘာအစားမှားလို့လဲ မသိဘူး၊ ဗိုက်ထဲက တအားကို နာနေတာ၊ အဲဒါဆေးခန်းသွားပြချင်လို့၊ ဘေဘီက ဆေးရုံဆေးခန်းဆိုရင် မသွားချင်တာ စာရေးဆရာလည်း သိရဲ့သားနဲ့၊ အဲဒါကြောင့် အဖော်ရ အောင်ဆိုပြီး စာရေးဆရာကိုလာခေါ်တာလေ၊ အဲဒါဘာ ဖြစ်လို့လဲ"

"ကျွတ်. . . စောစောက မင်းပြောတဲ့စကားက ဒီလို အ မိပွာယ်မျိုး မဟုတ်ပါဘူးကွာ"

"ဟင်. . . ဘေဘီက ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်လို့လဲ ဟင်. . . စောစောက"





သူမရုပ်က မချိုမချဉ်။ ဒါကိုတွေ့တော့ ဒေါသက ပိုထွက်ရတယ်။

"တော်ပြီကွာ၊ မင်းနဲ့ ဆက်စကားပြောရင် ငါမင်းကို သတ်မိလိမ့်မယ်၊ ဒီတစ်ခါကိစ္စကတော့ မင်းသိပ်ကို ဘောင်ကျော်သွားပြီ၊ ငါ့အသိတွေရှေ့မှာ ငါ့သိက္ခာ တစ်ပြားသားမှကို မရှိတော့ဘူး၊ မင်းဆီက ငါ့ဝတ္ထုလည်း ငါပြန်မလိုချင်တော့ဘူး၊ ပြီးတော့ တစ်ခါတည်းပြောခဲ့မယ်၊ နောက်ကို မင်း ငါနဲ့ လုံးဝလာမပတ်သက်ပါနဲ့၊ ရှင်းတယ်နော်"

လှည့်ထွက်သွားဖို့ ပြင်လိုက်တော့ သူမက သူ့လက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်ရင်းက. . .

"စာရေးဆရာ. . . ရှင့်ဝတ္ထုကို ရှင်တကယ်မယူတော့ဘူးလား"

"ငါ စကားနှစ်ခွန်း မပြောတတ်ဘူး"

"ဟို. . . ဘေဘီ၊ ဘေဘီက နောက်တာပါ"

"ဟင်း. . . နောက်တာ၊ ဟုတ်လား၊ နောက်တယ်ဆိုတာက အနောက်ခံရတဲ့လူအတွက် ဘာထိခိုက်နစ်နာမှုမှမရှိဘဲ အားလုံးအတွက် အပျော်သက်သက်ဖြစ်သွားတာကို ခေါ်တာကွ၊ မင်းလုပ်ရပ်ကတော့ နောက်တာမဟုတ်ဘူး၊ ဒါကို



www.burmeseclassic.com

စော်ကားတယ်လို့ခေါ်တယ်၊ မင်းမသိသေးရင် မသေမချင်း မှတ်သွား”

ပြောပြီး လှည့်ထွက်လာခဲ့လိုက်တယ်။ စိတ်ထဲမှာ ဒေါသတွေ၊ အရှက်တရားတွေက ပင်လယ်လှိုင်းလုံးတွေလို တဝုန်းဝုန်း ရိုက်ခတ်နေတယ်။ ဒီလိုမိန်းကလေးနဲ့ နောင်ဘယ်တော့မှ မပတ်သက်ချင်တော့ပါ။

သူမဆီမှာရောက်နေတဲ့ ကိုယ့်ဝတ္ထုလည်း ဆုံးပါစေတော့။ နောက်ထပ် ဘယ်လိုသိက္ခာတရားမှ ထပ်အဆုံးအရှုံးမခံရဖို့က ပိုအရေးကြီးတယ် မဟုတ်ပါလား။



ညက စာမရေးဖြစ်။ မနက်ခင်းကျတော့လည်း အဝေးကြီး နိုးနေပေမယ့် စာမရေးချင်။ မနေ့ကကိစ္စကိုတွေးပြီး ရင်ထဲမှာ အခုထိ တနုံ့နုံ့။ အယ်ဒီတာအစ်မတွေအားလုံးက ကိုယ့်ကို လူပျိုလူလွတ်တစ်ယောက်အဖြစ် သိထားကြတာ။ သူမက အဲလိုလုပ်လိုက်တော့ ကိုယ့်ကို သူတို့တွေက ဘာထင်ကြမလဲ။ မနေ့က သူမှာ မျက်နှာပူပူနဲ့ ဆိုင်ကိုလည်း ပြန်သွားကာ အသိတစ်ယောက်လာနောက်တာပါလို့ သွားရှင်းပြရသေးတာ။ ယုံတယ်မယုံတယ်တော့မသိ။ သိက္ခာကတော့ ကျသွားပြီးပြီမဟုတ်လား။

အတွေးတွေနဲ့ အိပ်ရာထဲမှာ လူးလှိမ့်နေတုန်းမှာပဲ အနားကို နေသွေးရောက်လာတယ်။



www.burmeseclassic.com

"ငါကောင် . . . မထသေးဘူးလား၊ ရော့ . . . ဒီမှာ တံခါးဝက တွေ့လို့ယူလာတာ"

နေသွေးပေးလာတာက သူ့ရဲ့ memory stickနဲ့ စာတစ်စောင်။ memory stick ကိုမြင်တော့ ရင်ထဲမှာ ဒိတ်ခနဲတောင် ခုန်သွားရတယ်။

နောက်တော့ စာကို ဖတ်ကြည့်ရတယ်။

*ဘဘိက စတာပါ စာရေးဆရာရယ်*
*စာရေးဆရာရဲ့သိက္ခာကို ထိခိုက်စေလိုတဲ့ဆန္ဒ*
*ဘဘို့မှာ လုံးဝမရှိပါဘူး . . .*
*အရာအားလုံးအတွက် တောင်းပန်ပါတယ် . . .*
***memory stick**ကိုလည်း ပြန်ပေးလိုက်ပါတယ်နော်*
*ပြီးတော့ အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်*

စာက ဒါပါပဲ။ စာကို ပြန်ခေါက်လိုက်စဉ်မှာပဲ နေသွေးဆီက စကားသံထွက်လာတယ်။

"မင်း တော်တော် ပြောခဲ့လိုက်တယ်ထင်တယ်၊ ဗရုတ်မလေး ဒီတစ်ခါတော့ ထိသွားပြီ"





သူဘာမှ မပြောမိ။ ပြုံးရုံသာ ပြုံးပြလိုက်မိတယ်။ ဒါပေမယ့် သူမပုံစံက ကြာကြာငြိမ်နေမယ့်လူမျိုးတော့ မဟုတ်ပါဘူးလေ။ ကိုယ့်ဆီမလာရဲတော့ရင်တောင် တစ်နေရာရာမှာတော့ တစ်စုံတစ်ယောက်ကို ချောက်ချပြီး ပျော်စရာရှာနေမယ့်လူမျိုးပါ။

ဘာပဲပြောပြော ဆုံးပြီလို့ စိတ်ဒုံးဒုံးချလိုက်တဲ့ ကိုယ့်ဝတ္ထုလေး ကိုယ့်လက်ထဲကို ပြန်ရောက်လာတဲ့အတွက်တော့ ပျော်မိတာ အမှန်ပါပဲ။



www.burmeseclassic.com





## ဒသနလက်ဆောင် (၁၀)

ညှို့ငှက်ချက်သိုကာ...

အားလုံးကို တစ်ပြိုင်တည်းမပြောဘဲ

တစ်ယောက်ချင်းစီကို...

အချိန်တန်မှ

တိုးတိုးတိတ်တိတ်ကယ်ပြောရတဲ့

အကြောင်းအရာ...

☆☆☆☆☆



www.burmeseclassic.com






www.burmeseclassic.com

ဒီနေ့ စာအုပ်အသစ်ထွက်တာမို့ publisher ဆီက စာအုပ်လက်ဆောင် ဆယ်အုပ်ယူပြီး ပြန်အလာမှာတင်ပဲ ဖုန်းက မြည်လာတာနဲ့ ကြည့်လိုက်တော့ နံပါတ်က အစိမ်း။ ဒါပေမယ့် သူကိုင်လိုက်ပါတယ်။

"ဟယ်လို"

"ဟယ်လို. . . ဒါ စာရေးဆရာသမိုင်းကိုကိုလား မသိဘူး"

"ဟုတ်ကဲ့. . . ကျွန်တော် သမိုင်းကိုကိုပါ"

"ကိုယ့်နာမည် ငွေတိုးပါ ညီ၊ ဘေဘီရွှေရိုးရဲ့အစ်ကိုပါ"

"အော. . ."

မျက်လုံးထဲမှာ ဘေဘီရွှေရိုးရဲ့ပုံရိပ်က ဖျတ်ခနဲပေါ်လာတယ်။ သူနဲ့ ပြဿနာဖြစ်ပြီးကတည်းက သူမက ပျောက်ချင်းမလဲ့ကို ပျောက်သွားတော့တာပါ။ တမင်တကာကိုပဲ ကိုယ့်မျက်စိရှေ့က နေ ပုန်းနေသလား၊ မတိုက်ဆိုင်လို့ပဲလားတော့ သူလည်းမတွေးတတ်ပါ။ တစ်လနီးပါးလောက်တော့ ရှိပြီထင်။



www.burmeseclassic.com

“အားတော့ နာပါတယ်ညီရယ်၊ ဒါပေမယ့် ဖြစ်နိုင်မယ်ဆိုရင် ကိုယ်တို့အိမ်ကို လာပေးလို့ရမလား၊ ကိုယ် ညီနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ပါ၊ ကိုယ်လာတွေ့ရမှာကို နားလည်ပါတယ်၊ ဒါပေမယ့် ညီ့ကို ကိုယ့်အိမ်မှာ ပြစရာလေးတွေလည်း ရှိနေလို့ပါ၊ ဖြစ်နိုင်ရင် ကျေးဇူးပြုပြီးတော့ လာခဲ့ပေးပါလားညီ”

ဘာကိစ္စများ ရှိလို့ပါလိမ့်။ အစ်ကိုတစ်ယောက်က ကိုယ့်ကိုဖိတ်တယ်ဆိုတာကို တွေးလို့မရ။ ပြီးတော့ ဘေဘီရွှေရိုးရဲ့ အစ်ကိုနဲ့လည်း ကိုယ်က တွေ့ဖူးတာလည်းမဟုတ်။

သူမကပဲ ငြိမ်နေရာကနေ တစ်စခန်းထကာ နောက်ပြောင်ပြီး ခေါ်လေသလား။ ဒါပေမယ့် တစ်ဖက်လူရဲ့လေသံကလည်း တကယ့်ကို လူကြီးလူကောင်းတစ်ယောက်ရဲ့ အသံမျိုးရယ်ပါ။ ပြီးတော့ ကိုယ်ကိုယ်တိုင်သည်လည်းပဲ အားနေတာဖြစ်လေတော့ကာ သူက သွားကြည့်ဖို့ ဆုံးဖြတ်လိုက်တော့တယ်။

“ဟုတ်. . . ကျွန်တော် အခုပဲ လာခဲ့ပေးပါ့မယ်”

“ကျေးဇူးပါညီ၊ ကိုယ်စောင့်နေမယ်နော်”

ဒီလိုနဲ့ သူမတို့အိမ်ကို ထွက်လာလိုက်ပြီး ဟိုရောက်တော့ အသက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်က ပေါ်တီကိုအောက်မှာ ထွက်စောင့်နေတယ်။





“အခုလိုလာပေးတာ ကျေးဇူးပါညီ၊ ကိုယ်ဌေးတိုးပါ”

“ဪ. . . ဟုတ်ကဲ့”

“ကိုယ်တို့ ညီမလေးဘေဘီရဲ့ အခန်းထဲကို သွားရမယ်ညီ၊ အဲဒီမှာ ကိုယ် ညီ့ကိုပြစရာရှိတယ်၊ ဪ. . . ဒါနဲ့ညီလိုခေါ်တာ ပြဿနာတော့ မရှိပါဘူးနော်၊ ဖြစ်တယ်မလား”

“ဟုတ်. . . ရပါတယ်၊ အဆင်ပြေသလိုခေါ်ပါ”

နောက်တော့ သူ့နောက်က လိုက်လာခဲ့လိုက်ရတယ်။ ဘာများပြစရာရှိလို့ပါလိမ့်။ ပြီးတော့ ပြမှာကလည်း ဘေဘီ့အခန်းထဲမှာတဲ့။ သူမနဲ့များ မျက်နှာချင်းဆိုင်ဆုံလေမလား။ ဒီလိုတွေးလိုက်မိတော့ စိတ်ထဲမှာတောင် နည်းနည်းလှုပ်ရှားသွားသလိုပါပင်။

ဒီလိုနဲ့ ဘေဘီ့အခန်းထဲ အရောက်မှာတော့. . .

“ဟင်!”

တွေ့လိုက်ရတာက ယုံတောင်မယုံနိုင်စရာ။ သူမအခန်းနံရံတွေ လေးဖက်လေးတန်စလုံးမှာ ကပ်ထားတာက ဂျာနယ်တွေမဂ္ဂဇင်းတွေမှာပါခဲ့တဲ့ သူ့ရဲ့စာပေအင်တာဗျူးပုံတွေ။ ပြီးတော့ စာအုပ်တွေထဲမှာ ရေးထည့်ထားခဲ့တဲ့ သူ့ရဲ့ အချစ်ဒဿနတွေကိုလည်း စာလုံးဖောင့်ခပ်ကြီးကြီးတွေနဲ့ ပြန်ရေးကာ တစ်ခန်းလုံးအပြည့် ကပ်ထားပါသေးတယ်။



www.burmeseclassic.com

ပြီးတော့ သူမခုတင်ဖြစ်ဟန်တူတဲ့ ခုတင်ဘေးက စာအုပ်စင်ပေါ်မှာ နေရာယူထားတာကလည်း သူ့စာအုပ်တွေ။ ဟိုးအစ ပထမဦးဆုံး စာအုပ်ကလေးကနေ ခုနောက်ဆုံးထွက်သည့် စာအုပ် အထိ။ ဒီနေ့ထွက်တဲ့စာအုပ်တောင် သူမစာအုပ်စင်ပေါ်မှာ ရောက် နေပါပြီ။

ပြီးတော့ မဂ္ဂဇင်းများ။ သူ့ဝတ္ထုတိုလေးတွေ၊ ကဗျာလေး တွေပါထားတဲ့ မဂ္ဂဇင်းတွေတောင် သူမက ဝယ်သိမ်းထားတာပါ။

ဟား. . .။ သူ့ရင်ဘတ်တစ်ခုလုံး ဖြောင်းဆန်သွားရ တယ်။ သူမက. . . သူမက သူ့ကို အဲဒီလောက်တောင် အားပေး သတဲ့လား။

"တွေ့လား ညီ၊ ညီမလေးက ညီ့ကို ဘယ်လောက်အထိ crazy ဖြစ်တယ်ဆိုတာ၊ သူစကားပြောရင် ညီ့စာအုပ်တွေ အကြောင်း၊ ညီ့အကြောင်းမပါရင် မပြီးဘူး ညီ၊ ညီက ကိုယ့်ကို အခုမှ သိပေမယ့် ကိုယ်ကတော့ ညီ့ကို ညီမလေးဘော် ကတဆင့် ရင်းနှီးနေတာကြာပါပြီ"

သူ့မှာ ဘာပြန်ပြောရမှန်းတောင်မသိ။ ထင်မထား။ လုံး ဝကို ထင်မထားပါဘူး။ သူမက ကိုယ့်ကို အဲဒီလောက်ထိ ရူးသွပ်လိမ့် မယ်လို့ ထင်မထားပါဘူး။





"ပြီးတော့ ညီမသိသေးတာ တစ်ခုရှိသေးတယ်၊ ကိုယ့်ညီမ လေးက သွေးကင်ဆာရောဂါသည်လေးပါ ညီ"

"ဗျာ!"

လက်ထဲမှာ ကိုင်ကြည့်နေတဲ့ စာအုပ်တစ်အုပ်က ကြမ်းပြင် ပေါ်ကို ပြုတ်ကျသွားတယ်။ နား. . . နားကြားများ လွဲလိုက်သလား။

"သူ. . . သူက. . ."

"ဟုတ်တယ်ညီ၊ ကိုယ့်ညီမလေးက သွေးကင်ဆာရောဂါ နဲ့ သေမယ့်နေ့ကိုစောင့်နေရတဲ့ သနားစရာ ကောင်မလေး တစ်ယောက်ပါကွာ"

ကိုငွေတိုးရဲ့အသံက ဝမ်းနည်းမှုကို ထိန်းထားရဟန်နဲ့ တစ်ချက်တိမ်ဝင်သွားတယ်။ သူကတော့ နေရာမှာတင် ကျောက်ရုပ် တစ်ရုပ်လို မလှုပ်မယှက် ဆွံ့အ,နေမိတယ်။

"ကိုယ်တို့မှာက မောင်နှမနှစ်ယောက်ပဲရှိတာပါညီ၊ ကိုယ့် တို့မိဘတွေက ညီမလေး ရှစ်တန်းနှစ်ကတည်းက ရှေ့ ဆင့်နောက်ဆင့်ဆိုသလို ဆုံးသွားကြတာပါ၊ အခု ကိုယ့် ညီမလေးကလည်း သိပ်မကြာတော့တဲ့ ကာလအတွင်းမှာ ဒီလောကကြီးထဲကနေ ထွက်ခွာသွားဦးတော့မယ်၊ ကိုယ့် မှာ ရူးမသွားအောင် ကိုယ့်စိတ်ကိုယ် မနည်းထိန်းနေရတာ ပါညီ"



www.burmeseclassic.com

ကိုငွေတိုးက သူလွတ်ကျသွားပြီး အခုထိပြန်မကောက်မိသေးတဲ့ စာအုပ်ကို ကောက်ယူလိုက်ပြီး သူ့နေရာမှာသူ ပြန်ထားလိုက်တယ်။

"ကိုယ့်ညီမလေးမှာ ဒီရောဂါကြီးရှိနေပြီဆိုတာကို သိလိုက်ရတုန်းကဆိုရင် ကိုယ်ရောညီမလေးရော ကမ္ဘာပျက်သလိုပါပဲ၊ ဒါပေမယ့် ညီမလေးက စိတ်နည်းနည်းမာတယ်ပြောရမယ်၊ တစ်ပတ်လောက်ပဲ ပူဆွေးဝမ်းနည်းပြတယ်၊ နောက်တော့ သူ့ဘာသာ ပျော်စရာရှာပြီး ပျော်ပျော်နေတော့တာပဲ၊ ကိုယ်စိတ်ဆင်းရဲမှာစိုးလို့တဲ့၊ ကိုယ့်ရှေ့မှာ ဘယ်တော့မှ ရောဂါသည်တစ်ယောက်လိုမနေဘူး၊ နောက်ဆုံးအချိန်အထိ ပျော်ပျော်ပဲနေသွားမယ်လို့ ဆုံးဖြတ်ထားတဲ့လူတစ်ယောက်ပါ၊ ဒါပေမယ့်ကွာ. . . ကွယ်ရာမှာဆိုရင်တော့ သူ ခိုးခိုးငိုနေတာ ကိုယ်သိတာပေါ့၊ လူရှေ့သူရှေ့မှာဆိုရင်တော့ သူက လူတကာကိုလိုက်စနေတဲ့ မနိုင်စိန်၊ လောင်စိန်မလေးတစ်ယောက်ပုံစံအတိုင်း သူ့ပတ်ဝန်းကျင်ကလူတွေကို တစ်ယောက်မှ အလွတ်မပေးဘဲ သူလိုက်စတယ်၊ နောက်တယ်၊ အဲဒီလူတွေထဲမှာ ညီလည်း တစ်ယောက်အပါအဝင်ပေါ့၊ ညီနဲ့သူ ပတ်သက်မှုရှိနေတုန်းက





ဆိုရင် သူတော်တော်လေးကို ရွှင်ရွှင်ပျပျရှိနေတာ၊ ကိုယ်တောင် ညီ့ကို ကျေးဇူးတွေတင်နေတာ၊ သူကပြောတယ်၊ ညီက ဟာသစာရေးဆရာပေမယ့် အပြင်မှာကျတော့ ရုပ်တည်ကြီးနဲ့တဲ့၊ ဒါပေမယ့် သူကစလို့ ညီဒေါသထွက်ရင်တော့ အရမ်းရယ်ရတယ်တဲ့၊ အဲဒါကြောင့် သူက ညီ့ကို မခံချင်အောင် ခဏခဏ စနောက်ခဲ့တာပါညီ၊ ဒါပေမယ့်. . ."

ကိုငွေတိုးက စကားကို ခဏဖြတ်ထားကာ သက်ပြင်းမောတစ်ခုကို အရှည်ကြီး မှုတ်ထုတ်တယ်။ ပြီးတော့မှ စကားကို ဆက်တယ်။

"တစ်နေ့ကျတော့ သူနဲ့ညီ ပြဿနာဖြစ်တယ်ပြောတယ်၊ သူစလိုက်တာ နည်းနည်းဘောင်ကျော်သွားတယ်တဲ့၊ ညီက သူ့ကို ညီနဲ့ဘယ်တော့မှ လာမပတ်သက်နဲ့တော့ဆိုပြီး ပြောတယ်တဲ့၊ အဲဒီနေ့က သူကိုယ့်ကို ပြောပြောပြီး ငိုတယ်ညီ၊ ကိုယ်သွားရှင်းပြပေးရမလားပြောတော့လည်း သူက မပြောဖို့ ကိုယ့်ကို ကတိတောင်းတယ်၊ ပြီးတော့ သူ့ရောဂါအကြောင်းကိုလည်း ညီ့ကို သူက မသိစေချင်ဘူး၊ ကိုယ်သွားပြောရင် သူ့ကိုယ်သူသတ်သေပစ်မယ်တဲ့၊ အဲဒါကြောင့် ကိုယ်လည်း ညီ့ကိုမပြောရဲခဲ့ဘဲ သူ့ကိုပဲ အကဲ



www.burmeseclassic.com

ခတ်နေရတာပါ။ ဒါပေမယ့် အရမ်းသိသာတယ်ညီ၊ ညီနဲ့ပြဿနာတက်ပြီးတဲ့ နောက်နေ့ကစပြီး ညီမလေးပုံစံကလုံးဝကို ညှိုးကျသွားတာ၊ ဘယ်သူ့ကိုမှလည်း စတာ နောက်တာမျိုးတွေ မရှိတော့ဘူး၊ အခုတော့ ညီမလေးမှာ အချိန်သိပ်မကျန်တော့ဘူးညီ၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ်ဆိုပြီး ညီ့ကို ကိုယ်ဖွင့်ပြောလိုက်တော့တာ၊ ကိုယ့်ကိုကူညီပေးပါလားညီရယ်၊ သိပ်မကျန်တော့တဲ့ ကိုယ့်ညီမလေးရဲ့ နောက်ဆုံးနေ့ရက်လေးတွေမှာ သူ့ကိုပျော်အောင်ထားပေးပါလား၊ ညီ့အတွက် စိတ်အနှောက်အယှက်ဖြစ်ရမယ်ဆိုရင်တောင် ဒီလောကကြီးထဲမှာ သိပ်မနေရတော့မယ့် ကိုယ့်ညီမလေးအတွက် သည်းခံပေးပါလား၊ ကိုယ်တောင်းပန်ပါတယ်ညီရာ၊ အဲဒီလိုလုပ်ပေးတဲ့အတွက် ကိုယ့်ဘက်ကဘာပဲ ပြန်ပေးဆပ်ရပေးဆပ်ရ၊ ကိုယ်ပေးပါ့မယ်၊ နော်. . . ညီရာ. . နော်၊ ကိုယ့်ညီမလေးရဲ့ နောက်ဆုံးအချိန်တွေကို ပျော်ရွှင်အောင်ဖန်တီးပေးနိုင်တဲ့ လူဟာညီတစ်ယောက်ပဲရှိတယ်လို့ ကိုယ်ယုံကြည်ထားမိလို့ပါညီရယ်၊ ကူညီပါနော်၊ ကိုယ်ရှိခိုးပြီး တောင်းပန်ပါတယ်ညီရာ"





ပြောပြောဆိုဆို ကိုငွေတိုးက ငိုသံပါကြီးနဲ့ပြောကာ သူ့ရှေ့မှာ ဒူးထောက်ရှိခိုးဖို့လုပ်တယ်။ ဒီတော့မှ သူမှာ ပျာသွားကိုငွေတိုးကို ဒူးမထောက်ဖို့ မနည်းထိန်းထားလိုက်ရတယ်။

"ဟာ. . . အစ်ကို"

"ကတိပေးပါညီရာ၊ နော်. . . ကိုယ့်ကို အဲဒီကတိလေးပေးပါကွာ"

"ဟုတ်. . . ကျွန်တော် ကတိပေးပါတယ်အစ်ကို၊ ကျွန်တော်သူ့ရဲ့ နောက်ဆုံးထွက်သက်အထိ ပျော်ရွှင်အောင် ထားပေးပါ့မယ်"

သူ့စကားအဆုံး ကိုငွေတိုးရဲ့မျက်လုံးတွေက ဝမ်းသာမှုကြောင့် အရောင်တွေလက်ဖြာသွားကြတယ်။

"ကျေးဇူးတင်ပါတယ်ညီရာ၊ တကယ်ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ သူအခုဘယ်မှာလဲ မသိဘူး"

"ရှိပါတယ်ညီ၊ ကိုယ်တို့အိမ်နောက်ဘက်ထောင့်က ခရေပင်ကြီးအောက်မှာ သူရှိတယ်"



www.burmeseclassic.com





"ဘေဘီ"

သူ့ခေါ်သံအဆုံး သူ့ကိုကျောပေးလျက်အနေအထားနဲ့ တစ်နေရာရာကို ငေးနေဟန်ရှိတဲ့ သူမခန္ဓာကိုယ်က ဆတ်ခနဲ တုန်သွားကာ နောက်ဘက်ကို မတ်တပ်ရပ်ရင်း လှည့်ကြည့်လာတယ်။

"ဟင်. . . စာရေးဆရာ၊ ရှင်. . . ရှင်. . . ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ကြည့်စမ်းပါဦး။ သူမရဲ့ပုံစံက လွန်ခဲ့တဲ့တစ်လလောက်က ပုံစံနဲ့ လုံးဝကို တခြားစီ။ လမ်းမှာတွေ့လို့ ကပ်ရှောင်သွားရင်တောင် မှတ်မိမှာမဟုတ်လောက်အောင်ကိုပဲ ပြောင်းလဲသွားတာပါ။

ခန္ဓာကိုယ်လေးက ပိန်လှီပါးလှပ်သွားကာ မျက်တွင်းများက မည်းညိုချိုင့်ဝင်လို့။ နှုတ်ခမ်းများကလည်း သွေးဆုတ်ကာ ဖြူဖျော့နေပြီး မျက်လုံးများကလည်း အရင်လို တောက်ပခြင်းအလျဉ်းမရှိတော့။ တကယ့်ကိုပဲ အခြားတစ်ယောက်လို ပြောင်းလဲသွားတာ



www.burmeseclassic.com

ပါ။ အရင်လို သွက်သွက်လက်လက်၊ ပြောင်စပ်စပ်မျက်နှာပေးနဲ့ ကောင်မလေးဟာ အခုတော့ ဘယ်ရောက်သွားပါပြီလဲ။

ဒါပေမယ့် သူက ဒီအံ့ဩမင်သက်မှုတွေကို အပြင်ဘက်မှာ မပေါ်စေရဘဲ ဟန်ဆောင်အပြုံးတစ်ခုကို အတောက်ပဆုံး ကောက်ပြုံးထားလိုက်ကာ. . .

"ဘယ်လိုရောက်လာရမှာလဲ၊ မင်းက ငါ့ကို stick တော့ပြန်ပေးပြီး နောက်ထပ်ခိုင်းဖို့ လေးကြိမ်ကျန်သေးတာကို လာမခိုင်းတော့ ငါက လိုက်လာရတာပေါ့၊ ငါက အကြွေးရှိရင် မနေတတ်ဘူးကွ"

သူက အရွှန်းဖောက်လိုက်ပေမယ့် သူမက တစ်ချက်ကလေး ပြုံးတယ်ဆိုရုံလေးသာ လှစ်ခနဲပြုံးလိုက်ပြီး အဲဒီအပြုံးက ပြန်ပျောက်ကွယ်သွားကာ စောစောကထိုင်နေတဲ့နေရာမှာ ပြန်ထိုင်လိုက်ရင်း. . .

"စာရေးဆရာ သိသွားပြီမလား၊ ကျွန်မအကြောင်းတွေကို၊ အဲဒီကိုကိုကလည်း မပြောပါနဲ့ဆိုတာကို ပြောဖြစ်အောင် ပြောလိုက်သေးတယ်"

သူမစကားအဆုံး သူက သက်ပြင်းမောတစ်ခုကို သူမမသိအောင်ချလိုက်ရင်း သူမဘေးမှာ ဝင်ထိုင်လိုက်တယ်။





"စာရေးဆရာ ဘေဘီ့ကို သနားနေလား"

သူမအသံက နည်းနည်းတော့ ကြေကွဲနေတဲ့ အသံမျိုးရယ်ပါ။ ဒါပေမယ့် တအားကြီးတော့မဟုတ်။ ကြေကွဲမှုအရိပ်အငွေ့ပါတယ်ဆိုရုံလေး။

"မသနားပါဘူး၊ ဘာလို့သနားရမှာလဲ၊ အချိန်တန်ရင် လူဆိုတာက သေရမှာချည်းပဲ၊ မသေမယ့်သူဆိုတာမှ မရှိတာ၊ ပြီးတော့ သနားရအောင်ကလည်း မင်းက အကြွေးရှင်၊ ငါက အကြွေးပေးရမယ့်သူ၊ သနားချင်းသနားရင် မင်းက တောင် ကိုယ့်ကို သနားရဦးမှာ၊ ကဲ. . . ပြော၊ နောက်ထပ် လေးခု ကိုယ်ဘာလုပ်ပေးရမလဲ"

"ဘေဘီက တကယ်ခိုင်းခွင့်ရှိသေးလို့လား၊ ရှင့်ပစ္စည်းက ရှင့်လက်ထဲပြန်ရောက်နေပြီလေ"

"ပြန်ရောက်တာက ရောက်တာပဲ၊ ယောက်ျားပါကွ၊ ကတိတော့ တည်ပေးရမှာပေါ့၊ ဟုတ်ဘူးလား၊ ပြော. . . ဘာလုပ်ပေးရမလဲ၊ အိုဘားမားကို အသားဖြူအောင်လုပ်ပေးရမလား၊ ငမိုးရိပ်မိကျောင်းကို ရေနှစ်သတ်ပေးရမလား၊ ဒါမှမဟုတ် ဟိမဝန္တာတောထဲက ခြင်္သေ့မင်းကြီးရဲ့ နားရွက်ကို တံတွေးသွားဆွတ်ပေးရမလား၊ ဒါမှမဟုတ်. . ."



www.burmeseclassic.com

သူ့စကားမဆုံးခင်မှာပဲ သူမက တခစ်ခစ်အော်ရယ်တယ်။ အရင်ကတော့ သူမက တဟက်ဟက်တဟားဟား ရယ်တတ်တာပါ။ ဘာပဲဖြစ်ဖြစ် သူမရယ်တယ်ဆိုရင် သူ ကျေနပ်ပါတယ်လေ။

"ခစ်ခစ် . . . တော်ပါ။ စာရေးဆရာဆိုပြီး စကားတတ်တိုင်း လျှောက်ပြောနေတယ်၊ အဲလောက်ခက်တာကြီးတွေ မခိုင်းပါဘူး၊ စာရေးဆရာကြီးမှာ ဂစ်တာရှိလား"

"ရှိတယ်လေ၊ အခုတော့ ဘယ်ပါမလဲ"

"ရှိရင် မနက်ဖြန်ကျရင် ယူလာခဲ့၊ ဘေဘီ့ကို သီချင်းဆိုပြ၊ စာရေးဆရာ ဘယ်လောက်အသံကောင်းလဲဆိုတာ ဘေဘီ နားထောင်ကြည့်မယ်"

"အိုခေ . . ."

သူတို့နှစ်ယောက်ပျော်နေတာကို ကြည့်ကာ သဘောတကျနဲ့ မလှမ်းမကမ်းကနေ ပြုံးနေမိတာက ကိုငွေတိုး။ ဘေဘီအခုလို မရယ်တာ အတော့်ကိုပဲ ကြာနေပြီမဟုတ်ပါလား။



# ဒဿနလက်ဆောင် (၁၁)

အပြုံးလို့ ညှို့ယိုင်းလို့မေး ...
အကြည့်လို့ တချို့လိုသာမေး...
နှလုံးသားလို့တော့ ...
တစ်ယောက်တည်းလို့ပဲမေးပါ

☆☆☆☆☆



www.burmeseclassic.com

အိပ်ရာထဲမှာ လူးလှိမ့်ကာ တစ်ယောက်တည်း. . .။

အတွေးတွေထဲမှာ ချာချာလည်နေရတယ်။ ပြီးတော့ တစ်ချိန်က ကြားခဲ့ရဖူးတဲ့ ဘေဘီရွှေရိုးရဲ့ စကားသံတွေကလည်း နားထဲမှာ တဝဲလည်လည်။

"မအိုမနာမသေရင် နေပါစေစာရေးဆရာရယ်၊ ဘေဘီက အသက်တော့ရှည်ချင်တယ်၊ သူများတွေကသာ အိုရမှာကို ကြောက်တာ၊ ဘေဘီကတော့ မအိုလိုက်ရမှာကို ကြောက်တာစာရေးဆရာရဲ့"

အဲဒီတုန်းက သူမပြောခဲ့တဲ့စကားက အဓိပ္ပာယ်တစ်ခုနဲ့ပါ။ ကိုယ်က ဘာလို့ ဒါကိုမတွေးမိခဲ့ရတာတဲ့လဲ။

"အင်းလေ. . . ဒီနေ့က ဘေဘီ့မွေးနေ့မဟုတ်သေးဘူး၊ ဘေဘီ့မွေးနေ့က နောက်ထပ်ခြောက်လလောက်လိုသေး



www.burmeseclassic.com

*တယ်၊ အခုဟာက ကျွေးခွင့်ရတုန်းမှာ မွေးနေ့အကြိုကျွေးထားကာ၊ တကယ့်မွေးနေ့ရောက်ရင် ကျွေးခွင့်မရဘဲနေမှာစိုးလို့”*

နောက်ခြောက်လနေမှ ရောက်မယ့်မွေးနေ့အတွက် သူမက သူတို့နှစ်ယောက်ကို ကြိုကျွေးထားသတဲ့။ အဲဒီတုန်းကတော့ ကိုယ်က တော်တော်ကြောင်တောင်တောင်နိုင်တဲ့ကိစ္စလို့ တွေးထားမိတာ။ ပြီးတော့ မွေးနေ့လက်ဆောင်လေးတောင် ဝယ်မသွားမိဘူး။ သူမကတော့ နောက်ထပ်မွေးနေ့တစ်ခုကို ဖြတ်သန်းခွင့်မရတော့မှာကို ကြိုသိနေလို့ ကိုယ်တို့ကို အခွင့်အရေးရတုန်း ဖိတ်ကျွေးတာလေ။

*“တကယ်ပါ စာရေးဆရာကြီးရယ်၊ ဘေဘီတကယ်ကို စိတ်ညစ်နေလို့ပါ”*

အဲဒီ. . . အဲဒီတုန်းကလည်း သူမစိတ်ညစ်နေတယ်ဆိုတာကို ကိုယ်က လျှောင်တောင်လျှောင်လိုက်မိသေးတယ်။ ဘာကောင်လဲကွာ။ ငါဘာကောင်လဲ။ ဘာဖြစ်လို့များ အဲဒီတုန်းက သူမကို ဖေးဖေးမမလေးနဲ့ ကြည်ကြည်သာသာလေး မဆက်ဆံမိလိုက်ရတာတဲ့လဲ။ ကျွတ်. . .။ အခုတော့. . . အခုတော့ကွာ။



သူက ဂစ်တာကိုကြိုးညှိနေရင်းမှ သူမဘက်သို့လှည့်ကာ ကြည့်လိုက်ရင်း မေးလိုက်တယ်။

“ကဲ. . . ပြော၊ ဘာသီချင်းဆိုပြရမလဲ”

သူမက သူ့အမေးကို မေးလေးထောက်စဉ်းစားလိုက်ပြီးမှ. . .

“အင်း. . . အောင်ခြင်းရှစ်ပါးဆိုပြ”

“အမ်. . . ဂစ်တာနဲ့ အောင်ခြင်းရှစ်ပါးကို ဘယ်လိုဆိုပြလို့ရမှာလဲကွာ၊ ပြီးတော့ အဲဒီသီချင်းကိုမရဘူး”

“ဒါဆိုရင် မာမာအေးရဲ့ စန္ဒကိန္နရီ ဆိုပြ”

“ဟင်. . . ဘယ်လိုလုပ်ရမှာတုန်း”



www.burmeseclassic.com

"ဒါဆို သံသရာခရီးသည်ဆို"

"အဲဒါလည်း မရဘူး"

"ဟင်. . . စာရေးဆရာကြီးကလည်း ညှံ့လိုက်တာ၊ ဘယ်သီချင်းပြောပြော ရတယ်လို့ကိုမရှိဘူး"

"မင်းပြောတဲ့ သီချင်းတွေကလည်း ဘယ်နှခုနှစ်က သီချင်းတွေမှန်းမှ မသိတာကွ၊ ဒီဘက်ခေတ်ပေါ် သီချင်းတွေ ပြောမှ ရတော့မှာပေါ့"

"ဟင်း. . . ခေတ်ပေါ် သီချင်းပြောတော့ရော ရမှာသေချာလို့လား"

"နာမည်ကြီးတဲ့ သီချင်းသာပြော၊ မရရင် လည်တိလိုက်"

"ပြီးတာပဲ၊ အဲဒါဆိုရင် ဟိုကုလားသီချင်းဆိုပြ. . . အိုးမိုင်ဒါလင် အိုင်လပ်ယူ. . . အိုးမိုင့် ဒါလင် အိုင့်လပ်ယူ. . . ဆိုတဲ့သီချင်းလေ"

"ဟင်. . . အဲဒါက ကုလားသီချင်းကြီးကို ကိုယ်က ဘယ်လိုလုပ်ဆိုတတ်မှာတုန်း၊ နားလည်းမလည်ဘူး"

"စာရေးဆရာပဲ ပြောတော့ ခေတ်ပေါ် နာမည်ကြီးသီချင်းဆိုရင် မရရင်လည်တိဆို၊ ဒီလောက်ခေတ်ပေါ်ပြီး နာမည်ကြီးတာ ရှိသေးလို့လားလို့"





"ကုလားသီချင်းတော့ မလုပ်နဲ့လေကွာ၊ တခြားသီချင်းပြော"

"ဒါဆိုလည်း ဟိုသီချင်းဆိုပြ၊ PSY ရဲ့ gentleman လေ၊ ကမ္ဘာကျော်သီချင်း၊ ဒီထက်ပဲ နာမည်ကြီးရဦးမလား"

"အမ်. . . အဲဒါလည်း ဘယ်လိုလုပ်ရမှာတုန်း"

"ဟင်. . . ဒါလည်း မရပြန်ဘူးလား၊ ကုလားသီချင်းမှ မဟုတ်တဲ့ဟာ"

"ကုလားသီချင်းမဟုတ်ပေမယ့် ကိုရီးယားသီချင်းကြီးလေကွာ"

သူ့စကားအဆုံး သူမက ပွစိပွစိရွတ်၊ သက်ပြင်းမောတစ်ခုကိုလည်း အကျယ်ကြီး ဟင်းခနဲချလိုက်ကာ. . .

"ကဲ. . . ဒါဆိုလည်း မစဉ်းစားတတ်တော့ဘူး၊ ကြိုက်တာသာဆိုတော့၊ အသံထွက်ရင်ပြီးရော"

"အိုခေ. . . ဒါဆို ကိုယ်ဆိုချင်တာပဲ ဆိုပြမယ်နော်"

"ဆို"

သူက ဘယ်သီချင်းကိုဆိုရမလဲ စဉ်းစားလိုက်တယ်။ နောက်တော့ အယ်(လ်)လွန်းဝါရဲ့ "အချိန်တိုင်း မင်းအတွက်" ကို သွားသတိရပြီး အဲဒီသီချင်းကိုပဲဆိုဖို့ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

"မင်း ပျော်နေရင် xxx ကိုယ်လည်း လိုက်ပျော်ပါ့မယ်xxx မင်း စိတ်ညစ်ရင် xxx ကိုယ် နှစ်သိမ့်ပေးပါ့မယ် xxx မင်း ငိုင်နေရင် xxx မင်းနားအားပေးမယ် xxx မင်း ပြုံးနေရင် xxx အရာရာအားလုံး အေးချမ်းမယ် xxx"

သူမက သူ့ကိုမကြည့်။ သူ့ရဲ့ဂစ်တာတီးနေတဲ့ လက်တွေဆီမှာပဲ အကြည့်ကိုပို့ထားတယ်။

"ရင်မှာ မွေးဖွားတဲ့အချစ်များစွာ xxx မင်းအတွက်ပါ xxx အလိုရမ္မက်မပါတဲ့အချစ်များဟာ xxx မင်းတစ်ယောက်သာ xxx ဖြူဖြူစင်စင် မင်းပဲ ချစ်နေမှာ xxx"

သူမ အကြည့်တစ်ချက်က သူ့ဆီရောက်လာတယ်။ သူကလည်း သီချင်းကို သူမမျက်နှာကြည့်ဆိုနေတာဆိုတော့ အကြည့်ချင်းဆုံသွားကြတယ်။ ဒါပေမယ့် သူမက အကြည့်ကို အဝေးတစ်နေရာဆီ ချက်ချင်းလွှဲသွားတယ်။

"မင်း ပျော်နေရင်xxxကိုယ်လည်း လိုက်ပျော်ပါ့မယ် xxx မင်း စိတ်ညစ်ရင် xxx ကိုယ် နှစ်သိမ့်ပေးပါ့မယ် xxx မင်း ငိုင်နေရင် xxx မင်းနားအားပေးမယ် xxx မင်းပြုံးနေရင် xxx အရာရာ အားလုံး အေးချမ်းမယ် xxx"



## ကျွန်တော့်မှာသည်းသည်းလှုပ်ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်

သီချင်းဆိုနေရင်းနဲ့ သူ့ရင်ထဲမှာ လှိုင်းတံပိုးတစ်ခုက ခပ်ပြင်းပြင်းလေး ချဉ်းနင်းဝင်ရောက်လာနေတာကို ခံစားမိနေတယ်။ အဲဒါဟာ ဘာလဲဆိုတာကိုပါ သူက ချက်ချင်းရိပ်စားမိလိုက်တော့ သူ့နှလုံးသားတစ်ခုလုံး ကွဲကြေသွားရတယ်။

"ကြင်နာခြင်းများနဲ့ တည်ဆောက်တဲ့အချစ်များဟာ xxx ရင်မှာ xxx သိမ်းထားမင်းအတွက်ပါ xxx ကြင်နာခြင်းများနဲ့ အားပေးစောင့်ရှောက်ကာ xxx အချိန်တိုင်း xxx မင်းအတွက်ရှိနေမှာ xxx"

သီချင်းပြီးသွားတော့ သူမက လက်ခုပ်တီးတယ်။ ပြီးတော့မှ ပြောလာတာက. . .

"ဘယ်ဆိုးလို့လဲ၊ စာရေးဆရာက ဒီသီချင်းတစ်ပုဒ်ကိုတော့ ကောင်းကောင်းရသားပဲ"

တဲ့။

ခက်ပြီကောင်မလေးရယ်။ ဒီပုံအတိုင်းဆို ငါတော့ မင်းအရင် သေရတော့မယ် ထင်ပါတယ်။


www.burmeseclassic.com





"ငါ. . . သူ့ကို ချစ်မိသွားတယ်ကွာ၊ ငါဘယ်လိုလုပ်ရမလဲ၊ ငါဖွင့်ပြောသင့်လား၊ ပြဿနာတော့ အကြီးအကျယ်တက်ပြီ၊ ငါသူ့ကို ချစ်မသွားသင့်ဘူးကွာ"

သူ့စကားအဆုံး နေသွေးက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း တွေးတွေးဆဆနဲ့. . .

"မင်း. . . သူ့ကို သနားသွားတာရော မဟုတ်ဘူးလား၊ မင်းစိတ်ကိုမင်း သေချာအောင်ပြန်မေးကြည့်ပါဦး"

"မဟုတ်ဘူးကွာ၊ မဟုတ်ဘူး၊ ငါသူ့ကို သနားတာမဟုတ်ဘူး၊ ဆုံးရှုံးသွားမှာကို အသေအလဲကြောက်နေမိတာ၊ ငါ့အနားမှာ သူမရှိတော့မှာကို ရှူးမတတ်ခံစားမိနေတာ၊ ငါတော့ ကိုယ့်သေတွင်းကိုယ်တူးမိပြီထင်ပါတယ်"



www.burmeseclassic.com

# ရာဇဝင်ကို

"ဒါဆိုရင်တော့ မင်းကွဲလိမ့်မယ်သားကြီး၊ ဒီတော့ မင်းနှလုံးသားကိုမင်း ရအောင်သာထိန်းတော့၊ သူက သိပ်မကြာတော့တဲ့ အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ အရာအားလုံးကို ကျော်ခိုင်းသွားတော့မှာ၊ ခံစားပြီး ကျန်နေခဲ့ရမှာက မင်းပဲ၊ မင်းရင်ဘတ်ထဲကနေ သူ့ကို မရရအောင်သာ ထုတ်ပေတော့၊ ဒါမှ အဲဒီတစ်နေ့ရောက်လာရင် မင်း ခံသာမှာ"

သူ ခေါင်းငိုက်စိုက်ချလိုက်မိတယ်။ ဘာ့ကြောင့်လဲ။ ဘာ့ကြောင့် သူ့အချစ်က လာခြင်းကောင်းတဲ့အချစ် မဟုတ်ရတာလဲ။ မဖြစ်သင့်ဘူးကွာ။ မဖြစ်သင့်ဘူး။ လုံးဝကို မဖြစ်သင့်ဘူး။

"အား. . ."

သူက ရင်ထဲမှာမွန်းကျပ်နေတာတွေ ပြေလျော့လိုလျော့ငြား အကျယ်ကြီး အော်ပစ်လိုက်မိတယ်။



## ဒဿနလက်ဆောင် (၇၂)

တစ်ခါတစ်ရံမှာ
သင်ဘယ်နှစ်ခေါက်
လဲနိုင်သလဲဆိုတာက
အရေးမကြီးဘူး။
သင်လဲရင်. . .
ဘယ်နှစ်ခေါက်
ပြန်ထနိုင်မလဲဆိုတာကသာ
အရေးကြီးတယ်။

☆☆☆☆☆



www.burmeseclassic.com

"စာရေးဆရာရဲ့ ငယ်ဘဝအိပ်မက်က ဘာလဲဟင်၊ စာရေးဆရာပဲလား"

"မဟုတ်ပါဘူးကွာ၊ ငယ်ငယ်တုန်းက စာရေးဆရာဆိုတာ ဘာမှန်းတောင် မသိဘူး၊ ကိုယ်ငယ်ငယ်က ကျောင်းဆရာဖြစ်ချင်တာ၊ ပြီးတော့ မြို့ပေါ်ကျောင်းတွေမှာ မဟုတ်ဘဲ တောင်ပေါ်ဒေသက ကျောင်းတွေမှာ တာဝန်ထမ်းဆောင်ချင်တာ၊ အေးအေးချမ်းချမ်း. . . ကိုယ့်တပည့်ကလေးတွေ



www.burmeseclassic.com

နဲ့ ပျော်စရာကြီး၊ အဲလိုမျိုး၊ ဒါပေမယ့် ကံမပါခဲ့ပါဘူး၊ ဆရာတော့ဆရာပဲ၊ စာရေးဆရာဖြစ်လာတယ်”

သူ့စကားအဆုံး သူမက ရယ်ကယ်။ ပြီးတော့ ပြာလဲ့လဲ့ ကောင်းကင်ကြီးကို မော့ကြည့်ကာ ဆိုတယ်။

“ဘေဘီကတော့ ဒီဘဝမှာ အိပ်မက်မရှိခဲ့ဘူး၊ ဒါပေမယ့် နောက်ဘဝအတွက်တော့ အိပ်မက်ကြိုမက်ထားတယ်သိလား”

သူမစကားက သူ့ရင်ဘတ်ကို စူးခနဲ နာကျင်အောင့်မျက်သွားစေတယ်။ ဒါပေမယ့် သူမရှေ့မှာ သူအပြုံးမပျက်ရ။ ပြီးတော့ သူမသည်လည်း သူ့ရှေ့မှာ အပြုံးမပျက်ရ။

“ဟုတ်လား. . . ဘာအိပ်မက်လဲ၊ ပြောပါဦး”

“ဖီးနစ်ငှက်ဖြစ်ချင်တဲ့ အိပ်မက်လေ”

“ဖီးနစ်ငှက်!”

“အင်း. . . ဟုတ်တယ်၊ ဘေဘီက နောက်ဘဝကျရင် ဖီးနစ်ငှက်ဖြစ်ချင်တယ်၊ တစ်ခါတည်းသေရပြီး ပြန်လည်နိုးထမလာနိုင်တော့တဲ့ ဘဝမျိုးကိုမရောက်ချင်ဘူး၊ ဖီးနစ်ငှက်လို





မျိုး သေပြီးသွားရင် အကြိမ်ကြိမ်ပြန်လည်ရှင်သန်လာနိုင်တဲ့ ဘဝမျိုးကို လိုချင်တာ၊ ဒါမှ အပြောကျယ်လှတဲ့ ကောင်းကင်ကြီးထဲမှာ စိတ်ကြိုက်ပျော်ပျော်ပါးပါးပျံသန်းလို့ရမှာလေ၊ ဘာရောဂါမှလည်း ဖြစ်မှာမကြောက်ရတော့ဘူး၊ မတော်တဆရောဂါရပြီး သေသွားမယ်ဆိုရင်တောင် အချိန်တန်ရင် ပြန်ရှင်လာမှာပဲ. . .”

အဲဒီအခိုက် သူမရဲ့နှာခေါင်းထဲကနေ စီးကျလာတဲ့ သွေးများ။ သူ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရတယ်။

“ဟင်! သွေးတွေ. . . သွေးတွေ ဘေဘီ”

သူ့စကားအဆုံး သူမက အဆင်သင့်ဆောင်ထားတဲ့ တစ်ရှူးတစ်စနဲ့ သွေးစတွေကို တို့သုတ်ပစ်လိုက်ရင်း. . .

“လန့်လိုက်တာ စာရေးဆရာရယ်၊ အလန့်တကြားနဲ့၊ မထူးဆန်းပါဘူး၊ ဒါတွေက ရိုးနေပါပြီ”

သူ့နှလုံးသားဆီက အက်ကွဲသံတစ်ချက်ထွက်လာတယ်။ အဲဒီအခိုက် သူ့နားထဲမှာ ကြားယောင်လာတာက နေသွေးရဲ့စကားသံတချို့။



www.burmeseclassic.com

"မင်းရင်ဘတ်ထဲကနေ သူ့ကို မရ,ရအောင်သာ ထုတ်ပေတော့၊ ဒါမှ အဲဒီတစ်နေ့ရောက်လာရင် မင်းခံသာမှာ"

မရတော့ဘူး။ မရတော့ဘူး နေသွေးရာ။ ငါ့နှလုံးသားကို ငါ မနိုင်တော့ဘူး။ ငါနာကျင်လှပြီ။ ငါ မခံရပ်နိုင်အောင် နာကျင်လှပြီ။ ငါပြောမှဖြစ်မယ်။ ငါ့နှလုံးသားကို ထွက်ပေါက်ပေးမှဖြစ်မယ်။ ဆုံဆည်းခွင့်မရတော့ရော ဘာဖြစ်လဲကွာ။ ငါချစ်တာကိုတော့ သူ သိသွားစေချင်တယ်။ ငါ့နှလုံးသားပါးစပ်ရဲ့ တောင့်တသံကို သူ့ကို ကြားသွားစေချင်တယ်။ အခုမပြောဖြစ်လိုက်ရင် နောင်တစ်ချိန် ပြောခွင့်မရှိတော့တဲ့အချိန်ကျမှ ငါနောင်တရနေလိမ့်မယ်။

ငါ့ကိုခွင့်လွှတ်ပါ နေသွေးရာ။ ငါ့ကို နားလည်ပေးပါတော့။ အတွေးနဲ့အတူ သူမကို ပခုံးနှစ်ဖက်ကနေ ကိုယ့်ဘက် အသာအယာ ဆွဲယူလှည့်လိုက်ရင်း. . .

"ကိုယ်. . . ဘေဘီ့ကို ပြောစရာရှိတယ်"

ဆိုတော့ သူမက ခေါင်းရမ်းတယ်။

"ဟင့်အင်း. . . ဘေဘီ အရင်ပြောမယ်၊ ဘေဘီ့ကို အရင်ပြောခွင့်ပေး၊ ဘေဘီ ရှစ်ခုမြောက်အရာကို တောင်းဆိုတော့မယ်"





သူမပုံစံက သွေးရှူးသွေးတန်း။ သူနဲ့သူမ အကြည့်ချင်း ဆုံသွားကြတယ်။

"ကိုယ်အရင်ပြောလို့ မရဘူးလား"

"ဟင့်အင်း. . . ဘေဘီအရင်ပြောမယ်"

". . ."

"စာရေးဆရာ. . . ဘေဘီ့ကို ကတိတစ်ခုပေးရမယ်"

"ပြောလေ၊ ဘာကတိလဲ"

"ဘေဘီ့ကို တစ်သက်လုံး ချစ်ခွင့်မပန်ပါဘူးဆိုတဲ့ ကတိ"

နှလုံးသားဆီက နောက်ထပ်အက်ကွဲသံတစ်ခု ထပ်ထွက်လာတယ်။ ဒါတော့ ကိုယ်မလိုက်နာပါရစေနဲ့ ဘေဘီရယ်။

"ကိုယ်. . ."

"ဟင့်အင်း. . . စာရေးဆရာမှာ ငြင်းခွင့်မရှိဘူးနော်၊ စာရေးဆရာ ဘေဘီတောင်းတဲ့ကတိကို လိုက်ကိုလိုက်နာရမယ်၊ ဒီကတိက ဥပဒေနဲ့လည်း လွတ်ကင်းတယ်၊ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုလည်း မဟုတ်ဘူး၊ အဲဒီတော့ ဘေဘီတို့ ပြောထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့လည်း ညီတယ်၊ ဒီ့အတွက် စာရေးဆရာ့မှာ ဘေဘီခိုင်းတဲ့ ဒီကိစ္စကို ငြင်းပိုင်ခွင့်မရှိဘူး"



www.burmeseclassic.com

ပြောပြီး သူမက အနားကနေ အိမ်ထဲဘက်ဆီသို့ ထထွက်
သွားတယ်။ သူတစ်ယောက်သာ ကြေကွဲခြင်းအပိုင်းအစတွေနဲ့ နေ
ရာမှာ ကျန်နေရစ်တယ်။



ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လာတယ်။ အသည်းမှာလည်း အက်ကြောင်းပေါင်း မရေတွက်နိုင်လောက်အောင် ထနေပါပေါ့ ကောင်မလေးရယ်။

ကတိဆိုတာ တစ်ဖက်လူကမပေးလည်း အဲဒီလို ဖွတ်တောင်းယူလို့ ရတာမျိုးလား။ မင်းတောင်းတဲ့ကတိက ဥပဒေနဲ့မလွတ်ကင်းတဲ့ ကတိမဟုတ်ဘူးဆိုတာကိုတော့ ငါလက်ခံပါတယ်။ ဒါပေမယ့် မဖြစ်နိုင်တဲ့ကိစ္စ မဟုတ်ဘူးဆိုတာကိုတော့ ငါလက်မခံဘူး။

ကြိုက်တဲ့လူကို မေးကြည့်လိုက်ပါကွာ။ အချစ်ဆိုတာ တားဆီးလို့ရကောင်းတဲ့အရာ ဟုတ်ရဲ့လားလို့။



www.burmeseclassic.com

## ရာဇဝင်ကို

မင်းငါ့ကို အနိုင်ကျင့်လွန်းတယ် ကောင်မလေးရယ်။ မင်းငါ့ကို အနိုင်ကျင့်ခဲ့တာများစွာထဲမှာ ဒီတစ်ခါအနိုင်ကျင့်တာကတော့ အဆိုးဆုံးပဲ။ ခံနိုင်ရည်အားတွေလည်း တစ်နေ့တခြားဆုတ်ယုတ်လာခဲ့ပြီ ဘေဘီ။ ဒီတစ်ခါကိစ္စကိုတော့ ငါလိုက်နာနိုင်မယ်မထင်ဘူး။

ငါမင်းကို ချစ်တယ်ဘေဘီ။ ငါမင်းကို ချစ်တဲ့အကြောင်း မင်းကို ပြောခွင့်မရှိပေမယ့် တခြားသူတွေကို ပြောခွင့်ရှိတယ်ဘေဘီ။ ကောင်းကင်ကြီးကိုလည်း ပြောခွင့်ရှိတယ်။ သစ်ပင်တွေကိုလည်း ပြောခွင့်ရှိတယ်။ ငှက်တွေကိုလည်း ပြောခွင့်ရှိတယ်။ မင်းကလွဲရင် ကမ္ဘာကြီးတစ်ခုလုံးမှာရှိတဲ့ သက်ရှိသက်မဲ့အရာအားလုံးကို ပြောခွင့်ရှိတယ်။

အဲဒီအတွက် ငါပြောတယ်။

ငါမင်းကို ချစ်တယ်ဘေဘီ။ ရူးလောက်အောင်ချစ်တယ်။ အထိအရှမခံလောက်အောင် ချစ်တယ်။ သည်းသည်းလှုပ်အောင် ချစ်တယ် ဘေဘီ။



တစ်နေ့တခြား သွေးဆုတ်ဖျော့တော့ကာ အားအင်ကုန်ခန်းလာတဲ့ သူမက သူ့ကိုဒဏ်ရာပေးဖို့ ရစ်ဖို့ဆိုရင်တော့ အားအင်တွေ အတော့်ကိုပဲ ကောင်းနေတတ်သလား မပြောတတ်ပါ။

ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ သက်သောင့်သက်သာမှိုကာ ထိုင်နေတဲ့သူမက ဘေးနားမှာရှိနေတဲ့သူ့ကို ဆိုလာပြန်တယ်။

"ဒီနေ့ ကိုးခုမြောက်အရာကို ဘေဘီတောင်းမယ်၊ အဲဒါက ဘာလဲဆိုတော့ နောက်ထပ်ကတိတစ်ခုပဲ"

ပြောလိုက်စမ်းပါဘေဘီ။ နောက်ထပ် ဘယ်လိုကတိတွေများ ထပ်တောင်းဦးမှာလဲ။ နောက်ထပ်ကွဲစရာ ရင်ဘတ်လည်း မရှိတော့ပါဘူးကွာ။ မင်း ဘယ်လောက် ရက်စက်ရက်စက် ကိုယ့်မှာ ကွဲစရာ ရင်ဘတ်တစ်ခုပဲ ပါတာပါ။



www.burmeseclassic.com

# ရာဇဝင်ကို

"ဘာကတိလဲဆိုတော့ ဘေဘီသေရင် စာရေးဆရာ မ
ပါဘူးဆိုတဲ့ ကတိ"

မင်း မမြင်လို့ပါဘေဘီ။ ငါငိုနေတာ မင်းမမြင်လို့ပါ။ ဒါ့
မဟုတ် မင်း မမြင်ချင်ယောင်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မှာ
ပေါ့။

"စာရေးဆရာ့မှာ ငြင်းခွင့်မရှိဘူးနော်၊ ဘာလို့လဲဆိုတော့
ဒီကိစ္စကလည်း ဥပဒေနဲ့လွတ်ကင်းသလို မဖြစ်နိုင်တဲ့ ကိစ္စ
လည်း မဟုတ်လို့ပဲ"



မင်းသေရင် မငိုရဘူး။ ဟုတ်သလား ဘေဘီ။ ဖြစ်ပါတယ်
ကွာ။ အဲဒီကတိကိုလည်း ငါတည်ပေးလို့ရပါတယ်။ မင်းမရှိတော့
တဲ့အခါ ငါမငိုဘူးဘေဘီ။ ဒါပေမယ့် မင်းရှိနေတုန်းမှာတော့ ငါငို
မယ်။ ငါနေ့တိုင်းငိုမယ်။ မင်းရှိနေတုန်းအချိန်မှာ ငါ့မျက်ရည်တွေ
အားလုံး ကုန်ချင်ကုန်သွားစမ်းပါစေ။ ငါ ဝအောင်ငိုထားမယ်။
နောက်ထပ် မငိုချင်လောက်အောင်ငိုထားမယ်။

ဒါပေမယ့် မင်းမရှိတော့တဲ့အခါ မငိုနဲ့လို့ ငါ့မျက်လုံးတွေ
နဲ့ အပြင်ပန်းရုပ်ကိုပဲ မင်းတားလို့ရမယ်ဘေဘီ။ ငါ့နှလုံးသားကို
တော့ မင်းတားလို့မရဘူး။ အပြင်ကသာ မင်းတောင်းဆိုတဲ့ ကတိကို
တည်ပေးနိုင်မယ်။ ငါ့နှလုံးသားကတော့ တည်မှာမဟုတ်ဘူးဘေဘီ။



www.burmeseclassic.com

ဘာလို့လည်းဆိုတော့ ငါနှလုံးသားနဲ့မင်းကြားမှာ ဘယ်လိုကင ကဝတ်မျိုးမှ ရှိမထားလို့ပဲဘောဘီ။ အဲဒါကြောင့် သူကတော့ အ လည်းငိုနေတယ်။ မင်းမရှိတော့တဲ့ အခါကျရင်လည်း ငိုနေလိမ့်မ ဘောဘီ။ သေချာတယ်။ မှန်းဆလို့မရတဲ့ အချိန်ကာလတစ်ခုအ သူငိုလိမ့်မယ်။

သူ. . .

ပန်းတွေကြွေအောင်ငိုလိမ့်မယ်။ ကမ္ဘာမြေကြီးတုန်ပ သွားလောက်အောင် ငိုလိမ့်မယ်။ မြစ်တွေလျှံအောင် သူငိုနေလိ မယ်။

တစ်တောလုံး ပြုန်းအောင် သူငိုလိမ့်မယ်ဘောဘီ။



ခုတင်ပေါ်မှာ ခပ်ယဲ့ယဲ့သာကျန်တော့တဲ့ ဝင်သက်ထွက် သက်တွေနဲ့ သူမက လဲလျောင်းနေခဲ့တယ်။ ကိုငွေတိုးကတော့ သူမ ဘေးနားမှာ ငူငူကြီး။ ကိုယ်ကရော. . . ကိုယ့်ရုပ်သည်လည်းပဲ အပူ ရုပ်ဖြစ်နေမှာ အသေအချာပါပဲ။ ဆရာဝန်ကြီးကလည်း မျက်နှာမ သာမယာနဲ့ အပြင်ကို ထွက်သွားတယ်။ မဟုတ်သေးပါဘူး။ ဆရာ ဝန်ကြီးခေါင်းရမ်းပြထားတာ ကြာနေပါပြီလေ။

ခဏနေတော့ ကိုငွေတိုးက ညီမဖြစ်သူကို မကြည့်ရက်နိုင် တော့ဟန်နဲ့ အပြင်ဘက်ဆီကို ထွက်သွားတယ်။ ဒီအချိန်မှာပဲ သူမ က သူ့ကို စကားဆိုလာတယ်။

"ဘေ. . . ဘောဘီ. . . ဆယ်ခုမြောက်. . . အရာ. . .

တောင်းတော့မယ်"



www.burmeseclassic.com

သူမအသံက အရင်လို ကြည်လင်ခြင်းမရှိတော့။ အက်ကွဲဖျော့တော့ကာ တိုးဖျလွန်းလို့ မနည်းကို အားခိုက်နားထောင်နေရပြီ။ သူမအတွက်လည်း စကားတစ်ခွန်းနဲ့တစ်ခွန်း ထွက်လာဖို့ကို မနည်းကြီး အားအင်စိုက်ထုတ်နေရပါပြီ။

"ပြောလေဘေဘီ. . . ပြော၊ ဘေဘီဘာခိုင်းခိုင်း၊ ဘာပဲတောင်းဆိုတောင်းဆို ကိုယ်လိုက်လျှောပေးမယ်၊ ကိုယ့်အသက်နဲ့ ဘေဘီ့အသက်ကို လဲပေးပါဆိုရင်တောင် ကိုယ်လဲပေးလိုက်ချင်ပါတယ်ဘေဘီရယ်"

သူမက ပြုံးတယ်။ ဒါပေမယ့် ပါးလျလွန်းလိုက်တာကွယ်။ မင့်အပြုံးတွေက ပါးလျလွန်းလိုက်တာ။

"ဘေဘီက. . . မဖြစ်. . . နိုင်တာ. . . မတောင်း. . . ဘူး၊ ဖြစ်နိုင်တာ. . . ပဲ. . . တောင်းမှာပါ"

"ပြော. . . ဘေဘီ၊ ပြော၊ ကိုယ်ဘာလုပ်ပေးရမလဲ"

"စာရေးဆရာ. . . နဲ့. . . ပတ်သက်မိတာကို. . . ဘေဘီနောင်တ. . . ရတယ်၊ ဝေဒနာတွေ. . . ပေးသလို. . . ဖြစ်နေပြီ၊ အာ့ကြောင့်(အဲဒါကြောင့်). . . ပြန်လိုက်တော့နော်. . . ဘေဘီ့ဆီကိုလည်း. . . မလာ. . . နဲ့တော့. . . ဘေဘီ. . . စာရေးဆရာ့ရှေ့မှာ. . . ပျောက်ကွယ်မသွား





ချင်ဘူး. . . ဘေဘီမသေမချင်း. . . ဘေဘီ့ဆီကို မလာနဲ့တော့. . . နော်. . . "

သူမအသံက ဖျော့တော့နေပေမယ့် စကားလုံးရွေးချယ်မှုတို့ကတော့ အရင်လို ထိရှပြတ်သားနေဆဲပါပဲ။ ရပါတယ်ဘေဘီ။ ကိုယ်က မင်းကြိုးဆွဲရာကမယ့် ရုပ်သေးရုပ်တစ်ရုပ်ပါကွာ။

"ကောင်းပါပြီ ဘေဘီရယ်၊ ကိုယ်ပြန်ပါ့မယ်၊ ဘေဘီကျေနပ်အောင် ကိုယ်ပြန်ပါ့မယ်. . . ဘေဘီရယ်. . . "

သူ့အသံမှာ ငိုသံတွေပါဝင်နေသလား။ ဟင့်အင်း. . . မဟုတ်ပါဘူး။ သူမငိုပါဘူး။ သူမကို မငိုဘူးလို့ ကတိပေးထားတယ်လေ။

သူက သူမကို ကျောခိုင်းမယ်ပြင်လိုက်တော့. . .

"ဆရာ. . . "

"ဘေဘီ့ကို. . . နောက်ဆုံး. . . အနေနဲ့. . . ဘာမှ. . . မဖြစ်သလို. . . တစ်ချက်. . . ပြုံး. . . ပြပါလား"

သူမစကားအဆုံး အားတင်းကာ သူပြုံးပြလိုက်တယ်။ အဲဒီအပြုံးမှာ နာကျင်မှုတွေမပါစေရ။ ကြေကွဲမှုတွေမပါစေရ။ သူမအတွက် သူပေးလိုက်တဲ့ နောက်ဆုံးအပြုံးဟာ အလတ်ဆတ်ဆုံးအပြုံးတစ်ခုပဲ ဖြစ်ရပါမယ်။ ဟုတ်တယ်။ သူပြုံးလိုက်တာ အလတ်ဆတ်ဆုံး အပြုံးတစ်ခုပါ။



www.burmeseclassic.com

နောက်တော့ သူမရှေ့ကနေ ချာခနဲ သူလှည့်ထွက်လာခဲ့လိုက်တယ်။ နောက် သူမရဲ့ကွယ်ရာ အခန်းအပြင်ရောက်တာနဲ့ သူ မနားတမ်းပြေးထွက်လာခဲ့လိုက်တယ်။ ဦးတည်ရာမဲ့ မနားတမ်းပြေးမိတယ်။ မောဟိုက်လာတဲ့အထိ ပြေးတယ်။ ခြေကုန်လက်ပမ်းကျတဲ့အထိပြေးတယ်။

နောက်တော့ နီးစပ်ရာ မြက်ခင်းပြင်တစ်ခုပေါ်မှာ ပက်လက်လှန် ပစ်လှဲချလိုက်မိတယ်။ ပါးကိုစမ်းမိတော့ ပူနွေးတဲ့ခံစားမှု။ ဟင့်အင်း . . . မဟုတ်ဘူး။ ကိုယ်မငိုဘူး။ ကိုယ်မငိုပါဘူး။ ဒါ မျက်ရည်မဟုတ်ဘူး။ ဒါ မျက်ရည်မဖြစ်နိုင်ပါဘူး။ ဒါ ချွေးတွေပဲဖြစ်မှာပါ။ ပြေးလို့ထွက်လာတဲ့ ချွေးတွေပါ ဘောဘီရယ်။

:•❧•❦•❦•



သူမလဲလျောင်းနေတဲ့ အုတ်ဂူဖြူဖြူလေးပေါ်မှာ အဖြူရောင်နှင်းဆီပန်းလေးတစ်စည်းကို တင်ပေးလိုက်တယ်။ ငြိမ်းချမ်းစွာ အနားယူနေပြီပေါ့ ကောင်မလေးရယ်။

ကိုယ် ကတိတည်ပါတယ်နော်။ ကိုယ် မင်းကိုပေးခဲ့တဲ့ ကတိအတိုင်း မင်းရဲ့နောက်ဆုံးထွက်သက်အထိ ကိုယ် မင်းကွယ်ရာမှာ နေပေးခဲ့ပါတယ်။

ဒါပေမယ့် အခုလို လာတွေ့တာကိုတော့ မင်းအပြစ်မတင်လောက်ပါဘူးနော်။ ကတိဖောက်ဖျက်ရာလည်း မကျဘူးမဟုတ်လား။



www.burmeseclassic.com

# ရာခင်ကို

အခုဆို မင်းသိပ်ဖြစ်ချင်တဲ့ ဖီးနစ်ငှက်ဖြစ်နေလောက်ပြီ ပေါ့။ အဆုံးအစမရှိတဲ့ ကောင်းကင်ပြင်ကြီးထဲမှာ မင်းလွတ်လပ် ပျော်ရွှင်စွာ ပျံသန်းနေပြီလား။ ပျော်ပါစေချစ်သူရယ်။ ဘယ်နှခါလဲ လဲ၊ အကြိမ်ကြိမ် ပြန်လည်ရှန်းထနိုင်ပါစေ။ ဘယ်နှခါသေသေ အကြိမ်ကြိမ်ပြန်လည် နိုးထရှင်သန်နိုင်ပါစေ။

ဒီဘဝမှာ မနေလိုက်ရပေမယ့် နောင်ဘဝဆက်တိုင်းမှာ မင်းလိုချင်တဲ့ "အိုတဲ့အထိ နေရတဲ့ဘဝ" ကို ပိုင်ဆိုင်နိုင်ပါစေလို့ ကိုယ်ဆုတောင်းပေးပါတယ်။

## တစ်နှစ်ခန့်အကြာ...





www.burmeseclassic.com

စိမ်းလန်းစိုပြည်ထဲက zephyr မှာ အေးအေးလူလူစာဖတ် နေတုန်းမှာပဲ အနားကို The moon မင်္ဂလာဇင်းက အယ်ဒီတာအစ်မတွေ ရောက်လာတယ်။

"ဟော. . . စာရေးဆရာ၊ တွေ့ပြန်ပြီ၊ တွေ့ပြန်ပြီ"

"ဟော. . . အစ်မတို့၊ ဓာတ်ပုံလာရိုက်တာလား၊ ဟုတ် လား"

"ဟုတ်ပါ့ရှင်. . . ဟုတ်ပါ့။ တို့စာရေးဆရာလေးကတော့ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် တစ်ယောက်တည်းပဲ နော်၊ အခုထိမရှိသေးဘူးလား၊ ဒါမှမဟုတ် မရှာသေးတာ လား၊ ပြောပြော၊ မလိမ်နဲ့"

"အဟား. . . မလိမ်ပါဘူးဗျာ၊ ရှိပါတယ်၊ ကျွန်တော့်မှာ ချစ်သူရှိပါတယ်"

သူ့စကားအဆုံး အကုန်လုံးက လှုပ်လှုပ်ရွရွဖြစ်သွားကြ တယ်။


www.burmeseclassic.com

“ဟယ်. . . တကယ်”

“ရနေပြီပေါ့”

“လက်ဖွဲ့ပြင်ထားရတော့မှာလား”

“ဒီတစ်ခါတော့ ရှိတယ်ဆိုတာ ဝန်ခံသွားပြီပေါ့၊ ဟုတ်လား”

“ဝန်ခံပါပြီဗျာ၊ ကျွန်တော့်မှာ ချစ်သူရှိပါတယ်၊ ကျွန်တော်က သူ့ကိုချစ်တာမှ သည်းသည်းလှုပ်အောင်ကိုချစ်ရတာပါ”

“ဝါး. . . မိုက်တယ်ဟေ့၊ မိုက်တယ်၊ သည်းသည်းလှုပ်အောင်တောင် ချစ်တာတဲ့တော်၊ အပျိုကြီးတွေတောင် ရင်ခုန်သွားတယ်”

“ဟုတ်ပ၊ ဟုတ်ပ”

“ဒါနဲ့ သူက အခုဘယ်မှာတုန်း၊ နှစ်ယောက်အတူ မလာဘဲနဲ့ ဘာလို့ တစ်ယောက်တည်းပဲ အမြဲတမ်းတွေ့နေရတာလဲ”

“သူလား. . . ပါပါတယ်ဗျာ၊ တစ်ယောက်တည်းမဟုတ်ပါဘူး၊ ဘယ်သွားသွား သူနဲ့အတူသွားတာပါ၊ အစ်မတို့မမြင်လို့ပါ”





“ဟင်. . . ဟုတ်လား၊ ဘယ်မှာတုန်း သူက အခု”

အယ်ဒီတာအစ်မတွေရဲ့ အမေးစကားအဆုံး သူက သူ့ရင်ဘတ်ရဲ့ ဝဲဘက်တစ်နေရာကို လက်ညှိုးနဲ့ထောက်ပြလိုက်ရင်းက. . .

“ဒီထဲမှာလေဗျာ”

ဆိုတော့ အားလုံးက ခဏတော့ ကြောင်သွားကြတယ်။ နောက်တော့မှ သဘောပေါက်သွားကြကာ ပွဲကျသွားရတော့တယ်။

ဟုတ်တယ်လေ။ ကာယကံရှင်ဖြစ်တဲ့ သူမ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ။ သူမချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ။ ဘယ်သူသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ။ ပေါင်းဖက်ခွင့် ရသည်ဖြစ်စေ၊ မရတော့သည်ဖြစ်စေ။ ရူးသွပ်မှုတစ်ခု ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ။ ဒါကိုယ့်ချစ်သူပါလို့ လက်ဆုပ်လက်ကိုင် ပြလို့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ။ ဘဝခြင်းတူသည်ဖြစ်စေ၊ မတူတော့သည်ဖြစ်စေ။ ကတိစကားတွေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ။ တားမြစ်ချက်တွေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ။ ပျော်ရွှင်ကြည်နူးမှုတွေ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ။ အချစ်ဆိုဂါမျိုးက ချစ်နေရရုံနဲ့လည်း အချစ်မည်တာပဲ မဟုတ်ပါလား။



www.burmeseclassic.com

# ရာဇဝင်ကို

တချို့အချစ်တွေဟာ တိတ်တိတ်ကလေး သတိရနေရုံနဲ့လည်း ပြည့်စုံနေတတ်တာပဲလေ။

အဲဒီအတွက် သူကတော့ သူမကို ချစ်ခဲ့ဖူးတယ်။ ချစ်နေသေးတယ်။ နောင်လည်း. . .။

ဘဝအမောများ ပြေပျောက်နိုင်ကြပါစေ. . .

ကြိုးစားလျက်. . .

ရာဇဝင်ကို
11 : 55 (pm)
14-2-2014
Friday

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ရေးသားပေးပို့လိုပါက yarzawinko@gmail.com သို့ ရေးသားပေးပို့ နိုင်ပါသည်။



## Bonus Poem ကိုယ်ပိုင်ကဗျာ

မတော်တဆ ခလုတ်တိုက်တွေ ရှိခဲ့တာမဟုတ်ဘူး
ကြည့်လေရာမှာ နင့်အပြုံးတွေပဲ ဖြင်နေခဲ့မိတာ
နင်ပြန်မကြည့်ချင်နေပါ...
ငါ့မျက်လုံးတွေကိုတော့...
နင်မသာဟာမတားဆီးပါနဲ့။

အလေ့ကျပေါက်ခဲ့တာမဟုတ်ဘူး
တယုတယပြုစုခဲ့တဲ့ အချစ်သစ်ပင်
ဒါဟာ တစ်ဖက်သတ်ဆိုရင်တောင်
ချစ်နေခွင့်ကို နင့်မှာ တားခွင့်မရှိဘူး။

မပြုစားခဲ့ပါဘူး...
ငါ့အချစ်ကို ရိုးရိုးလေးပဲ ချပြခဲ့တာပါ
နင့်ဘက်က မတုန့်ပြန်လည်း ရှိစေတော့
ငါ့ရင်ခုန်သံကိုတော့ နင့်မှာ တားခွင့်မရှိဘူး။

အိပ်မက်တော့မဟုတ်ခဲ့ပါဘူး...
တခမ်းတနားနဲ့ ငါ့မှတ်နိုးခြင်းတွေ
နင်က ချနင်းခဲ့ပေမယ့်...
ငါကတော့ ကိုးကွယ်နေဦးမှာပဲ။

ဆက်လမ်းတစ်ခုရဲ့ အဆုံးမှာ
နင့်ဘက်က သတိမရချင်နေပါ
အရာအားလုံးကို ဆုံးရှုံးလိုက်ရရင်တောင်
သတိရနေခွင့်ကိုတော့ ငါပိုင်တယ်။




www.burmeseclassic.com





## လူငယ်စာရေးဆရာ ရာဇဝင်ကိုး၏
## ရေးသားထုတ်ဝေပြီး လုံးချင်းဝတ္ထုများ

၁။ ဖခင်ဥယျာဉ်ထဲက ပြဇာတ် (ဗီဒီယို)
၂။ ဗန်ဂိုးရဲ့နေကြာခင်းထဲမှာ
ပျောက်ဆုံးသွားသောခန္ဓာကိုယ်တစ်ခြမ်း (ဗီဒီယို)
၃။ ရည်းစားတစ်ခုလပ်များ
၄။ ငါ့အသည်းပေါ်မှာခြေစုံရပ်ပြီး
ရည်းစားလာဂါထာရွတ်နေတဲ့ ကောင်မလေး (ဗီဒီယို)
၅။ အရှေ့တောင်အာရှရဲ့အချစ်တတ်ဆုံးယောကျ်ား (ဗီဒီယို)
၆။ အနမ်းတွေပူဆာမလို့ (ဗီဒီယို)
၇။ ယခုနှစ်တွင်ရာသီဥတုကောင်းမွန်သောကြောင့်
အချစ်များထွက်နှုန်းတိုး၏ (ဗီဒီယို)
၈။ အချစ်ရှိရာအရပ်သို့မျက်နှာမူ၍စပ်သောကဗျာ (ဗီဒီယို)
၉။ ဂန်းနမ်းစတိုင်လ် (ဗီဒီယို)
၁၀။ နင်ရယ် ငါရယ် လူကြမ်းတွေရယ် (ဗီဒီယို)
၁၁။ ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ (ဗီဒီယို)
၁၂။ လော်လီပေါ့ (ဗီဒီယို)
၁၃။ နှင်းဆီကွန်ရက် (ဗီဒီယို)
၁၄။ အပျိုကြီးအထာ (ဗီဒီယို)


www.burmeseclassic.com

**ယခုလ...**

၁၅။ ကျွန်တော့်မှာ သည်းသည်းလှုပ်ချစ်ရတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်

**ဆက်လက်၍...**

၁၆။ စင်ဒရဲလားရှာပုံတော်




တံခွန်တိုင်စာပေ

လူငယ်စာရေးဆရာ

# ရဇဝင်ကို

**မိတ်ဆက်**



www.burmeseclassic.com

# ရာဇဝင်ကို

ဆုံဆည်းခွင့်
မရှိတော့တဲ့ဘဝမှာ
အမှတ်တရ ဆိုတာ
ငရဲပါပဲ



www.burmeseclassic.com